# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရှက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက် ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၂၉ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၀)၊ အမှတ် (၃၃၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖ တ် စ ရာ**

**ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများအား ပြည်ပမှ စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေးအတွက် ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ**

*ပြည်တွင်းသတင်း* စာ - ၈

**အီရန်နျူကလီးယားအရေး အမေရိကန်သမ္မတနှင့် အစ္စရေးဝန်ကြီးချုပ်တို့ ဆွေးနွေး**

*နိုင်ငံတကာသတင်း* စာ - ၁၃

**ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း အနာဂတ်လာစကမ္မဋ္ဌာ**

*ဆောင်းပါး* စာ - ၂၀

**ကိုဗစ်-၁၉ ကို အတူတကွ တွန်းလှန်ကာကွယ်ကြသူများ**

*ဆောင်းပါး* စာ - ၂၁


# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူသည့် Sinopharm အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ နှစ်သန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ




တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူသည့် Sinopharm အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ တင်ဆောင်လာသည့်လေယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။

နေပြည်တော် ဩဂုတ် ၂၈

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများ သတ်မှတ်၍ ထိုးနှံပေးလျက်ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူသည့် Sinopharm အမှတ်တံဆိပ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေ နှစ်သန်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ညနေပိုင်းတွင် ရောက်ရှိရာ ကာကွယ်ဆေးများကို ရန်ကုန်တိုင်းဒေသကြီး ကုသရေး/ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဦးဆောင်သည့်အဖွဲ့က လက်ခံရယူခဲ့ပြီး ရန်ကုန်မြို့ ဗဟိုကာကွယ်ဆေး သိုလှောင်ရုံ၌ ထားရှိသည်။

ဩဂုတ် ၂၉ ရက်မှစ၍ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ မြေပြင်ခရီးလမ်းကြောင်းမှ လည်းကောင်း၊ တပ်မတော်(လေ)၏ အကူအညီဖြင့် လေကြောင်းခရီးမှလည်းကောင်း အအေးလမ်းကြောင်းမပျက် ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ပြီး ပြည်သူလူထုအား အမြန်ဆုံးထိုးနှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ခံစားရပြီးနောက် ရေရှည်ကျန်းမာရေးပြန်လည်ထူထောင်ရေး

ကိုဗစ်-၁၉ ရောဂါ၏ လှည့်စားတတ်သည့်မာယာကို ကပ်ရောဂါကူးစက်မှု ပထမလှိုင်းကာလကတည်းက သုတေသီတို့ တွေ့ရှိ၍ သတိပေးခဲ့ကြသည်။ ယခင်က မဖြစ်ခဲ့ဖူးသည့် ကပ်ရောဂါအသစ်ဖြစ်ခြင်းကြောင့် ရောဂါ၏ အကြောင်းကို ပြည့်စုံစွာ သိရှိနားလည်နိုင်ရန် လေ့လာရင်းကပင် ရောဂါပိုးက မျိုးဗီဇအသစ်ပြောင်းကာ နောက်ထပ် အချက်အလက်အသစ်များကိုပါ ထပ်မံလေ့လာနေကြရသည်။ ရောဂါအပေါ် လူသားတို့က လေ့လာနေဆဲမှာပင် ကူးစက်ပျံ့နှံ့မှုများကလည်း ကမ္ဘာ့နိုင်ငံအသီးသီးတို့မှာ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာ လေးသိန်းနီးပါးခန့် ရှိလာပြီဖြစ်ပြီး ဆေးရုံမှ ပြန်လည်ဆင်းသွားသူပေါင်း သုံးသိန်းခွဲခန့်ရှိနေပြီဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများမှာ ရောဂါပျောက်ကင်းသွားပြီးနောက်ပိုင်း နောက်ဆက်တွဲဝေဒနာများ ခံစားကြရသည့်အပြင် တစ်နှစ်ကျော်ခန့်အကြာတွင် ရောဂါလက္ခဏာအချို့ ပြန်လည်ပေါ်ထွက်လာကြောင်း လေ့လာတွေ့ရှိခဲ့ရာ ကိုဗစ်-၁၉ ရောဂါသည် နာတာရှည်ရောဂါ အသွင်ဆောင်လာသည့်သဘောပင် ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်နာလန်ထူလာသူများမှာ ရောဂါမဖြစ်မီက ကျန်းမာရေးအခြေအနေကို ပြန်လည်မရရှိတော့ဘဲ မောပန်းနွမ်းနယ်ခြင်း၊ တစ်ကိုယ်လုံးညောင်းညာခြင်း၊ အာရုံစူးစိုက်၍ မရခြင်း၊ မေ့လျော့တတ်ခြင်း၊ ညဘက်တွင် အိပ်မပျော်ခြင်း စသည့်နောက်ဆက်တွဲလက္ခဏာများကို နာလန်ထသူ ၅၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ ခံစားကြရကြောင်း၊ ခံစားရသည့်ကာလမှာ သုံးလခန့်ကြာကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရပြီးနောက် အဖျားကြီးသူများ၊ အောက်ဆီဂျင်ကျခဲ့သူများမှာ အဆုတ်၊ နှလုံးနှင့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ခံရပြီး မောပန်းနွမ်းနယ်ကာ ဦးနှောက်နှင့်အာရုံကြော ထိခိုက်၍ ခေါင်းအုံခေါင်းကိုက်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ မှတ်ဉာဏ် လျော့ကျခြင်းတို့ကို ခံစားကြရသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီး ပြန်လည်ကျန်းမာလာသူများနှင့် ကိုဗစ်- ၁၉ ရောဂါကူးစက်မှု မခံရဘဲ အလားတူရောဂါလက္ခဏာ ခံစားရသူများကို နှိုင်းယှဉ်လေ့လာမှုတွင် ကိုဗစ်-၁၉ ကူးစက်ခံရဖူးသူတို့က ကျန်းမာရေးတွင် ပိုမိုဆိုးရွားကြသည်ကို တွေ့ရသည်ဟုဆိုရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မခံရအောင် နေထိုင်မှုက မည်မျှအရေးပါသည်ကို တွေ့ရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအဖို့ ဖြစ်ဆဲကာလတွင် အသက်အန္တရာယ်အထိ စိုးရိမ်ရသလို ပြန်လည်ကျန်းမာလာပြီးနောက်တွင်လည်း မူလအတိုင်း အကောင်းပကတိမဟုတ်တော့ဘဲ စိတ်ပိုင်းအရရော ရုပ်ပိုင်းအရပါ ရေရှည်ပြန်လည်ပျိုးထောင်မှုပြုကြရမှာဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများတွင် အဆုတ်၊ ကျောက်ကပ်၊ နှလုံး၊ ဦးနှောက်နှင့်ကိုယ်တွင်းအင်္ဂါများ ထိခိုက်မှုရှိသလို ကိုယ်တွင်းအင်္ဂါများ ထိခိုက်မှုမရှိသူများလည်းရှိကြရာ ပြန်လည်နာလန်ထူပြီးနောက် တစ်နှစ်ကျော်ခန့်ကြာပြီးမှ ရောဂါလက္ခဏာ ပြန်ပေါ်သူများတွင် ရောဂါဖြစ်စဉ်က ပြင်းပြင်းထန်ထန် မခံစားရသူများလည်း ပါဝင်သည်ဟု ဆိုသည်။ သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုခံရပြီးနောက် ပြန်လည်ကျန်းမာလာသူများမှာ မိမိတို့၏ ကျန်းမာရေးကို ရေရှည်ပြန်လည်ပြုစုပျိုးထောင်မှု ဂရုပြုဆောင်ရွက်ကြရန် လိုအပ်သည်ဟု အကြံပြုလိုသည်။

ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်နာလန်ထူလာသူများအနေဖြင့် ကျန်းမာရေးထိခိုက်စေသည့် အလေ့အထဟောင်းများဖြစ်သော အရက်၊ ဆေးလိပ်၊ ဆေးရွက်ကြီး၊ ကွမ်းယာတို့ကို ရှောင်ကြဉ်ပြီး အိပ်ရေးဝဝ အိပ်စက်အနားယူရန်၊ အာဟာရပြည့်ဝအောင်စားသောက်ရန်၊ အသက်ရှူလေ့ကျင့်ခန်းလုပ်ရန်(အာနာပါန တရားထိုင်ခြင်းအားဖြင့် အာရုံစူးစိုက်မှုအတွက်ရော အသက်ရှူလေ့ကျင့်မှုအတွက်ပါ အကျိုးကျေးဇူးရရှိနိုင်သည်။)၊ သင့်တင့်လျောက်ပတ်သည့် ကိုယ်လက်လှုပ်ရှားမှုကို နေ့စဉ်ပုံမှန် ပြုလုပ်ရန်(နေ့စဉ် ၁၀ မိနစ်မှ ၁၅ မိနစ်ခန့် မှန်မှန်လမ်းလျှောက်ခြင်းဖြင့် အဆုတ်ကျန်းမာရေးကို အထောက်အကူပြုနိုင်သည်။)၊ အသက်မှန်မှန်ရှူ၍ အကြောလျှော့လေ့ကျင့်ရန် စသည့်အချက်များကို လက်တွေ့ပြုလုပ်ခြင်းအားဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် စိတ်ပိုင်း၊ ရုပ်ပိုင်း ထိခိုက်ခံစားရမှုများမှ သက်သာလျော့ပါးနိုင်မည်ဖြစ်ပါသည်ဟု အကြံပြုအပ်ပါကြောင်း။ ။

# ဝေါမြို့၌ တစ်ရက် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၈၀ ထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်စက် စတင်လည်ပတ်

ဝေါ ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မိဘပြည်သူများနှင့် ပတ်ဝန်းကျင်မြို့များရှိပြည်သူများ အောက်ဆီဂျင် လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ယနေ့ နံနက်ပိုင်းမှ စတင်ပြီး တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အိုးအလုံး ၈၀ အထိ ထုတ်လုပ်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်စက် လည်ပတ်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမော်၊ ဗိုလ်မှူး မျိုးဝင်းအောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး စက်ရုံတာဝန်ရှိသူများအား စက်ရုံရေရှည် တည်တံ့ခိုင်မြဲစေရေးအတွက် မှာကြားသည်။ အောက်ဆီဂျင်စက်ကို မြို့နယ် ဆေးရုံဟောင်းရှေ့၌ တည်ဆောက်ထားပြီး မြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာများနှင့် အောက်ဆီဂျင် လိုအပ်သူများအတွက်လည်းကောင်း၊ အခြားမြို့များမှ လိုအပ်သူများ အလွယ်တကူရရှိစေရန်အတွက် လည်းကောင်း



အောက်ဆီဂျင်စက် လှူဒါန်းပေးခြင်းဖြစ်ကြောင်း၊ ယင်း အောက်ဆီဂျင်စက်ကို ဩဂုတ် ၂၄ ရက်မှ စတင်မြေနေရာ ရှင်းလင်းတည်ဆောက်ကာ ဩဂုတ် ၂၇ ရက်က စမ်းသပ်လည်ပတ်၍ ယနေ့နံနက် ၇ နာရီမှ စတင်လည်ပတ်ပြီး အောက်ဆီဂျင် ထုတ်လုပ်ကာ လိုအပ်သူများအား စတင်ဖြန့်ဖြူးပေးနေပြီဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာများတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ အတွက် အောက်ဆီဂျင်လိုအပ်မှုများ ဖြည့်ဆည်းပေးနိုင်ရန် အောက်ဆီဂျင်စက်ကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက စီမံကြီးကြပ်၍ မြို့မိမြို့ဖများ၊ ဒေသခံစေတနာရှင် ကုသိုလ်ရှင်များ စုပေါင်းမတည် လှူဒါန်းငွေကျပ် သိန်း ၁၂၀၀ ဖြင့် တည်ဆောက်ခြင်း ဖြစ်သည်။

**အောင်မြတ်လင်း (ပြန်/ဆက်)**

# ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိ ကိုဗစ် - ၁၉ စင်တာများသို့ ထောက်ပံ့လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာနသည် မြန်မာနိုင်ငံတစ်ဝန်း လတ်တလော ဖြစ်ပွားနေသည့် ကိုဗစ် - ၁၉ ရောဂါကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြု ပစ္စည်းများနှင့် အာဟာရဖြည့်အစားအစာများ ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ ထောက်ပံ့လှူဒါန်းရာတွင် ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုန်းမြို့ သာသနာ့ဗိမာန်ဓမ္မာရုံ ကိုဗစ်-၁၉ ကုသရေးစင်တာ၌ လူနာများအတွက် လိုအပ်သည့် ဆေးဝါးများ၊ ကိုဗစ်ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ၊ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့် အစားအစာများဖြစ်သည့် ကြက်ဥ၊ ကွေကာအုပ်နှင့် သောက်ရေသန့်များကို ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး ဦးရဲလွင်ဦးက ထောက်ပံ့လှူဒါန်းရာ ဟိုပုံးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းနှင့် မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ မောင်မောင်သိန်းတို့က လက်ခံရယူကြသည်။

ထို့ပြင် ရှမ်းပြည်နယ် ကိုဗစ်- ၁၉ ရောဂါကာကွယ် ထိန်းချုပ် ကုသရေးကော်မတီ၊ တောင်ကြီး မြို့နယ် အား/ကာ သိပ္ပံ (အေးသာယာ) ကိုဗစ် - ၁၉ ကုသရေး စင်တာများကိုလည်း ထောက်ပံ့လှူဒါန်းကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၈

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ဩဂုတ် ၂၈ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ၃၁ ခုမှ Adliv Forte ၂၀၀၀၊ Baricitini B ၅၀၊ Becozinc Capsule ၇၉၂၂၅ ခု၊ Cerazone Plus ၃၅၄၅၀၊ Elpime Injection ၅၀၀၀၊ Enam Tablets ၉၉၀၀၊ Encorate Chrono Tablet ၄၇၂၆ ခု၊ Encorate Chrono Tablet ၁၄၅၄၈ ခု ၊ Enoxa ၂၀၀၀၀၊ Ferofort Caplet ၄၂၀၀၊ Fonda–Day ၅၀၊ Inokana ၃၅၀ ၊ Insulatard ၂၈ ခု၊ Reagents ၂၄ ခု၊ Nasal Oxygen Cannula ၁၀၀၀၀၊ Nebulizer Mask ၂၀၀၊ Non Rebreathing Mask ၅၀၀၀၊ Omez Capsule ၁၄၉၈၄၈ ခု၊ Pabrine X ၁၅၀၀၀၊ Parihep Injection ၁၉၂၀၊ Primaquine ၁၅၅၄ ခု၊ Paracetamol သုံးခု၊ Tapiaz Cpiperacillin Sodium Powder For Injection ၅၀၊ Cetriliv Tablets သုံးခု၊ Blinem Injection ၅၀၊ Princi–B Fort ၁၀၈၉ ခု၊ Rosinox ၂၅၀၀၊ Stamlo Tablets ၁၉၈၇၂ ခု၊ Tianshi Chitosan Capsules ၇၂၀၊ Tanshi Vatality Softgels ၁၂၀၀၊ Tianshi Cell Rejuvenation ၄၁၆၀၊ Tianshi Nutrient Super Calcium Powder ၂၈၀၀၊ Verginox Injec–tion ၉၆၀၊ Volibo Tablet ၂၇၀၀၊ Zimilast ၁၀၈၀၊ Oxygen Mask ၁၀၂၀၀၊ Oxygen Concentrator ၁၀၇ ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ Nasal Cannula ၁၀၀၀၀၊ Flow Meter ၆၂၅၀၊ Oxygen Mask ၃၆၀၀၊ Oxygen Cylinder ၃၈၀၀၊ Oxygen Plant ၂၁ ခု၊ Oxygen Concentrator ၃၅၀၊ ဆေးဝါးမျိုးစုံ ရှစ်မျိုး (၂၅၁၂၇၇.၄၂ Kg)၊ နယ်စပ်(ချင်းရွှေဟော်၊



မူဆယ်၊ တာချီလိတ်၊ ကန်ပိုက်တီး )တွင် ကုမ္ပဏီ ၂၃ ခုမှ၊Mask ၄၉၄၄၉ Kg ၊ PPE ၃၄၉၉၀၊ Medical Eyepatch ၄၉၀၀၊ Thermometer ၂၀၅ ခု၊ Antibacterial Hand Gel ၂၇၅ Kg၊ Exam Golves ၁၄၀၀ Kg၊ Medical Hat ၄၀၀ Kg ၊ Isolation Gown ၁၅၄၀ Kg၊ Medical Shoe Cover ၄၀၀ Kg ၊ Oximeter ၁၂၀၀၊ Oxygen Concentrator ၂၀၀၊ Oxygen Cylinder ၂၄၀၀၊ Oxygen Plant နှစ်ခု၊ Incentive Spiro–tmeter ၅၀၀၊ Sodium Chloride Injection ၂၈၅၇၅ Kg၊ Oxygen Face Mask ၁၅၀၀၀၊ Scalp Vein Set ၇၈၀၀၊ Non Woven Hat ၈၃၆၀၊ Hanma Infusion Set ၁၀၄၄၀၊ Liquid Oxygen ၈၇.၆ $m^3$၊ Surgical Mask ၁၈၇၅ ခု၊ Disposable Syringe ၄၅၄၄၆ ခု၊ Flow Meter ၉၁၆၄ ခုတို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အသိပညာ၊ အတတ်ပညာ ကြွယ်ဝရေး

နိုင်ငံသားတိုင်း အသိပညာ၊ အတတ်ပညာ ကြွယ်ဝရေးသည် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်သဖြင့် ပညာရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခြေခံဥပဒေတွင် နိုင်ငံသားတိုင်းသည် ဥပဒေဖြင့်ပြဋ္ဌာန်းထားသည့် မသင်မနေရအခြေခံပညာများကို သင်ကြားရမည်ဟု ပါဝင်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိမိတို့ဒေသအလိုက် ပြည်သူများ၏ ပညာရည်မြင့်တင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ စီမံဆောင်ရွက်ရန်လိုကြောင်း၊ စာသင်ကျောင်းများ ဥပဓိရုပ်များ ကောင်းမွန်ပြည့်စုံရေး၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းများပြည့်စုံရေး၊ အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများရရှိရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် စာမတတ်သူပပျောက်ရေးမှတစ်ဆင့် ပြည်သူများ အခြေခံပညာအလယ်တန်း ပြီးဆုံးသည်အထိ ရည်မှန်းချက်ထားဆောင်ရွက်ကြရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၈-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စာပေဗိမာန်ကို ကြည့်ရှုစစ်ဆေးပြီး လူငယ်များ အသိပညာ အတွေးအခေါ်မြင့်မားရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြား

ရန်ကုန် ဩဂုတ် ၂၈

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စာပေဗိမာန်စာအုပ်အရောင်းဆိုင်နှင့် စာပေဗိမာန်စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ထို့နောက် အစည်းအဝေးခန်းမ၌ စာပေဗိမာန် စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးအား စာပေဗိမာန်သမိုင်းကြောင်းနှင့် စာပေဆုရွေးချယ်ရေး လုပ်ငန်းများကို စာတည်းမှူးချုပ် ဦးတိုးကျော်က ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးပြောကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် မိမိတို့ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ သတင်းမီဒီယာ လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်နေရသည့် ဝန်ကြီးဌာန တစ်ခုဖြစ်သည့်အတွက် အရေးကြီးသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြရသည်ဟု ခံယူထားသင့်ပါကြောင်း၊ ပြန်ကြားရေးလုပ်ငန်းများအား ယခင်ကကဲ့သို့ သမားရိုးကျ လုပ်နည်းလုပ်ဟန်များဖြင့်သာ ဆောင်ရွက်၍ မရတော့ဘဲ ခေတ်ကာလ အချိန်အခါနှင့် လိုက်လျောညီထွေဖြစ်သည့် လုပ်နည်းလုပ်ဟန်များ၊ ပိုမိုသွက်လက် ထက်မြက်သည့် နည်းလမ်းများ၊ ပို၍သစ်လွင်ကောင်းမွန်သည့် နည်းလမ်းများဖြင့် တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်အောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း။

**မီဒီယာနည်းလမ်းဖြင့် ကူညီ**

အိမ်စောင့် အစိုးရအနေဖြင့် နိုင်ငံတော်ကို ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ် ချမှတ်၍ စနစ်တကျ ဆောင်ရွက်နေပါကြောင်း၊ မိမိတို့၏ ပန်းတိုင်သည် စစ်မှန်ပြီး စည်ကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးပင်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ အောင်မြင်စေရေးအတွက် မိမိတို့အားလုံးက မီဒီယာနည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း။

**ဝန်ဆောင်မှုများတိုးမြှင့်**

နိုင်ငံတော် ဝန်ကြီးချုပ်က ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်ရေးနှင့် စာအုပ်စာပေ ပိုမိုထွန်းကားဖွံ့ဖြိုးလာရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးရန် လမ်းညွှန်ထားပါကြောင်း၊ ထို့အတူ လူငယ်များ အသိအမြင်မှန်ကန်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရန်လည်း လမ်းညွှန်ထားပါကြောင်း၊ ယနေ့အချိန်တွင် လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်လိုသည့်အတွက် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနတစ်ခုကို တိုးချဲ့ဖွဲ့စည်း၍ လုပ်ငန်းများဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ယနေ့ စာပေဗိမာန်က ဆောင်ရွက်နေသည့် လုပ်ငန်းများတွင် လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံသည့် လုပ်နည်းလုပ်ဟန်များ ပြောင်းလဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စာအုပ်စာပေ လှူ့မိတ်ဆွေဆိုသည့် စကားအတိုင်း လူငယ်များ ဘဝတိုးတက်ရေးနှင့် အတွေးအခေါ် အယူအဆမှန်ကန်ရေးကို အားပေးသည့် စာအုပ်စာစောင်များ၊ လူငယ်များ စိတ်ဝင်စားသည့် ဘာသာရပ်များနှင့် အသက်မွေးဝမ်းကျောင်းကို အထောက်အကူပြုသည့် စာအုပ်စာစောင်များကို ထားရှိပေးရန် လိုအပ်ပါကြောင်း၊ စာကြည့်တိုက်များက ဝန်ဆောင်မှုပေးရာတွင် သမားရိုးကျစာကြည့်တိုက်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ကျေနပ်မနေဘဲ ဒစ်ဂျစ်တယ် နည်းပညာကို အခြေခံသည့် စာကြည့်တိုက်ဝန်ဆောင်မှု လုပ်ငန်းများကို ပြောင်းလဲ၍ ပြည်သူများအား ဝန်ဆောင်မှုတိုးမြှင့်ရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားပြီး လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ပေးခဲ့သည်။

**သတင်းစဉ်**

## မိုင်းဖြတ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေး(Sinopharm) ပထမအသုတ်(ဒုတိယ)အကြိမ်ထိုးနှံပေး

**မိုင်းဖြတ် ဩဂုတ် ၂၈**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေး (Sinopharm) ပထမအသုတ် (ဒုတိယ) အကြိမ် ဆက်လက် ထိုးနှံပေးခြင်းကို ယနေ့နံနက် ၈ နာရီခန့်ကစ၍ ဆေးထိုးစုရပ် ငါးနေရာတို့၌ စတင်ထိုးနှံပေးသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကာကွယ်ဆေးလာရောက်ထိုးနှံသူများကို ကိုယ်ပူချိန် တိုင်းတာခြင်း၊ သွေးပေါင်ချိန် တိုင်းတာပြီး သွေးပေါင်ချိန် ပုံမှန်အခြေအနေသို့ ရောက်မှသာ ကာကွယ်ဆေး ထိုးနှံပေးပြီး ဇူလိုင် ၃၁ ရက်တွင် (ပထမ) အကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးသူများဖြစ်သည့် အသက် (၆၅) နှစ်နှင့်အထက် ပြည်သူများ၊ ဦးစားပေးအစီအစဉ်တွင် ပါဝင်သူများ၊ အစိုးရ/ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ/ ပရဟိတလုပ်ငန်း ဆောင်ရွက်နေသူများ၊ သာသနာပြုပုဂ္ဂိုလ်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းပိုင်ရှင်များ၊ အချုပ်သားများ၊ ဈေးရောင်းသူ စုစုပေါင်း ၆၀၈ ဦးကို ဒုတိယအကြိမ် ထပ်မံထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

**သန်းထွန်းအေး**

### နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၈**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးတို့ စက်ရုံ၊ အလုပ်ရုံများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းများပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၈**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးလှစိုးတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းစက်မှုဇုန်ရှိ Handa (Yangon) Garment Co., Ltd (အားကစားဝတ်စုံချုပ်လုပ်ငန်း)သို့ ရောက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော စက်ရုံ၊ အလုပ်ရုံများဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

**ရှင်းလင်းပြောကြား**

ထို့နောက် စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မည့် အစီအမံများနှင့် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့်ညှိနှိုင်း၍ စက်ရုံ၊ အလုပ်ရုံများကို ကိုဗစ်-၁၉ လမ်းညွှန်ချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲမှုများ ပြုလုပ်ပြီး ဖွင့်လှစ်ဆောင်ရွက်စေလျက် ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စက်ရုံ၊ အလုပ်ရုံများ ပိတ်ရပါက အလုပ်ရှင်၊ အလုပ်သမားများ၏ အကျိုးစီးပွားများ နစ်နာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားပိုင်းဆိုင်ရာ ထိခိုက်နိုင်ပြီး တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထပ်ဆင့်အားနည်းစေနိုင်ပါကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများ လုပ်ငန်းခွင်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရေးအတွက် မည်သည့်ကိစ္စမဆို အပြုသဘောဆောင်၍ ဥပဒေနှင့်အညီ စက်ရုံအတွင်း ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့် လုပ်ငန်းခွင်ဆက်ဆံရေး တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးနှင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူးတို့က ဖြည့်စွက်ဆွေးနွေးသည်။

**ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်**

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ ၂၀၂၁ ခုနှစ် ဩဂုတ်လလယ်အထိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အလုပ်သမားများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့်



စံနှုန်းများနှင့်အညီ စဉ်ဆက်မပြတ် လိုက်နာဆောင်ရွက်စေရန် အလုပ်သမားဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံ ၄၀၃၀ ၊ အလုပ်ဌာန ၂၃၁၈ ခု ပေါင်း ၆၃၄၈ ဌာနကို ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်နိုင်ခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၉ ရက်မှစ၍ Zoom Application အသုံးပြု၍ Online Inspection ပြုလုပ်မှုကို လုပ်ငန်းများဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော စက်ရုံ၊ အလုပ်ရုံ စုစုပေါင်း ၂၀၆ ရုံကို ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးမှုများ ပြုလုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့နံနက်ပိုင်းတွင် ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဆောင်ရွက်လျက်ရှိသော ရေဒါစခန်းအတွင်းရှိ Duty Engineer House တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေး လုပ်ငန်းများ ခိုင်ခန့်မှု ရှိစေရေးအတွက် သတ်မှတ်ထားသည့် စံချိန်စံညွှန်း



များနှင့်အညီ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် လေယာဉ်ကွင်း ပတ်ဝန်းကျင်ဧရိယာနေရာများတွင် မိုးရွာသွန်းမှုကြောင့် ရေလျှံမှု မရှိစေရေးအတွက် ရေနုတ်မြောင်းများနှင့် ရေထွက်ပေါက် နေရာများတွင် ရေစီးရေလာ ကောင်းမွန်ရေး အတွက် ရှင်းလင်းဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ လေယာဉ်အသက်ကယ် မီးသတ်ဌာနစုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လေယာဉ်အသက်ကယ် မီးသတ်အဆင့် သတ်မှတ်ချက်နှင့်အညီ ကိုက်ညီမှုရှိစေရေး၊ မီးသတ်ယာဉ်များ၏ ကြံ့ခိုင်ရေး၊ အထောက်အကူပြု ပစ္စည်းများ ပြည့်စုံမှုရှိစေရေး၊ အရေးပေါ်အခြေအနေ ဖြစ်ပွားပါက သတ်မှတ်ချိန်အတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေးနှင့် ကြိုတင်ဇာတ်တိုက် လေ့ကျင့်မှုများကို သတ်မှတ်ချိန်အတိုင်း ပုံမှန် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် လေကြောင်းထိန်းမျှော်စင်၌ လေကြောင်းထိန်းလုပ်ငန်း ဆောင်ရွက်နေမှု၊ စက်ပစ္စည်းကိရိယာများ ကောင်းမွန်မှု ရှိ/ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လေယာဉ်များ ဘေးအန္တရာယ် ကင်းရှင်းစွာ ဆင်းသက်ပျံသန်းနိုင်ရေးအတွက် လေကြောင်းထိန်းများအနေဖြင့် သတ်မှတ်ထားသော လုပ်ငန်းစဉ် (Procedures) များနှင့်အညီ အထူးဂရုပြု ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးခရိုင်အတွင်း မြို့နယ်ရှစ်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် စတင်ထိုးနှံပေး

**ပဲခူး ဩဂုတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တွင် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပြီး သတ်မှတ်ရက်ပြည့်သူများအား သတ်မှတ်စုရပ်နေရာများတွင် ဩဂုတ် ၂၈ ရက်မှစတင်၍ ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရာတွင် သံဃာတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများ၊ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်သူများ၊ အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသားများကို ပဲခူးမြို့ မြို့တော်ခန်းမ၌ လည်းကောင်း၊ ကဝမြို့နယ်တွင် မြို့နယ်ပြည်သူ့ဆေးရုံ၊ သက္ကလတိုက်နယ်ဆေးရုံ၊ ဝဲပတန်တိုက်နယ်ဆေးရုံ၊အုံးနဲ့၊ သပြု၊ သရက်ကုန်း၊ သပြေကန်အသင်း စသည့် စုရပ်နေရာများ၌ လည်းကောင်း၊ ဝေါမြို့နယ်တွင် မြို့တော်ခန်းမ၌ လည်းကောင်း၊ သနပ်ပင်မြို့နယ်တွင် အထက(ကမာစဲ)စသည့် စုရပ်နေရာတို့၌ လည်းကောင်း၊ ဒိုက်ဦးမြို့နယ်တွင် အထက (၂)၌ လည်းကောင်း၊ ညောင်လေးပင်မြို့နယ်တွင် အထက(ခွဲ)၌လည်းကောင်း၊ ကျောက်တံခါးမြို့နယ်တွင် စည်ပင်သာယာခန်းမ၌ လည်းကောင်း၊ ရွှေကျင်မြို့နယ်တွင် ပြည်သူ့ဆေးရုံ၊ မြို့တော်ခန်းမ၊ အားကစားခန်းမနှင့် အမက(ညောင်ဝိုင်း) စသည့်စုရပ်နေရာများ၌ လည်းကောင်း နံနက် ၉နာရီခွဲမှ ၁၁ နာရီအထိ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးမှုကို သက်ဆိုင်ရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်သား ဆရာဝန်များ၊ မြို့နယ် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေး လမ်းညွှန်ချက်များနှင့် အညီ



တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ်အုပ်စုအမျိုးအစားအလိုက် ဒုတိယအကြိမ် စတင်ထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကြံခင်းပြည်သူ့ဆေးရုံသို့ ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်းများလှူဒါန်း

**ပုသိမ် ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက ကြံခင်းမြို့ အုတ်ပုံစုပေါင်းစစ်ဆေးရေး ဂိတ်သို့ရောက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘက်ရဲတိုက်နယ်ဆေးရုံ၌ ကိုဗစ်ပိုးတွေ့လူနာအခြေအနေများအား မေးမြန်းပြီး Oxygen Concentrator စက်တစ်လုံးနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ငွေကျပ်ငါးသိန်း ထောက်ပံ့ပေးအပ်ရာ ဘက်ရဲတိုက်နယ်ဆေးရုံ ဆရာဝန်ကြီး ဦးအောင်မျိုးမြတ်က လက်ခံရယူသည်။



ယင်းနောက် ကြံခင်းမြို့ မြို့မရပ်ကွက် လမ်းမတော်လမ်းနှင့် မြို့ဦးရပ်ရှိ အောက်ဆီဂျင်စက်ရုံ တည်ဆောက်မှုနှင့် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကြည့်ရှုပြီး မြို့နယ်အောက်ဆီဂျင်စက်ရုံ တည်ဆောက်မှုကော်မတီနှင့် တွေ့ဆုံအားပေး စကားပြောကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကြံခင်းမြို့နယ် ပြည်သူ့ဆေးရုံသင်တန်းခန်းမ၌ ဆရာဝန်ကြီးနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းတွင် အသုံးပြုရန် Oxygen Concentrator နှစ်လုံး၊ PPE အစုံ ၁၀၀၊ ပိုးသတ်ဆေးရည် ငါးဂါလန်နှစ်ပုံး အပါအဝင် ကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် ပစ္စည်းများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းကို ပေးအပ်ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝင်းနိုင်က လက်ခံရယူသည်။ (ဝဲပုံ)

ထို့နောက် မြန်အောင်မြို့ ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး ဆေးပစ္စည်းများနှင့် PPE Level 3 ဝတ်စုံ ၅၀၊ တိုင်းကျန်းမာရေးဦးစီးဌာနမှ ပေးအပ်သော Oxygen Concentrator သုံးလုံးနှင့် ဆေးပစ္စည်းများ၊ ကျန်းမာရေးဝန်ထမ်းများအတွက် အလှူငွေကျပ် ငါးသိန်းကို ပေးအပ်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဝင်းက လက်ခံရယူပြီး ကျန်းမာရေးဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

# ဟိုပန်မြို့နယ်သို့ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**ဟိုပန် ဩဂုတ် ၂၈**

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ယမန်နေ့က "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။




လောက်ကိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (ကိုးကန့်လူမှုဖွံ့ဖြိုးရေးအသင်း ဥက္ကဋ္ဌ) ဒေါ်ချောချောအေးက ကိုးကန့်လူမှုဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသည့် ကိုဗစ်-၁၉ စစ်ဆေးသည့်ကိရိယာ ၅၀၀၀၊ LIAN HUAQING WEN (လျှဟွာ) သောက်ဆေးဘူး ၂၀၀၀၊ Arbidol သောက်ဆေးဘူး ၂၀၀၀၊ နှာခေါင်းစည်း ၁၀၀၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၃၀၀၊ မျက်နှာအကာ ၄၀၀၊ အရက်ပြန် ၁၀ ပုံး၊ ပိုးသတ်ဆေး သုံးဖာ၊ အရက်ပြန် ၉၆ ဘူး၊ တစ်ခါသုံး လက်အိတ်အစုံ ၂၀၀၀ နှင့် တစ်ခါသုံးခြေစွပ်အစုံ ၄၀၀ လာရောက် ထောက်ပံ့ပေးအပ်ရာ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး အောင်ကျော်စိုးတို့က လက်ခံယူပြီး "ဝ" ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီနပ်က ဂုဏ်ပြုမှတ်တမ်းတင်လွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ (ဝဲပုံ)

**ခရိုင်(ပြန်/ဆက်)**

# စစ်တွေမြို့နယ်အတွင်းရှိ IDPs စခန်းများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**စစ်တွေ ဩဂုတ် ၂၈**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် အတွင်းရှိ IDPs စခန်းများမှ ပြည်သူများအား သက္ကယ်ပြင် ကျေးရွာ အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်းနှင့် သက္ကယ်ပြင် IDPs စခန်းများ၌ အသက် (၄၅) နှစ်နှင့် အထက် ပြည်သူများအား Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး



ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက စတင်ပြီး ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနေမှုကို ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးအောင်မျိုး၊ စစ်တွေတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး သိန်းဇော်မြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ သွားရောက်ကြည့်ရှု အားပေးသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေး ထိုးနှံပေးခြင်းဖြစ်ကာ ဆေးထိုးနှံပြီးနောက်တွင်လည်း မိနစ် ၃၀ အကြာ စောင့်ကြည့်ပြီးမှ ပြန်လည်ထွက်ခွာခွင့်ပြုကြောင်း သိရသည်။

စစ်တွေမြို့အတွင်း IDPs စခန်းများမှ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးရာ၌ အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်းတွင် အမျိုးသား ၂၅၀ ထိုးနှံပေးသွားမည်ဖြစ်ပြီး သက္ကယ်ပြင် IDPs စခန်းတွင် အမျိုးသမီး ၂၅၀ ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**



# ဘားအံမြို့နယ်အတွင်းရှိ အကျဉ်းသားများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေး

**ဘားအံ ဩဂုတ် ၂၈**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ မာလာဖူးကျောက်ထုတ်စခန်းနှင့် လက္ခဏစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းများရှိ အကျဉ်းသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးခြင်းကို ယမန်နေ့က အဆိုပါအကျဉ်းစခန်းများရှိ ခန်းမများ၌ ထိုးနှံဆောင်ရွက်ပေးခဲ့သည်။

**ထိုးနှံပေး**

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးရာတွင် ဘားအံမြို့နယ် အကျဉ်းဦးစီးဌာန၊ အင်းဖြောင်ကုန်ထုတ်စခန်း (စခန်းခွဲ)ဖြစ်သော မာလာဖူးကုန်ထုတ်စခန်းရှိ အကျဉ်းသား ၁၀၅ ဦးနှင့် မိသားစုဝင် ၁၁ ဦးတို့အား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဇူလိုင် ၃၀ ရက်တွင် ထိုးနှံပေးခဲ့ပြီး ယခုဒုတိယအကြိမ် ထိုးနှံပေးရာတွင် အကျဉ်းသား ၁၀၁ ဦး၊ မိသားစုဝင် ၁၁ ဦး ထိုးနှံပေးခဲ့သည်။ ပထမအကြိမ် ကာကွယ်ဆေး ထိုးနှံပြီးနောက် အကျဉ်းစခန်းမှ လွတ်မြောက်သွားခဲ့သည့် လေးဦးအား ယခုဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးသည့်အချိန်တွင် ဆက်သွယ်ခဲ့ရာ တစ်ဦးလာရောက်ထိုးနှံကြောင်း သိရသည်။

လက္ခဏအကျဉ်းစခန်းတွင် အကျဉ်းသား ၅၀၊ ဝန်ထမ်းနှင့် မိသားစုခုနစ်ဦးကို ဇူလိုင် ၃၀ ရက်တွင် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ယခု ဒုတိယအကြိမ် ထိုးနှံပေးရာတွင် အကျဉ်းသား ၄၀၊ ဝန်ထမ်းနှင့် မိသားစုခုနစ်ဦးကို ထိုးနှံပေးခဲ့သည်။

ယင်းသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် ကရင်ပြည်နယ် အကျဉ်းဦးစီးဌာန ဦးစီးမှူး ဦးစောထွဋ်က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးမှူးများ၊ ဆေးမှူးများက ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်ထုတ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ Politic Magazine တွင် ခေါင်းစီးဆောင်းပါးအဖြစ် ဖော်ပြခဲ့သော

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အိမ်စောင့်အစိုးရ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အင်တာဗျူးအစီအစဉ်

◆ အောင်ကျော်မိုး ◆

(ယမန်နေ့မှအဆက်)

မေး ။ ။ ရုရှား - မြန်မာ နှစ်နိုင်ငံအကြား အရပ်ဘက်နယ်ပယ်တွေထက် သိသိသာသာ သာလွန်ကောင်းမွန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိတဲ့ နယ်ပယ်ကိုပြပါဆိုရင် စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်ရေးနယ်ပယ်ကို ပြရမှာပဲဖြစ်ပါတယ်။ ဒီစစ်မှန်သော အောင်မြင်မှုတွေကြောင့်ပဲ နိုင်ငံရဲ့အချုပ်အခြာအာဏာကို ကောင်းစွာ ကာကွယ်စောင့်ရှောက်နိုင်ပြီး အကြမ်းဖက်သမားများရဲ့ ရန်မှကာကွယ်ပေးနိုင်မယ့် ခေတ်မီတိုးတက်တဲ့ အဆင့်မြင့်တပ်မတော်ကို ဖွဲ့စည်းတည်ဆောက်လာနိုင်ခြင်းဖြစ်ပါတယ်။ မြန်မာ့တပ်မတော်မှ ကိုယ်စားလှယ်အဖွဲ့တွေဟာဆိုရင် International Army Games ပြိုင်ပွဲများမှာ ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ KAVKAZ-2020 မဟာဗျူဟာမြောက် စစ်ဦးစီးလေ့ကျင့်ခန်းများတွင် ပါဝင်လေ့ကျင့်ခြင်းတို့ကိုလည်း တက်တက်ကြွကြွ ဆောင်ရွက်လျက်ရှိနေပါတယ်။ အနာဂတ်မှာရော ဘယ်လိုနယ်ပယ်သစ်တွေမှာ ပူးပေါင်းဆောင်ရွက်သွားဖို့ စီစဉ်ထားပါသလဲ။

ဖြေ ။ ။ ဒီ International Army Games ပြိုင်ပွဲ၊ KAVKAZ-2020 မဟာဗျူဟာမြောက် စစ်ဦးစီးလေ့ကျင့်ခန်းတွေမှာ ပါဝင်ယှဉ်ပြိုင်လေ့ကျင့်ခဲ့ရတာဟာ မြန်မာ့တပ်မတော်ရဲ့ ခေတ်မီတပ်မတော်တည်ဆောက်ရေးမှာ များစွာအထောက်အကူပြုခဲ့ပါတယ်။ အနာဂတ်မှာလည်း ကျွန်တော်တို့တပ်မတော်ရဲ့ တစ်ဦးချင်း၊ အဖွဲ့လိုက်၊ စစ်လက်ရုံးအလိုက်နဲ့ တပ်မတော်တစ်ရပ်လုံး စွမ်းရည်မြင့်တင်နိုင်ရေးအတွက် အကျိုးရှိမယ့်၊ အထောက်အကူပြုမယ့် လုပ်ငန်းမှန်သမျှကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မေး ။ ။ သတင်းမီဒီယာတွေရဲ့ ရေးသားဖော်ပြချက်တွေအရ မြန်မာ့တပ်မတော်မှ လေ့လာသူ ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ရုရှား-ဘီလာရုစ် နှစ်နိုင်ငံ ပူးပေါင်းစစ်ရေး လေ့ကျင့်ခန်း ZAPAD-2021 သို့ တက်ရောက်လာနိုင်ဖွယ်ရှိကြောင်း ကြားသိရပါတယ်။ ဒီသတင်းဟာ မြန်မာ့တပ်မတော်အနေဖြင့် ရုရှားနိုင်ငံနဲ့သာမက မော်စကိုအတွက် အိမ်နီးနားချင်းမိတ်ဖက်နိုင်ငံများနဲ့ပါ စစ်ဘက်ပူးပေါင်းဆောင်ရွက်ရေးတွေ တိုးမြှင့်ဆောင်ရွက်သွားမယ်ဆိုတဲ့ သဘောသက်ရောက်ပါသလား။ စစ်ဘက်နိုင်ငံရေးအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ Collective Security Treaty Organization(CSTO) ပူးပေါင်းလုံခြုံရေးဆောင်ရွက်မှု သဘောတူညီချက်စာချုပ် အဖွဲ့ဝင်နိုင်ငံများအပေါ် ဘယ်လိုသဘောထားရှိပါသလဲ။ အနာဂတ်မှာ မြန်မာ့တပ်မတော်မှ ကိုယ်စားလှယ်များအနေနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံနဲ့အတူ အခြားမဟာမိတ်နိုင်ငံများနဲ့ပါ စစ်ဘက် ပူးပေါင်းလေ့ကျင့်ခန်းတွေမှာ ပါဝင်လေ့ကျင့်ဆောင်ရွက်သွားဖို့ရော အစီအစဉ်ရှိပါသလား။

ဖြေ ။ ။ ZAPAD-2021 ကို တက်ရောက်ဖို့ အလားအလာရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ပိုမိုလုံခြုံတဲ့၊ ငြိမ်းချမ်းတဲ့ကမ္ဘာကြီးဖြစ်လာဖို့ မိတ်ဆွေနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်ရေးတွေကို ဆက်လက်တိုးမြှင့်သွားပါမယ်။ အဖွဲ့ဝင်နိုင်ငံ ခြောက်နိုင်ငံနဲ့ လေ့လာသူနိုင်ငံ နှစ်နိုင်ငံပါဝင်တဲ့ CST0 အဖွဲ့ဟာ ဒေသတွင်းနဲ့ ကမ္ဘာ့တည်ငြိမ်အေးချမ်းရေးအတွက် အထောက်အကူပြုနိုင်တဲ့အဖွဲ့ ဖြစ်ပါတယ်။ ဒေသတွင်းနဲ့ ကမ္ဘာမှာ မလိုလားအပ်တဲ့၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နိုင်တဲ့ ဗိုလ်ကျစိုးမိုးမှုတွေကို ကာကွယ်နိုင်မယ့် အဖွဲ့အဖြစ်လည်း မျှော်လင့်ပါတယ်။

မေး ။ ။ ဗိုလ်ချုပ်မှူးကြီးဟာဆိုရင် အာရှတိုက် မျက်မှောက်ခေတ်သမိုင်းသစ်မှာ ပေါ်ထွက်လာတဲ့ ခေတ်မီနိုင်ငံ့ခေါင်းဆောင်တစ်ဦးလို့ တင်စားချင်ပါတယ်။ ဘာလို့လဲဆိုတော့ ၁၉၅၅ ခုနှစ်က ကျင်းပပြုလုပ်ခဲ့တဲ့ Bandung ညီလာခံမှ ချမှတ်ခဲ့သော ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ်ကို လေးစားလိုက်နာစေရေး ကိုယ်တိုင်စံပြပုဂ္ဂိုလ်အဖြစ် မားမားမတ်မတ်ရပ်တည်ကာ နိုင်ငံတကာအပေါ်ကိုလည်း မှန်မှန်ကန်ကန် ပြန်လည်အသိပေးတိုက်တွန်းနိုင်ခဲ့ခြင်းကြောင့်ပဲ ဖြစ်ပါတယ်။ အဲဒီညီလာခံကို ကျင်းပပြုလုပ်ဖို့ အစပြုခဲ့တဲ့ နိုင်ငံ ငါးနိုင်ငံထဲမှာ မြန်မာနိုင်ငံပါဝင်ခဲ့ပါတယ်။ ဖြတ်သန်းခဲ့တဲ့ နှစ် ၇၀ ကျော်ကာလအတွင်းမှာ အဲဒီညီလာခံရဲ့ ဆုံးဖြတ်ချက်များဟာ “အနောက်နိုင်ငံများရဲ့ စံနှုန်းများ” “ဒီမိုကရေစီ” ဆိုတဲ့ ခေါင်းစဉ်များအောက်မှာ တဖြည်းဖြည်းမသိမသာ အစားထိုးခံခဲ့ရပါတယ်။ ဒီလို ကမ္ဘာ့နိုင်ငံရေးအတွက် တန်ဖိုးရှိလှတဲ့ အခြေခံမူကြီးတွေကို ပြန်လည်အမှတ်ရအသက်ဝင်လာအောင် ဘယ်လိုဆောင်ရွက်သွားသင့်တယ်လို့ ထင်ပါသလဲ။

ဖြေ ။ ။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူ ငါးချက်ဟာ ခေတ်အဆက်ဆက် မြန်မာ့နိုင်ငံခြားရေးမူဝါဒရဲ့ အခြေခံရေသောက်မြစ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ၁၉၅၄ ခုနှစ်မှာ လက်မှတ်ရေးထိုး စတင်ခဲ့ပါတယ်။ ဒီမူကြီး ငါးရပ်ဟာ ယနေ့အထိ နိုင်ငံတကာရဲ့ နိုင်ငံအချင်းချင်းဆက်ဆံရာမှာ လက်ကိုင်ထား စံပြုနေရတဲ့ မူတွေပဲဖြစ်ပါတယ်။ နိုင်ငံတွေရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားခြင်း၊ ကျူးကျော်မှုကို ရှောင်ရှားခြင်း၊ ပြည်တွင်းရေးကိစ္စများကို ဝင်ရောက်စွက်ဖက်မှုမပြုခြင်း၊ တန်းတူရည်တူရှိမှုနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှု စတာတွေဟာ ကမ္ဘာ့မိသားစုကြီးအတွက် ငြိမ်းချမ်းမှုနဲ့ သာယာဝပြောမှုတွေကို စဉ်ဆက်မပြတ်ဖြစ်စေမယ့် အကြောင်းအရာတွေပါ။ ဒါမတိုင်ခင် ၁၆၄၈ ခုနှစ်ကတည်းက နိုင်ငံတကာဆက်ဆံရေး နယ်ပယ်မှာ ထင်ရှားတဲ့ စာချုပ်တစ်ခုရှိတယ်။ ဒါကတော့ “ဝက်စဖေးလီယားစာချုပ်” (Treaty of Westphalia) ပဲ။ စာချုပ်ဖြစ်လာတဲ့ အကြောင်းနဲ့ရည်ရွယ်ချက်က အမျိုးမျိုးရှိပေမယ့် အနှစ်သာရကတော့ အချုပ်အခြာ အာဏာပိုင်စိုးမှု (Sovereignty)၊ ပြည်တွင်းရေး ဝင်ရောက်မစွက်ဖက်ရေး (Non Intervention) နဲ့ အင်အားချိန်ခွင်လျှာထိန်းညှိခြင်း (Balance of Power)ပါပဲ။ နောက်ပိုင်း မှာပေါ်လာတဲ့ ကုလသမဂ္ဂပဋိညာဉ်စာတမ်းဟာလည်း ဒီ Westphalia ရဲ့ အခြေခံမူ သုံးချက်ကို ဆက်ခံလိုက်တာပါပဲ။ သို့သော် လက်တွေ့လိုက်နာဆောင်မှုမှာ လိုအပ်ချက်တွေ ရှိပါတယ်။ ခင်ဗျားပြောခဲ့သလို “အနောက်နိုင်ငံများရဲ့စံနှုန်းများ”၊ “ဒီမိုကရေစီ” ဆိုတဲ့ ခေါင်းစဉ်တွေနဲ့ အစားထိုးခံရတာပေါ့။ သို့သော် အဲဒီ “စံနှုန်း”ဆိုရာမှာလည်း နှစ်မျိုးကျင့်သုံးနေတာ (Double Standard) ဖြစ်နေတာက ပြဿနာပါပဲ။ သူတို့လိုတဲ့သူ၊ လိုတဲ့နိုင်ငံအတွက်က တစ်မျိုး၊ မလိုတဲ့သူ၊ မလိုတဲ့နိုင်ငံ၊ မလိုတဲ့အဖွဲ့အစည်းအတွက်ကျ တစ်မျိုးပေါ့ဗျာ။ အခုပြောခဲ့တဲ့ တန်ဖိုးရှိပြီး ကမ္ဘာ့ငြိမ်းချမ်းရေး၊ တန်းတူညီမျှရေးအတွက် အရေးကြီးတဲ့ ဒီအခြေခံအချက်တွေဟာ ကမ္ဘာ့ပြည်သူတွေအကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိနေမှ ပိုပြီး အလုပ်ဖြစ်မှာပါ။ ဒါတွေကို နိုင်ငံတွေသာမက နိုင်ငံတကာအဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်တဲ့ အင်အားကြီးအဖွဲ့တွေကတစ်ဆင့် ချို့ယွင်းအားနည်းချက်တွေကို ထောက်ပြမှ ပညာပေးမှ အလုပ်ဖြစ်နိုင်ပါတယ်။







Politic Magazine အမှတ်စဉ် (၁၂၀) တွင် ဖော်ပြခဲ့သည့် ဓာတ်ပုံမြင်ကွင်း။

မေး ။ ။ အာရှ-ပစိဖိတ်ဒေသနဲ့အရှေ့တောင်အာရှဒေသဟာ ကမ္ဘာ့နိုင်ငံရေးပေါက်ကွဲမှုရဲ့ ဗဟိုချက်မတစ်ခု ဖြစ်လာနိုင်ပါတယ်။ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနဲ့ ထိုင်းနိုင်ငံတို့မှာ အမေရိကန်အခြေစိုက် စစ်စခန်းများ ရှိနေပါတယ်။ တရုတ်နဲ့ မြောက်ကိုရီးယားတို့ဟာ နျူကလီးယားလက်နက်ပိုင်ဆိုင်ထားတဲ့ နိုင်ငံတွေဖြစ်ကြပြီး ရုရှားနဲ့ ဘေးချင်းကပ်လျက် တည်ရှိနေပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ဘယ်လို နည်းလမ်းမျိုးနဲ့များ မလိုလားအပ်တဲ့ စစ်ပွဲများကို ရှောင်ရှားနိုင်မယ့် ပူးပေါင်းလုံခြုံရေးအစီအမံများကို တည်ဆောက်ထားနိုင်ပါသလဲ။ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများဟာ အဓိကမဏ္ဍိုင်တစ်ရပ် ဖြစ်လာနိုင်ပါသလား။

ဖြေ ။ ။ ကျွန်တော် နံပါတ် ၂ မေးခွန်းမှာ ပြောခဲ့သလိုပဲ အာရှ-ပစိဖိတ်ဒေသဟာ ကမ္ဘာ့စီးပွားရေးဗဟိုချက် (World's Economic Centre of Gravity) ဖြစ်လာတဲ့အတွက် အခွင့်အရေး (Opportunity)နဲ့ ခြိမ်းခြောက်မှု (Threat)ဆိုတာ ဒွန်တွဲနေမှာပါပဲ။ ဒါကြောင့် ဒေသတွင်းမှာ ကျယ်ပြန့်စွာဖွဲ့စည်းထားတဲ့ အာဆီယံရဲ့ ကဏ္ဍဟာ ပိုအရေးပါလာပါမယ်။ မလိုလားအပ်တဲ့ ပဋိပက္ခတွေမဖြစ်အောင်ထိန်းသိမ်းဖို့အတွက်ကတော့ နိုင်ငံရေးအရ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်တာတွေ၊ လိုက်နာတာတွေနဲ့ စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုတွေတိုးမြှင့်ခြင်းအားဖြင့် အပြန်အလှန်နားလည်မှုရှိမှာအောင် တည်ဆောက်တာမျိုးတွေ လုပ်ရပါမယ်။

မေး ။ ။ အားလုံးသိရှိလက်ခံထားပြီး ဖြစ်တဲ့အတိုင်း ဗိုလ်ချုပ်မှူးကြီးဟာဆိုရင် စစ်မှန်သော ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရတွေ ကို လေးစားတန်ဖိုးထား ကာကွယ်စောင့်ရှောက်သူတစ်ဦးဖြစ်ပါတယ်။ တပ်မတော်ဆိုတာ နိုင်ငံတိုင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဖွဲ့စည်းထားသော နိုင်ငံ့အမှုထမ်းအဖွဲ့အစည်းဖြစ်ပါတယ်။ လက်ရှိ မြန်မာနိုင်ငံအတွက် အရေးပေါ်အခြေအနေကြေညာထားတဲ့ကာလအတွင်းမှာ ဗိုလ်ချုပ်မှူးကြီးဟာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌအနေနဲ့ စစ်မှန်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိနေတယ်လို့ ကြားသိရပါတယ်။ ဒီအစီအစဉ်နဲ့ပတ်သက်ပြီး ဘယ်လိုအမြင်မျိုးရှိပါသလဲ။ ကာလအပိုင်းအခြား ကန့်သတ်ချက်နဲ့ အဆင့်ဆင့်ဆောင်ရွက်သွားမယ့် အစီအစဉ်တွေကိုလည်း သိလိုပါတယ်။ ရွေးကောက်ပွဲကျင်းပခြင်းဆိုင်ရာ ဥပဒေအနေနဲ့ရော ပြောင်းလဲသတ်မှတ်တာတွေ ရှိလာနိုင်ပါသလား။

စာမျက်နှာ ၇ သို့

*စာမျက်နှာ ၆ မှ*

ဖြေ ။ ။ ကျွန်တော်တို့ မြန်မာ့တပ်မတော်ရဲ့သမိုင်းဟာ နိုင်ငံတော်သမိုင်းနဲ့ ဆက်စပ်လျက် ရှိပါတယ်။ ခွဲပြောလို့မရပါဘူး။ တပ်မတော်ကပဲ ပြည်သူလူထုနဲ့ပူးပေါင်းပြီး နိုင်ငံရဲ့ လွတ်လပ်ရေးကို ရအောင်ယူပေးခဲ့တယ်။ လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်လာတဲ့ ပြည်တွင်းသောင်းကျန်းမှုကို နှိမ်နင်းပေးပြီး နိုင်ငံ့လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို တည်တံ့ခိုင်မြဲစေခဲ့ပါတယ်။ ဒါ့ကြောင့်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တပ်မတော်ရဲ့ အခန်းကဏ္ဍကို အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍနေရာမှာ ထားခဲ့တာဖြစ်ပါတယ်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး စတဲ့နိုင်ငံတော်ရဲ့အမျိုးသားအကျိုးစီးပွားတွေကို ကာကွယ်ဖို့၊ ပါတီစုံဒီမိုကရေစီစနစ်ရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ဖို့ အဓိကတာဝန်ရှိကြောင်း အခြေခံဥပဒေမှာ တာဝန်အပ်နှင်းထားပါတယ်။ ဒီတာဝန်တွေကို ကျွန်တော်တို့ အလေးအနက်ထားဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူတွေ လိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျွန်တော်တို့ လမ်းခင်းပေးခဲ့တာပါ။ ဒီစနစ်ကနေ ဘယ်တော့မှ ရှောင်လွှဲသွားမှာမဟုတ်ဘူးလို့ အာမခံပါတယ်။ အခု အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံ့တာဝန်ကို ကျွန်တော်တို့ ရယူထားရတယ်။ အခြေခံဥပဒေမှာ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်တွေ ရှိပါတယ်။ ဒီအတိုင်း ကျွန်တော်တို့ ဆောင်ရွက်သွားပါမယ်။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်မှာ လုပ်ဆောင်စရာရှိတာတွေ လုပ်ဆောင်လို့ပြီးရင် ရွေးကောက်ပွဲကျင်းပရမှာ ဖြစ်တယ်။

သို့သော် ဒီပြီးရမယ့် အချိန်ကလည်း အချိန်အကန့်အသတ် ရှိပါတယ်။ တစ်နှစ်အတွင်း ပြီးအောင်ကြိုးစားရမယ်။ မပြီးရင် နောက်ထပ် ခြောက်လ နှစ်ခါတိုးခွင့် ရှိတယ်။ ပြီးရင်တော့ ရွေးကောက်ပွဲလုပ်ရမှာပဲ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲစာရင်းတွေအားလုံးကို စိစစ်ပြီးပါပြီ။ မဲမသမာမှုပေါင်း ၁၁ သန်းကျော်ရှိတာကို ခိုင်လုံစွာ တွေ့ရပါတယ်။ အဲဒီလူတွေကို ကျွန်တော်တို့ စစ်ဆေးတဲ့အခါမှာ လေးသန်းကျော်လောက်က မှတ်ပုံတင်ပေးဖို့ အရေးတကြီး လိုနေပါတယ်။ ဒါကြောင့် စီမံချက်နဲ့မှတ်ပုံတင်တွေ လုပ်ပေးနေပါတယ်။ ဒီလုပ်ငန်းစဉ်ကိုက ၁၈ လလောက်ကြာမယ်လို့ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တွေက ခန့်မှန်းပါတယ်။ ၁၈ လ ကြာမယ်ဆိုတော့ ဒါက သတ်မှတ်တစ်နေ့ကို လူ ၃၀၀ လုပ်ရမယ်။ အဲဒီ ၃၀၀ လုံး မှန်မှန်ကန်ကန်လုပ်မှ ၁၈ လနဲ့ ပြီးမှာ။ တကယ်လို့ အဲဒီလိုအရေအတွက်အတိုင်း မလာဘူးဆိုရင် ဒီထက်ပိုကြာဖို့ပဲ ရှိတော့တာ။ ကျွန်တော်တို့က မဲစာရင်းမှားတာ၊ မှတ်ပုံတင်မပါဘဲနဲ့ မဲစာရင်းတွေထည့်တဲ့အတွက်ကြောင့် မှားတာကို ထောက်ပြထားတာ။ အဲဒီတော့ လာမယ့် ရွေးကောက်ပွဲအသစ်လုပ်လို့ရှိရင် မှတ်ပုံတင်မပါဘဲနဲ့ မဲစာရင်းထဲမှာ ပါလာလို့ရှိရင် ကျွန်တော်တို့ ပြောစရာဖြစ်လာမယ်။ ဒါ့ကြောင့် မဲစာရင်းမှန်ကန်မှုကို အဓိကဖြစ်စေတဲ့ မှတ်ပုံတင်က မရှိမဖြစ် ကျွန်တော်တို့ပေးရမယ့် လုပ်ငန်း တစ်ရပ်ဖြစ်တယ်။ ဒီလုပ်ငန်းပြီးမှ ကျွန်တော်တို့က ရွေးကောက်ပွဲကို စာရင်းဇယားမှန်မှန်နဲ့ ရွေးကောက်ပွဲတစ်ခုလုပ်လို့ရမယ်။ ဒီဟာကို ကျွန်တော်တို့ အချိန်တစ်ခု ပေးရလိမ့်မယ်။ ဒါ့ကြောင့် နှစ်နှစ်လည်း ဖြစ်ရင်ဖြစ်သွားမယ်လို့ ကျွန်တော်ပြောတာ။ နောက်တစ်ခုရှိသေးတယ်၊ အဲဒါကဘာလဲဆိုတော့ ကျွန်တော်တို့ဟာ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေဆိုတာ ရှိတယ်။ ဒီဥပဒေဟာ နိုင်ငံသားပေးရမယ့်ပုဂ္ဂိုလ်တွေစိစစ်ပေးဖို့၊ ဒါတွေလည်း ဒီမဲပေးတဲ့ကာလအတွင်းမှာ မကြာရအောင်လုပ်ဖို့ဆိုပြီးတော့ တာဝန်တစ်ခုရှိတယ်။ ဒါလည်း ကျွန်တော်တို့ သက်ဆိုင်ရာတွေနဲ့ဆွေးနွေးပြီးတော့ ဆောင်ရွက်နေတာလည်း ရှိတယ်။ ဒါလည်း နှောင့်နှေးနေလို့ မရဘူး။ နှောင့်နှေးမယ်ဆိုရင်လည်း ဒါတွေဟာ ကျန်ခဲ့တယ်ဆိုရင်လည်း အဲဒီမှာ ပြဿနာတစ်ခုကလာလိမ့်မယ်။ ဒါလည်း ဖြေရှင်းဆောင်ရွက်ဖို့ ရှိနေသေးတယ်လို့ ကျွန်တော်ပြောချင်တယ်။ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြောင်းလဲခြင်းရှိ၊ မရှိဆိုတာ UEC က နိုင်ငံရေးပါတီတွေနဲ့ ဆွေးနွေးနေပါတယ်။ သို့သော် ပါတီစုံဒီမိုကရေစီစနစ်ကနေ ကျွန်တော်တို့ ဘယ်တော့မှ သွေဖည်သွားမှာမဟုတ်ဘူးလို့ ပြောလိုပါတယ်။

**မေး ။ ။ ဗိုလ်ချုပ်မှူးကြီးဟာ လက်ရှိအချိန်မှာ မြန်မာနိုင်ငံအတွက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အဖြစ်သာမက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအဖြစ်ပါ တာဝန်ထမ်းဆောင်နေရသူတစ်ဦးဖြစ်တဲ့အတွက် ဥပဒေအကြောင်းအရာရော လက်တွေ့အခြေအနေအရပါ နိုင်ငံရဲ့ တရားဝင်ခေါင်းဆောင်တစ်ဦး ဖြစ်ပါတယ်။ စောင့်ကြည့်လေ့လာသူများအနေနဲ့လည်း ဗိုလ်ချုပ်မှူးကြီးဟာ လုပ်ငန်းခွင်မှာ ယခင်ကထက် မြန်မာ့ရိုးရာဝတ်စုံကို ပိုမိုဝတ်ဆင်လာတယ်လို့ ဆိုကြပါတယ်။ မြန်မာနိုင်ငံ ပြည်သူများအကြားမှာလည်း ထင်ပေါ်ကျော်ကြားမှုဟာ ယခင်ကထက်များစွာ ပိုမိုမြင့်မားလာခဲ့ပါတယ်။ ဒါ့အပြင် လက်ရှိအစိုးရအဖွဲ့ရဲ့ ထိရောက်မှန်ကန်တဲ့ ဆုံးဖြတ်ချက်များနဲ့ စီစဉ်ဆောင်ရွက်ပေးနေမှုတွေဟာ ပြည်ပနိုင်ငံများရဲ့ ဖိအားပေးမှုတွေ၊ ပြည်တွင်းအဖျက်သမားများရဲ့ နှောင့်ယှက်ဖျက်ဆီးမှုများကိုပင်မမှုဘဲ သိသိသာသာ တိုးတက်ကောင်းမွန်လာတာကို တွေ့မြင်နေကြရပါတယ်။ ဒီအကြောင်းအရာတွေနဲ့ ဆက်စပ်ပြီးတော့ စာဖတ်သူပရိသတ်အနေနဲ့ စိတ်ဝင်စားလျက်ရှိတဲ့ မေးခွန်းတစ်ခုကတော့ လာမယ့်ရွေးကောက်ပွဲမှာ ပြန်လည်စတင်လည်ပတ်လာမည့် နိုင်ငံရေးစင်မြင့်ပေါ်မှာ ဗိုလ်ချုပ်မှူးကြီးအနေနဲ့ အခန်းကဏ္ဍတစ်ခုကနေ ပါဝင်လာနိုင်သလားဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။**

ဖြေ ။ ။ ကျွန်တော့်ရဲ့ ပုဂ္ဂလိကခံစားချက်က ကျွန်တော်သည် စစ်သားတစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဖြစ်ပေါ်ပြီးခဲ့တဲ့ အချိန်ကာလနဲ့ အခြေအနေတွေအရ ကျွန်တော် လုပ်ရတဲ့အလုပ်တွေက နိုင်ငံရေးအလုပ်၊ နိုင်ငံရေးသမား (Politican) ဆိုတာထက် နိုင်ငံရဲ့တည်ဆောက်ရေးအလုပ်၊ နိုင်ငံပြုသမား(State Man) အလုပ်ကို လုပ်ခဲ့ရတာဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံရေးသမားဆိုတာထက် နိုင်ငံတည်ဆောက်သူ (State Man) အလုပ်ကိုပဲ ပိုပြီး စိတ်ဝင်စားပါတယ်။ ပြည်သူနဲ့ နိုင်ငံတော်အတွက် ကျွန်တော့်အတွေ့အကြုံတွေကို အကောင်းဆုံးအသုံးချပြီး နိုင်ငံတည်ဆောက်ရေး (State Building)၊ တိုင်းပြည်တည်ဆောက်ရေး(Nation Building) လုပ်ငန်းတွေမှာ ကျရာနေရာကနေ ပါဝင်ဆောင်ရွက်သွားပါမယ်။

**မေး ။ ။ ကမ္ဘာမှာ ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြန့်ပွားနှုန်းဟာ တစ်ဖန်ပြန်လည် မြင့်တက်လာလျက်ရှိပါတယ်။ ဒီလို အခြေအနေမှာ လက်ရှိမြန်မာနိုင်ငံအစိုးရအနေနဲ့ ပြည်သူတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးသွားမယ့်အခြေအနေနဲ့ ကိုဗစ်ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့ကို သိရှိလိုပါတယ်။ ပြည်သူတစ်ရပ်လုံး ကာကွယ်ဆေးထိုးနှံသွားမယ့်အစီအစဉ်တွေရှိပါသလား။ ဒီစီမံကိန်းတွေမှာ ရုရှားနိုင်ငံအနေနဲ့ ဘာများ အကူအညီပေးနိုင်ပါမလဲ။**

ဖြေ ။ ။ ကိုဗစ်-၁၉ တတိယလှိုင်းကတော့ ကမ္ဘာ့နိုင်ငံတော်တော်များများကို ရိုက်ခတ်လျက်ရှိပါတယ်။ ကျွန်တော်တို့ စုပေါင်းစွမ်းအားနဲ့ တော်တော်ကို ကြိုးကြိုးစားစား ရင်ဆိုင်ရပါလိမ့်မယ်။ မြန်မာနိုင်ငံမှာလည်း ဇွန်လနဲ့ အခုဇူလိုင်လအတွင်းမှာ ကူးစက်မှုနှုန်း တော်တော်လေး မြင့်မားလျက်ရှိပါတယ်။ အစိုးရ၊ တပ်မတော်နဲ့ ပြည်သူအတူလက်တွဲပူးပေါင်းရင်ဆိုင်လျက် ရှိပါတယ်။ အခက်အခဲကတော့ရှိပါတယ်။ ပြည်သူတစ်ရပ်လုံး ကာကွယ်ဆေးထိုးနှံနိုင်ရေး စီစဉ်ထားမှုတွေရှိပါတယ်။ အိန္ဒိယကနေ ဆေးသန်း ၃၀ မှာခဲ့တယ်။ နှစ်သန်းရောက်ပြီး ပြည်သူ ၁ ဒသမ ၇သန်း ဆေးထိုးပြီးပြီ။ သို့သော် သူတို့နိုင်ငံမှာလည်း ရောဂါကူးစက်ဖြစ်ပွားမှုတွေမြင့်နေတော့ ဆေးတွေ ဆက်မပို့နိုင်တော့ဘူး။ မိတ်ဆွေနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံက ကူညီတဲ့ဆေးတွေ ထပ်ရောက်လာဖို့ရှိတယ်။ ရုရှားနိုင်ငံခရီးစဉ်မှာ ကျွန်တော်တို့ နောက်ထပ်ဝယ်ဖို့သဘောတူခဲ့တဲ့ ဆေးနှစ်သန်း အသုတ်လိုက်ခွဲပြီး ထပ်ရောက်ဖို့ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံအတွင်းမှာပဲ ကိုဗစ်ကာကွယ်ဆေးကို ရုရှားနိုင်ငံရဲ့ အကူအညီနဲ့ ထုတ်လုပ်ဖို့ အခြေခံသဘောတူထားတာ ရှိပါတယ်။ ဒီကိစ္စက ပိုမိုထိရောက်နိုင်ပါတယ်။ ကိုဗစ်ကာကွယ်ဆေးရနိုင်သမျှ ရှောင်းချပေးဖို့နဲ့ မြန်မာနိုင်ငံအတွင်းမှာ ကာကွယ်ဆေးထုတ်ဖို့အစီအစဉ်တွေ ဖြစ်နိုင်သမျှ မြန်မြန်အကောင်အထည်ဖော်နိုင်ဖို့ ကူညီပေးခြင်းအားဖြင့် ရုရှား-မြန်မာနှစ်နိုင်ငံအကြား ဆက်ဆံရေးကို တိုးမြှင့်ဖို့ မေတ္တာရပ်ခံလိုပါတယ်။


ЛИДЕРЫ МИРОВОЙ ПОЛИТИКИ

**в 1948 году установил дипломатические отношения между нашими государствами. Как Вы можете охарактеризовать эти 73 года сотрудничества?**

– Несмотря на удаленное географическое расстояние, наши страны очень близки по духу. Наши отношения – исторические. В течение всего периода, как я занимаю должность Верховного Главнокомандующего Тамадо Мьянмы, связи между нашими вооруженными силами постоянно расширяются. Мы также системно действовали в направлении создания возможностей для развития отношений на новую ступень между государствами и народами. По-моему, сегодня мы еще больше сблизились, достигли высокого доверительного уровня. Однако, уверен, это не предел: нужно наращивать наши взаимоотношения, выгодные контакты, в том числе и во многих других незатронутых пока сферах.

**– Вы очень верно заметили, что Советский Союз всегда занимал активную позицию в экономических отношениях с Мьянмой. Хотя среди главных внешнеэкономических партнеров Мьянмы, к сожалению, России пока нет. По Вашему мнению, какие шаги необходимо сделать, чтобы изменить такое положение?**

– В ходе всех моих визитов в Россию, мы в первую очередь обсуждали именно эту тему. Поэтому в составе нашей сегодняшней делегации присутствуют представители разных профессиональных сфер. Они приехали в Россию, как Вы заметили, для развития торгово-экономических отношений, для обсуждения вопросов внешней торговли, туризма, городского развития, обмена в области культуры и т.д. Все эти вопросы очень важны для наших взаимосвязей и развития широкого сотрудничества. Даже хотел бы назвать их необходимыми. А самое необходимое, на мой взгляд, первостепенное — это начать на практике взаимовыгодные проекты. Ведь что для любого проекта главное? Ну конечно же первый шаг. И мы к этому шагу готовы.

**– Убеждена, что и у нас есть такое желание активизации всесторонних отношений между Россией и Мьянмой. Хотя есть маленькая загвоздочка: по сравнению с другими странами, Ваше государство еще не так открыто, к примеру, для туризма. Тем самым первым разумным шагом, о котором Вы говорили, мог бы стать, по нашему мнению, безвизовый режим между нашими странами. Россиянам нравится Мьянма – Ваша страна очень интересна и как туристическое направление, и как потенциальный деловой партнер, в том числе и для частных предпринимателей. Но когда вопрос касается получения визы, то предпочтение отдается соседним странам, с которыми уже много лет установлен безвизовый режим. Можете ли Вы, господин старший генерал, выступить инициатором введения безвизового режима с Россией? Предложить, в частности, МИД России рассмотреть этот вопрос? Это реально было бы полезно для наших стран и народов.**

– Спасибо за такой совет. Я постараюсь сделать все возможное. Наша страна – это Государство с действительно богатым международным туристическим ресурсом. Древние и исторические пагоды, буддийские монастыри, центры медитации, красивые морские пляжи, снежные горы, природные красоты – всё у нас есть.

Politic Magazine အမှတ်စဉ် (၁၂၀) တွင် ဖော်ပြခဲ့သည့် ဓာတ်ပုံမြင်ကွင်း။

ယခုလို အနှစ်သာရရှိတဲ့ အမေးအဖြေတွေကို စိတ်ရှည်လက်ရှည် ထဲထဲဝင်ဝင် ရှင်းလင်းဖြေကြားပေးခဲ့တဲ့အတွက်ရော ကျွန်မတို့ ရုရှားနိုင်ငံအပေါ်ထားရှိတဲ့ ဖြူစင်ရိုးသားချစ်ခင်လေးစားတဲ့ စိတ်ထားတွေအတွက်ရော ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ရုရှားနိုင်ငံဟာလည်း မြန်မာနိုင်ငံလို တိုင်းရင်းသားမျိုးနွယ်စုပေါင်းများစွာ တူယှဉ်တွဲနေထိုင်လျက်ရှိတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့်ပဲ မြန်မာနိုင်ငံလည်း အမြန်ဆုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စစ်မှန်တဲ့ ငြိမ်းချမ်းရေးကို ဆောလျင်စွာရရှိကာ ရုရှားနိုင်ငံနဲ့လည်း ဆတက်ထမ်းပိုး တိုး၍ ချစ်ကြည်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုပါတယ်။

ယခုလို ကျေးဇူးတင်စကား ဆုတောင်းစကားများကို ကြားရတဲ့အတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းသာပီတိဖြစ်မိပါတယ်။ ရုရှားနိုင်ငံအကြောင်း အနည်းငယ်ထပ်လောင်း ပြောကြားလိုပါတယ်။ ရုရှားပြည်သူ၊ ပြည်သားတွေဟာ ဒုတိယကမ္ဘာစစ်အတွင်းမှာ ဖက်ဆစ်စနစ်ကို ကြံ့ကြံ့ခံတိုက်ဖျက်ခဲ့သူတွေဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူတွေဟာလည်း ဒီလိုပါပဲ။ ၁၉၉၀ ပြည့်နှစ်တစ်ဝိုက် ကာလတွေမှာလည်း ရုရှားပြည်သူလူထုအနေနဲ့ ပြုပြင်ပြောင်းလဲမှုနဲ့ အချို့ အင်အားကြီးနိုင်ငံတွေ၊ အဖွဲ့အစည်းတွေရဲ့ စွက်ဖက်မှုကို ကြံ့ကြံ့ခံရင်း ရုရှားကို အင်အားကြီးနိုင်ငံအဖြစ် ပြန်လည်တည်ဆောက်ခဲ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ပြည်သူလူထုလည်း ဒီလိုပါပဲ။ သို့သော် ကျွန်တော်တို့က အခုထိ ရုန်းကန်တည်ဆောက်နေရဆဲ ဖြစ်ပါတယ်။ သမိုင်းဖြစ်စဉ်ဖြစ်ရပ်တွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေ၊ ရင်ဆိုင်နေရဆဲ အခက်အခဲတွေ တူညီကြပါတယ်။ ဒါ့ကြောင့် ရုရှားပြည်သူပြည်သားတွေရဲ့ စိတ်ဓာတ်နဲ့ လုံ့လဝီရိယတွေကို ချီးကျူးပါတယ်။ မြန်မာနိုင်ငံပြည်သူလူထုနဲ့ ကျွန်တော်တို့အစိုးရရဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်တည်ဆောက်မှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်မှု တွေမှာလည်း တတ်နိုင်တဲ့ဘက်က အားပေးဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။

**ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူ ငါးချက်ဟာ ခေတ်အဆက်ဆက် မြန်မာ့နိုင်ငံခြားရေးမူဝါဒရဲ့ အခြေခံရေသောက်မြစ်ဖြစ်ပါတယ်။ ကျွန်တော်တို့ ၁၉၅၄ ခုနှစ်မှာ လက်မှတ်ရေးထိုး စတင်ခဲ့ပါတယ်။ ဒီမူကြီး ငါးရပ်ဟာ ယနေ့အထိ နိုင်ငံတကာရဲ့ နိုင်ငံအချင်းချင်း ဆက်ဆံရာမှာ လက်ကိုင်ထားစံပြုနေရတဲ့မူတွေပဲ ဖြစ်ပါတယ်။ နိုင်ငံတွေရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားခြင်း၊ ကျူးကျော်မှုကို ရှောင်ရှားခြင်း၊ ပြည်တွင်းရေးကိစ္စများကို ဝင်ရောက်စွက်ဖက်မှုမပြုခြင်း၊ တန်းတူရည်တူရှိမှုနဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်မှု စတာတွေဟာ ကမ္ဘာ့မိသားစုကြီးအတွက် ငြိမ်းချမ်းမှုနဲ့ သာယာဝပြောမှုတွေကို စဉ်ဆက်မပြတ်ဖြစ်စေမယ့် အကြောင်းအရာတွေပါ**

# အကြမ်းဖက်မှုများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် သတင်းပေးသူနှင့် ဖမ်းဆီးသူများအား ထိုက်တန်စွာဆုချီးမြှင့်မည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ချက်

၁။ အကြမ်းဖက်အုပ်စုများဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ(NUG) နှင့် ယင်းက အမည်အမျိုးမျိုးဖြင့် ဖွဲ့စည်းထားသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) အဖွဲ့များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မပြုနိုင်စေရန်အတွက် အစိုးရ၏ အုပ်ချုပ်ရေး ယန္တရားများ ပျက်ပြားစေရန်၊ ပြည်သူလူထုအား ကြောက်ရွံ့မှုများဖြစ်ပေါ်စေပြီး ၎င်းတို့အား ထောက်ခံလာစေရန် အကြမ်းဖက်တိုက်ခိုက်မှုများကို နေ့စဉ်ကျူးလွန်လျက်ရှိပါသည်။

၂။ အကြမ်းဖက်မှုများသည် ပြည်သူတို့၏ လူမှုဘဝလုံခြုံမှုကို ခြိမ်းခြောက်လျက်ရှိပြီး စိုးရိမ်ကြောက်လန့်မှုများ ဖြစ်ပေါ်စေကာ၊ နိုင်ငံနှင့် လူမျိုးဂုဏ်သိက္ခာနိမ့်ကျစေသည်ဖြစ်၍ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန် အထူးလိုအပ်ပါသည်။

၃။ အကြမ်းဖက်မှုဆိုသည်မှာ မိမိကိုယ်တိုင် အကြမ်းဖက်တိုက်ခိုက်မှုတွင် မပါဝင်သော်လည်း အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတို့နှင့်စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုတစ်ခုခုကို ပြုလုပ်ပါက အကြမ်းဖက်မှု ကျူးလွန်ရာရောက်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူခြင်းခံရမည် ဖြစ်ပါသည်-

(က) အကြမ်းဖက်အုပ်စုတစ်ခုခုတွင်ဖြစ်စေ၊ အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင်ဖြစ်စေ ပါဝင်စေရန် တိုက်တွန်းမှု၊ စည်းရုံးသိမ်းသွင်းမှု၊ ဝါဒဖြန့်မှု၊ စုဆောင်းရန် ပြုလုပ်မှုများ၊

(ခ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကို ဖမ်းဆီးအရေးယူနိုင်ခြင်း မပြုနိုင်စေရန်၊ လွတ်မြောက်စေရန် ထိမ်ချန်ခြင်း၊ သိလျက်နှင့် ခိုလှုံခွင့်ပေးခြင်း၊ ပုန်းအောင်းခွင့်ပေးခြင်း၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးခြင်း၊ ဝှက်ထားခြင်း၊

(ဂ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကို အဆောက်အအုံနှင့် နေရာတစ်ခုခုကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့်၊ အကြမ်းဖက်မှုဆိုင်ရာ လေ့ကျင့်သင်တန်းပေးရန်၊ သယ်ယူပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ပြုလုပ်မှုများ၊

(ဃ) အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စု တစ်ခုခုအတွက် ငွေကြေးထောက်ပံ့ခြင်း၊ ကောက်ခံခြင်း၊ လက်ခံခြင်း၊ ပေးပို့ခြင်း၊ လွှဲပြောင်းခြင်း၊ ယင်းကဲ့သို့ပြုလုပ်ရန် ညွှန်ကြားခြင်း၊ ပါဝင်ဆောင်ရွက်ခြင်း။

၄။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူခံရပါက အရေးယူခြင်းခံရသူပိုင် ငွေကြေးနှင့် ပစ္စည်းများကို ထိန်းချုပ်သိမ်းဆည်းခြင်းခံရမည်ဖြစ်ပြီး ပြစ်မှုထင်ရှားပါက နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရပါမည်။

၅။ အကြမ်းဖက်မှုများ တိုက်ဖျက်ရာတွင် သတင်းရရှိရေးသည် အလွန်အရေးကြီးပါသဖြင့် ပြည်သူများအနေဖြင့် အကြမ်းဖက်သမား၊ အကြမ်းဖက်အုပ်စုများနှင့် စပ်လျဉ်း၍ သိရှိထားသည့် သတင်းများ၊ အကြမ်းဖက်မှုဖြစ်စေရန် အင်တာနက်၊ ဖေ့စ်ဘုတ်တို့တွင် လုပ်ကြံဖန်တီးထားသော သတင်းမှားများ ထုတ်လွှင့်နေသူများကို သက်ဆိုင်ရာ ရဲစခန်း၊ လုံခြုံရေးအဖွဲ့အစည်းများသို့ သတင်းပေးရန် လိုအပ်ပါသည်။ သတင်းပေးသည့် တာဝန်သိပြည်သူများနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်-

(က) သတင်းပေးသူသည် မိမိ၏ အမည်၊ နေရပ်တို့ကို ဖော်ပြခြင်းမပြုဘဲ သတင်းပေးနိုင်ပါသည်၊

(ခ) သတင်းပေးသူအား အထူးလျှို့ဝှက်ထားမည်ဖြစ်ပြီး စစ်ဆေးမေးမြန်းခြင်း၊ သက်သေခံစေခြင်း လုံးဝပြုလုပ်မည် မဟုတ်ပါ၊

(ဂ) သတင်းပေးသူ၏ လုံခြုံမှု၊ ၎င်းနှင့် ဆက်စပ်ပတ်သက်သူများ၏ လုံခြုံမှုတို့ကို တာဝန်ယူပေးမည် ဖြစ်ပါသည်၊

(ဃ) သတင်းမှန်ကန်မှုနှင့် ဖော်ထုတ်ဖမ်းဆီးရရှိမှုအပေါ် မူတည်၍ သတင်းပေးသူနှင့် ဖမ်းဆီးသူတို့အား ငွေပမာဏ ကန့်သတ်မထားဘဲ ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးမည် ဖြစ်ပါသည်။

၆။ သို့ဖြစ်၍ ပြည်သူလူထုအနေဖြင့် မိမိတို့၏ လူမှုဘဝလုံခြုံမှု အပြည့်အဝရရှိစေရန်နှင့် စိုးရိမ်ကြောက်လန့်မှုများမှ ကင်းဝေးစေရန် မိမိပတ်ဝန်းကျင်၌ အကြမ်းဖက်သမားများ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်များမရှိစေရေး ဝိုင်းဝန်းဖော်ထုတ်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှ စဉ်ဆက်မပြတ်တင်သွင်းနိုင်ရေးအတွက် ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများအား ပြည်ပမှ စဉ်ဆက်မပြတ် တင်သွင်းနိုင်ရေးအတွက် ပိတ်ရက်မရှိ စီစဉ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၈ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ တာချီလိတ် ကုန်သွယ်ရေးစခန်းလေးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီကိုးခုမှ ယာဉ်စီးရေ ၂၂ စီးဖြင့် အောက်ဆီဂျင်(အရည်) (Bowser) ယာဉ်လေးစီးဖြင့် ၇၄ တန်၊ အောက်ဆီဂျင် (အိုးခွံ) ၆၂၀၀၊ အောက်ဆီဂျင် Plant ၂၁ ခု၊ Oxygen Generator နှစ်ခု၊ အိမ်သုံး



Oxygen Concentrator ၇၅၉ ခု၊ PPE ဝတ်စုံ ၂၀၆၃၀၊ လက်အိတ်နှစ်တန်နှင့် နှာခေါင်းစည်း (Mask) ၄၉ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည် (Bowser) ယာဉ်လေးစီးမှာ မန္တလေးမြို့သို့ဖြစ်ပြီး Oxygen Plant ၂၁ ခုမှာ ရန်ကုန်မြို့သို့ဖြစ်ကြောင်း သိရှိရသည်။

ဩဂုတ်လအတွင်း ယာဉ်စီးရေ ၁၃၅၉ စီးဖြင့် အောက်ဆီဂျင်အရည်(Bowser) ယာဉ်ဖြင့် ၁၅၃၁ တန်၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) တန် ၃၆၀၊ အောက်ဆီဂျင်ဓာတ်ငွေ့(အိုးဖြင့်) ၇၄ တန်၊ Storage Container ၁၆ ခု၊ အောက်ဆီဂျင်(အရည်) Distributor ကိုးခု၊ အောက်ဆီဂျင်(အိုးခွံ) ခုရေ ၁ ဒသမ ၈ သိန်း၊ Oxygen Plant ၈၂ ခု၊ ဆေးရုံသုံးအောက်ဆီဂျင်ဖြည့်စက်သုံးခု၊ Oxygen Generator ၂၂ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ခုရေ ဂ ဒသမ ၉ သိန်း၊ Test Kit ခုရေ ၁ ဒသမ ၉ သိန်း၊ PPE အစုံရေ ၇ ဒသမ ၆ သိန်း၊ လက်အိတ် ၁၀၃ တန်နှင့် နှာခေါင်းစည်း (Mask) ၁၇၆၁ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

ဩဂုတ်လအတွင်း ပြည်ပမှ တင်သွင်းလာသည့် အောက်ဆီဂျင်အရည်(Bowser) ယာဉ်စုစုပေါင်း ၆၈ စီးမှာ ရန်ကုန်မြို့သို့ ၅၄ စီး၊ မန္တလေးမြို့သို့ ငါးစီး၊ နေပြည်တော် သုံးစီး၊ မော်လမြိုင် နှစ်စီး၊ ပဲခူး နှစ်စီး၊ မုံရွာနှင့်သံဖြူဇရပ်တစ်စီးစီ ဖြစ်ကြောင်း သိရှိရသည်။ Oxygen Plant စုစုပေါင်း ၈၂ ခုမှာ ရန်ကုန်မြို့သို့ ၄၁ ခု၊ မန္တလေးမြို့သို့ ခုနစ်ခု၊ လားရှိုး လေးခု၊ ပဲခူး လေးခု၊ မြစ်ကြီးနား လေးခု၊ ကျောက်ပန်းတောင်း သုံးခု၊ မုံရွာ နှစ်ခု၊ ပခုက္ကူ နှစ်ခု၊ ဘားအံ နှစ်ခု၊ မော်လမြိုင်၊ တောင်ကြီး၊ နေပြည်တော်၊ မြစ်သား၊ မိုးကောင်း၊ မကွေး၊ မြင်းခြံ၊ ကျောက်တံခါး၊ ဝါးခယ်မ၊ သံဖြူဇရပ်၊ ထားဝယ်၊ ကွမ်းခြံကုန်း၊ စစ်တွေသို့ တစ်ခုစီ ဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပြီး ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့်တာဝန်ခံ (Contact Person) များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။ **သတင်းစဉ်**

## မိုင်းယန်းမြို့၌ ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဦးစားပေးအုပ်စုအလိုက် ဒုတိယအကြိမ် ထိုးနှံပေး

**မိုင်းယန်း ဩဂုတ် ၂၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းယန်းမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဦးစားပေးအုပ်စုအလိုက် ဒုတိယအကြိမ် ထိုးနှံပေးခြင်းကို ဩဂုတ် ၂၈ ရက်က မြို့မအားကစားရုံ၌ ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ စတင်ထိုးနှံပေးသည်။

ကာကွယ်ဆေးထိုးနှံပေးခြင်းကို အမှတ်(၁၂) စစ်မြေပြင်ဆေးတပ်ရင်း (၄/၁/၁၂) မှ ဗိုလ်ကြီးရန်လင်းအောင် ဦးစီးသည့် ဆေးဝန်ထမ်းများနှင့် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ဦးဘဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများက မိုင်းယန်းမြို့ပေါ်(၁၁)ရပ်ကွက်ရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ၊ အစိုးရ/ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ပရဟိတများ၊ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်း၊ ဘာသာရေးကျောင်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းအတူနေမိသားစုများ၊ ပုဂ္ဂလိကဘဏ်ဝန်ထမ်းများ၊ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံဝန်ထမ်းများ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ၊ ပုဂ္ဂလိကပို့ဆောင်ရေးလုပ်ငန်းများနှင့် Super Market/ ဈေးသည်များ အစရှိသည့် ဦးစားပေးအုပ်စုအလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးသည်။

**ခွန်ရဲထွေး (ပြန်/ဆက်)**

# ဟားခါးမြို့၌ နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးနေ



**ဟားခါး ဩဂုတ် ၂၈**

ချင်းပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ဟားခါးမြို့တွင် တာဝန်ထမ်းဆောင်သည့် နိုင်ငံ့ဝန်ထမ်းများအား ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီမှစ၍ ဟားခါးမြို့ ဗိုလ်တိုက်ချွန်းခန်းမနှင့် ခိုင်ကမ်းအားကစားရုံတို့တွင် ဆီနိုဖမ်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု အခြေအနေကို ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကာကွယ်ဆေးထိုးနှံပေးသည့် ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။ **(အပေါ်ယာပုံ)**

ထိုသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံခြင်းကို ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြည်သူ့ဆေးရုံကြီးတို့မှ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်အထူးကုဆရာဝန်များ၊ ဆေးမှူးများနှင့် စေတနာ့ဝန်ထမ်းများက ပူးပေါင်း၍ ထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

ဟားခါးမြို့ရှိ နိုင်ငံ့ဝန်ထမ်းများအား ဩဂုတ် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် သတ်မှတ်ဆေးထိုးစုရပ်နေရာများတွင် ထိုးနှံပေးမည်ဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟားခါးမြို့ရှိနေရာလေးနေရာ၌ RDT Test Kit ဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိ စစ်ဆေးမှု ဆောင်ရွက်သည့်နေရာများသို့ သွားရောက်ကြည့်ရှုပြီး ကျန်းမာရေး စစ်ဆေးပေးသည့်အဖွဲ့များအား ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၂၈–** ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း (အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်း ကမ်းလွန်-ဩရိဿတောင်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၈-၈-၂၀၂၁)ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Price in Kyats(Retail) | Company Name |
|---|---|---|---|
| Antibiotics | | | |
| 1 | P.O.Cefixime | 3600 | Aorta |
| 2 | P.O Amoxicillin+ Clavulanic Acid | 1800 | Aorta |
| 3 | Injection – Levofloxacin 500 mg | 3000 | Yadanar |
| 4 | Injection – Ceftriazone 1G | 700 | KCL |
| 5 | Injection – Cefoperazone and Sulbactam 1G | 4900 | Ready Medicine |
| 6 | Injection – Cefoperazone and Sulbactam 2G | 9300 | Ready Medicine |
| 7 | Injection – Meropenam | 10000 | AA Medical |
| Anti–inflammatory | | | |
| 8 | P.O Dexamethasone | 1450 | JDS |
| 9 | P.O Prednisolone | 2000 | Aorta |
| 10 | Injection– Dexamethasone | 160 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မိုင်းခုတ်မြို့နှင့် မိုင်းဆတ်မြို့တို့အတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်



**မိုင်းဆတ် ဩဂုတ် ၂၈**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက မိုင်းခုတ်မြို့နယ် တိုက်နယ်ဆေးရုံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း ၁၀၀၀၀၊ လက်သန့်ဆေးရည်ဘူး ၃၀၊ မျက်နှာအကာ ၃၀၀ နှင့် ထောက်ပံ့ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်ပြီး တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများကို တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မိုင်းခုတ်မြို့မှ ၈ မိုင်ခန့်အကွာရှိ ရှုခင်းသာ(၂) အိမ်ခြေ ၂၈ အိမ်ရှိရွာ၌ အခြေခံမူလတန်းကျောင်းသို့ သွားရောက်ကြည့်ရှုပြီး ဒေသဖွံ့ဖြိုးရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် သုံးသိန်းပေးအပ်ရာ ကျေးရွာတာဝန်ရှိသူတစ်ဦးက လက်ခံယူကြောင်း သိရသည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိုင်းဆတ်မြို့နယ် ဇီယွန်ဟိုတယ်၌ မိုင်းဆတ်မြို့/ခရိုင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့်တွေ့ဆုံပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကြိုတင်ပြင်ထားရမည့်လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းအပိုင်းတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှာကြားသည်။

ထို့နောက် မိုင်းဆတ် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့သို့ ငွေကျပ် ၁၀ သိန်း၊ နှာခေါင်းစည်း ၂၀၀၀၀၊ လက်သန့်ဆေးရည်ဘူး ၅၀၊ မျက်နှာအကာ ၅၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀ ၊ ဆေးရုံသုံးဝတ်စုံ ၁၀၀၊ ဆေးရုံသုံး ဦးထုပ် ၁၀၀ နှင့် ဆေးဝါးများကိုလည်းကောင်း၊ မိုင်းဆတ်မြို့နယ်၊ မိုင်းတုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့သို့ ထောက်ပံ့ငွေကျပ် ၁၀ သိန်းစီကိုလည်းကောင်း ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်သည်။

ထို့နောက် Clean and Green City ခေါင်းစဉ်ဖြင့် ဆောင်ရွက်နေသော ဝိုင်းနေ – ဝိုင်းကောင်းလမ်း ကတ္တရာခင်း ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် မိုင်းဆတ်ပြည်သူ့ဆေးရုံအား သွားရောက်၍ ဆေးရုံတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ်ငါးသိန်း၊ စားစရာနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများကို ပေးအပ်ရာ ဆေးရုံတာဝန်ခံက လက်ခံယူသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိုင်းဆတ်မြို့နယ် ဝိန်းနေကျေးရွာ ဦးဆန်းညွန့် စိုက်ပျိုးထားသည့် ဆင်းကေရီ-၃/Cs လယ် နှစ်ဧကတွင် မျိုးကွဲစပါး နုတ်နေမှုကို သွားရောက်ကြည့်ရှုပြီး တောင်သူများကို ချီးမြှင့်ငွေပေးအပ်သည်။ ဆက်လက်၍ မိုင်းဆတ်မြို့ ဓာတ်စွမ်ယောင်းစေတီတော်သို့ အလှူငွေကျပ်၁၀သိန်း လှူဒါန်းပြီး နယ်မြေခံဆက်သွယ်ရေးတပ်ရင်းမိသားစု ဖူလုံရေးစိုက်ခင်းနှင့် ဒေသကြက်မွေးမြူရေးခြံ၊ ဆိတ်ခြံ၊ ရာသီ သီးနှံစိုက်ခင်းများကို ကြည့်ရှုကာ အမှတ်(၁၁) ခုတင်(၁၀၀)စစ်ဆေးရုံအတွက် ထောက်ပံ့ငွေကျပ် ငါးသိန်း ပေးအပ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများအတွက် ထောက်ပံ့

**ကော့ကရိတ် ဩဂုတ် ၂၈**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ၌ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ပထမအကြိမ် မိုးစပါး ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ခရိုင်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး (ကိုယ်စား) ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထင်လင်းစိုးက အမှာစကား ပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နော်သူးလေထီးက ကော့ကရိတ်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးစိုက်ခင်းဧကများကို ပြန်လည်ထူထောင်ရန်အတွက် ပထမအကြိမ် ထောက်ပံ့ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ပထမအကြိမ် လှူဒါန်းထားသည့် ဆင်းသုခမိုးစပါးတင်း ၃၄၀ ကို စပါးစိုက်ခင်းတစ်ဧကလျှင် တစ်တင်းနှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ရာ ကော့ကရိတ်မြို့နယ်အတွင်း ရေကြီးနစ်မြုပ် ပျက်စီးခဲ့သည့် ကျေးရွာအုပ်စု ၂၀ မှ တောင်သူ ၃၅၅ ဦးတို့က လက်ခံရယူကြောင်း သိရသည်။

ကော့ကရိတ်မြို့နယ် အတွင်းတွင် ဇူလိုင်လ နောက်ဆုံးပတ်က မိုးအဆက်မပြတ် ရွာသွန်းမှုနှင့် အတူ ဟောင်သရောမြစ်နှင့် ဂျိုင်းမြစ်ရေကြီးမှုကြောင့် ကျေးရွာအုပ်စုပေါင်း ၂၀မှ တောင်သူ ၃၅၅ ဦးတို့၏ မိုးစပါးစိုက်ခင်းဧက ၈၃၅ ဧက ရေကြီးနစ်မြုပ် ပျက်စီးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**စောအောင်မျိုးလွင် (ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**သတင်းအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၈/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ဩဂုတ် ၂၇ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲအဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေး အဖွဲ့ကိုယ်စားလှယ်များက မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**



နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များ ခင်းကျင်းပြသထားသည်များကို ကြည့်ရှုလေ့လာစဉ်။

## ရှေ့ဆက်မည့် လုပ်ငန်းများ ရှင်းလင်း

ဦးစွာ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ရှင်းလင်းပြောကြားရာတွင် ယနေ့ သတင်းစာရှင်းလင်းပွဲကို တက်ရောက်လာကြသည့် နိုင်ငံတကာမှ ကိုယ်စားလှယ်များ၊ သတင်းထောက်များ၊ ဌာနဆိုင်ရာများမှ ပြောရေး ဆိုခွင့်ရှိသူများအားလုံး ကိုဗစ်-၁၉ ရောဂါမှ ကင်းဝေးပြီး ကျန်းမာကြပါစေဟု ဆုတောင်းမေတ္တာပို့သပါကြောင်း၊ ယနေ့သတင်းစာရှင်းလင်းပွဲကို အပိုင်း ၂ ပိုင်းနှင့် ပြုလုပ်သွား မည်ဖြစ်ကြောင်း၊ ပထမပိုင်းတွင် မိမိနှင့် UEC မှ ဦးခင်မောင်ဦးတို့က ရှင်းလင်းတင်ပြမည်ဖြစ်ပြီး နိုင်ငံတကာ သံတမန်များက မေးမြန်းလိုသည့် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့နောက် မိမိတို့ ပြသထားသည့် စာရွက်စာတမ်းများ၊ အထောက်အထားများအား နိုင်ငံတကာ သံတမန်များကို လိုက်လံရှင်းလင်းပြသမည်ဖြစ်ကြောင်း၊ ယင်းနောက် နိုင်ငံတကာသံတမန်များ၊ ကိုယ်စားလှယ်များ ထွက်ခွာမည်ဖြစ်ကြောင်း၊ နိုင်ငံတကာသံတမန်များ၊ ကိုယ်စားလှယ်များ သတင်းစာရှင်းလင်းပွဲခန်းမက ထွက်ခွာပြီးနောက်ပိုင်းတွင် ဒုတိယပိုင်း အစီအစဉ်အဖြစ် တက်ရောက်လာကြသည့်သတင်းထောက်များက မေးခွန်းများ မေးမြန်းခြင်းနှင့် မိမိက ဖြေကြားခြင်းအစီအစဉ်ကို ဆက်လုပ်မည့်အကြောင်းကို ကြိုတင်အသိပေးလိုပါကြောင်း၊ ယနေ့သတင်းစာရှင်းလင်းပွဲတွင် နံပါတ် ၁ အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် (၆) လပြည့်မိန့်ခွန်းနှင့် အစိုးရအဖွဲ့ ပြုပြင်ပြောင်းလဲဖွဲ့စည်းမှု၊ နံပါတ် ၂ အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ပတ်သက်ပြီး နိုင်ငံတော်၏ ဆောင်ရွက်ချက်များ၊ နံပါတ် ၃ အနေဖြင့် အစိုးရ၏လုံခြုံရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ချက်များနှင့် နံပါတ် ၄ အနေဖြင့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပေါ် စစ်ဆေးတွေ့ရှိမှု၊ ရွေးကောက်ပွဲရလဒ်ကို ဥပဒေနှင့်အညီ ပယ်ဖျက်ခဲ့မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ပထမဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၆)လပြည့် မိန့်ခွန်းတွင် နိုင်ငံတော်အစိုးရ၏ အခြေခံနိုင်ငံရေး၊ လူမှုရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုပြောကြားခဲ့ပါကြောင်း၊ နိုင်ငံရေးဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တာဝန်ကို ရယူခဲ့စဉ်ကစပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လအတွင်းတွင် ပထမလုပ်ငန်းစဉ်ဖြစ်သည့် မဲစာရင်းစစ်ဆေးခြင်းကို ဆောင်ရွက်ပြီးစီးခဲ့ပြီး တွေ့ရှိချက်များကို အပြီးသတ်ထုတ်ပြန်ခဲ့ပါကြောင်း၊ မဲမသမာမှုစုစုပေါင်း ၁၁,၃၀၅,၃၉၀ (တစ်ဆယ့်တစ်သန်းသုံးသိန်းကျော်) စစ်ဆေးတွေ့ရှိရပါကြောင်း၊ ခိုင်မာစွာတွေ့ရှိထားသည့် မဲမသမာမှုများ၊ NLD ပါတီ အနေဖြင့် အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစားပြုပြီး ဝင်ရောက်စွက်ဖက်၊ မလျော်ဩဇာသုံးစွဲမှု အထောက်အထား မှတ်တမ်းများအရ ရွေးကောက်ပွဲရလဒ်ကို ဖျက်သိမ်းခဲ့ပါကြောင်း၊ ရွေးကောက်ပွဲရလဒ်ကို ဥပဒေနှင့်အညီ ဖျက်သိမ်းပြီးနောက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ထဲမှ နောက်ဆုံးလုပ်ငန်းစဉ်ဖြစ်သည့် "လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပပြီး အနိုင်ရသည့်ပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး" ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယင်းအတွက် ကြိုတင်ပြင်ဆင်မှုများကို စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

## ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ထိုမိန့်ခွန်းတွင် လုပ်ငန်းရပ်အားလုံးကို ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်း ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ပြုလုပ်ပေးမည်ဆိုသည်ကို အာမခံထားပါကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်လာစေရန် အခြေခံလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသာဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိအောင်လည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှ လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်မည်ဖြစ်၍ ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ရွေးကောက်ပွဲမဲဆန္ဒရှင် စာရင်းများမှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသား ပြုခွင့်ရသူ၊ လက်မှတ်မရှိသူ ၄,၈၆၉,၄၂၇ (လေးသန်းရှစ်သိန်းကျော်) ရှိခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် နောင်လာမည့်ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရန်နှင့် မဲစာရင်းများမှန်ကန်မှု ရှိစေရန်အတွက် အကျုံးဝင်သူအားလုံး ကို နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးနိုင်ရေး စီမံချက်ချဆောင်ရွက်လျက် ရှိပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနကို သီးခြားပြန်လည်ဖွဲ့စည်းပြီး ထိုကိစ္စကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်သူအားလုံးကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုပါကြောင်း။

ယင်း ဩဂုတ် ၁ ရက်တွင်ပင် ယခင် အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီကို **"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အိမ်စောင့်အစိုးရအဖွဲ့"** အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ အိမ်စောင့်အစိုးရဆိုသည့် အခေါ်အဝေါ်အတိုင်း နိုင်ငံတော်တာဝန်ကို ရေရှည်ရယူထားမည့် အစိုးရ မဟုတ်ပါကြောင်း၊ ဗဟိုချုပ်ကိုင်မှု ပိုမိုလျှော့ချပြီး နိုင်ငံတော်တာဝန်များကို ပိုမိုလွယ်ကူ၊ လျင်မြန်၊ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

## ကူးစက်မှုနှုန်း ကျဆင်းအောင်ရည်မှန်း

ဆက်လက်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များကို ပြောလိုပါကြောင်း၊ လက်ရှိ အခြားကမ္ဘာ့နိုင်ငံအများစုနည်းတူ မိမိတို့နိုင်ငံတွင်ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းနှင့် ပတ်သက်ပြီး ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို အစိုးရ၊ ပြည်သူလူထု၊ လူမှုရေးအသင်းအဖွဲ့များနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများ၊ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ယခုလအတွင်း ရောဂါကူးစက်မှုနှုန်းကို ၂၀ ရာခိုင်နှုန်းကျော်အထိ လျှော့ချနိုင်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါတတိယလှိုင်း၏ အရှိန်အမြင့် ဆုံးအချိန်ဖြစ်ခဲ့သည့် ဇူလိုင်လ တတိယပတ် ဇူလိုင် ၂၃ ရက်တွင် ကိုဗစ်ရောဂါပိုး စစ်ဆေးခဲ့သူများ၌ ပိုးတွေ့ရှိမှု ၄၁ ရာခိုင်နှုန်းခန့်ရှိခဲ့ပါကြောင်း၊ ယခု ဩဂုတ် ၂၆ ရက်တွင်မူ ၂၁ ရာခိုင်နှုန်းခန့်အထိ ကျဆင်းသွားသည်ကို တွေ့ရှိရပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါသည် အရှင်းပျောက်ကင်းသွားမည့်ရောဂါမျိုး မဟုတ်သော်လည်း မိမိတို့အနေဖြင့် ယခုလထဲတွင်ပင် ရောဂါကူးစက်မှုနှုန်းကို သိသိသာသာကျဆင်းအောင် ရည်မှန်းချက်ထား ဆောင်ရွက်နေပါကြောင်း၊ ဝေဖန်မှုများ၊ တိုက်ခိုက်မှုများ အမျိုးမျိုးကြားထဲက ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ရှေ့တန်းမှ စွန့်လွှတ်စွန့်စားကြိုးစားပြီး တိုင်းပြည်အပေါ် အသိတရားရှိရှိနှင့် ဆောင်ရွက်ခဲ့ကြသည့် ဆရာဝန်များ၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ Volunteer အသင်းအဖွဲ့များ၊ ပြည်သူလူထုအားလုံးနှင့် တပ်မတော်ဆေးတပ်ဖွဲ့ဝင်များအားလုံးကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နိုင်ငံတော်အစိုးရက မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် ကျေးဇူးအထူးတင်ပါကြောင်း လေးလေးနက်နက် ပြောကြားလိုပါကြောင်း ပြောကြားသည်။

*စာမျက်နှာ ၁၁ သို့*

- **လုပ်ငန်းရပ်အားလုံးကို ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်း ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ပြုလုပ်ပေးမည်ဆိုသည်ကို အာမခံထား**
- **တိုင်းပြည် တည်ငြိမ်အေးချမ်းမှုရှိမှ လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်မည်ဖြစ်၍ ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန် တိုက်တွန်း**

*စာမျက်နှာ ၁၀ မှ*

ဆက်လက်ပြီး ကိုဗစ်ကာကွယ်ဆေးများရရှိမှု၊ ထိုးနှံမှုနှင့် ဆက်လက်ဆောင်ရွက်ထားရှိမှုများကို ပြောလိုပါကြောင်း၊ ယခင်အစိုးရလက်ထက်တွင် အိန္ဒိယနိုင်ငံမှ ကိုဗစ်ကာကွယ်ဆေး သန်း ၃၀ ဝယ်ယူရရှိရေး စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ပါကြောင်း၊ အိန္ဒိယမှ ဝယ်ယူခဲ့သည့် ဆေးများထဲမှ နှစ်သန်းနှင့် လှူသည့်ဆေး ၁ ဒသမ ၅ သန်းကို ရရှိခဲ့ပြီးဖြစ်၍ ထိုးနှံပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံထဲတွင်လည်း ကိုဗစ်ဖြစ်ပွားမှု မြင့်မားလာသည့်အတွက် ကျန်ဆေးများကို ဆက်လက် မပို့ဆောင်နိုင်သေးပါကြောင်း၊ ယင်းသည်လည်း မိမိတို့တစ်နိုင်ငံတည်း မဟုတ်ပါကြောင်း၊ ကျန်နိုင်ငံများလည်း အလားတူသာဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေဖြင့် ကာကွယ်ဆေး အဆက်မပြတ်ထိုးနှံနိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် အစိုးရအနေဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုလအတွင်း တရုတ်နိုင်ငံမှ ကာကွယ်ဆေး လေးသန်း ဝယ်ယူရရှိခဲ့ပြီး ကာကွယ်ဆေး နှစ်သန်း လှူဒါန်းခဲ့ပါကြောင်း၊ ဆေးများရောက်ရှိမှုအနေဖြင့် ၂ သန်း ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း၊ ယခုလက်ရှိတိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဦးစားပေးအုပ်စု ၁၂ စု ခွဲခြားပြီး ထိုးနှံပေးလျက်ရှိပါကြောင်း၊ ယခုအပတ်အတွင်း နောက်ထပ် လေးသန်းခန့်ထပ်မံရောက်ရှိလာမည်ဖြစ်ပြီး ကျန်ဆေးများလည်း အသုတ်လိုက်ရောက်ရှိမည်ဖြစ်ကြောင်း၊ နောက်ထပ် ဆေး ၂၄ သန်း ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ထားပြီး ယခုနှစ်အတွင်း ဆေးထိုးနှံရမည့် ပြည်သူလူထု၏ ၅၀ ရာခိုင်နှုန်းကို ဆေးအပြီး ထိုးနှံနိုင်ရေးနှင့် အခြေအနေပေးမည် ဆိုပါက ၅၀ ရာခိုင်နှုန်းအထက် ကျော်လွန်အောင် ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။



၂၂-၇-၂၀၂၁ ရက်က တရုတ်နိုင်ငံမှ ရောက်ရှိလာသော SINOVAC နှင့် SINOPHARM ကိုဗစ်-၁၉ ကာကွယ်ဆေးများ ရောက်ရှိလာစဉ်။

## ကိုဗစ်ဆေး မပျက်မကွက်ထိုးရန်

နိုင်ငံတော် အစိုးရအနေဖြင့်လည်း ပြည်သူလူထုအတွက် ကိုဗစ်ရောဂါ အကာအကွယ် အမြန်ဆုံးရရှိစေရေး ကြိုးစားပြီး ဆောင်ရွက်ပေးနေပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်တွင်း၌ ကိုဗစ်ကာကွယ်ဆေး ထုတ်လုပ်နိုင်ရန်အတွက် မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ရုရှားနိုင်ငံက ကာကွယ်ဆေး နှစ်သန်းလည်း ယခုလထဲတွင် အသုတ်လိုက်ခွဲပြီး ရောက်ရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးရရှိရန်၊ ပြည်သူလူထုကို ကိုဗစ်ရောဂါကူးစက်ဖြစ်ပွားမှု လျော့ချနိုင်ရန်အတွက် အတိုင်းအတာတစ်ခုအထိ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပြီဟု ဆိုရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ပြည်သူလူထုအနေဖြင့် မိမိအတွက်၊ မိမိ မိသားစုအတွက်၊ မိမိအသိုင်းအဝိုင်းအတွက်ဆိုသည့် စိတ်ထားမျိုးနှင့် ကိုဗစ်ကာကွယ်ဆေးထိုးရန် မိမိအလှည့်ရောက်ရှိချိန်တွင် မပျက် မကွက် ထိုးနှံကြရန် အသိပေးလိုပါကြောင်း၊ ယင်းအချိန်တွင် မိမိကျန်းမာရေး၊ မိမိ မိသားစုကျန်းမာရေးထက် အရေးကြီးတာမရှိပါကြောင်း။

ကာကွယ်ဆေးနှင့်ပတ်သက်၍ ပညာရှင်များ၏ ပြောကြားချက်များကို သိရှိပြီးဖြစ်ကြလိမ့်မည်ဖြစ်ကြောင်း၊ ကာကွယ်ဆေး ထိုးထားခြင်းအားဖြင့် ရောဂါကူးစက်မှုကို အတိုင်းအတာတစ်ခုအထိ ကာကွယ်ပေးနိုင်သည့်အပြင် ကူးစက်ခံရလျှင်ပင် ပြင်းထန်သည့် ရောဂါလက္ခဏာ ခံစားရမှု မရှိပါကြောင်း၊ အသက်အန္တရာယ်မှ ကာကွယ်နိုင်ပါကြောင်း၊ ကာကွယ်ဆေး ထိုးပြီးသူနှင့် မထိုးရသေးသူ တော်တော်လေး ကွာခြားပါကြောင်း၊ ထို့ကြောင့် ကောလာဟလများ၊ သွေးထိုးလှုံ့ဆော်သည့် မဟုတ်မမှန်စကားများကို နည်းမျိုးစုံနှင့် ကြားလျှင်လည်း နားမယောင်ကြရန် လိုအပ်သည်ဟု ပြောလိုပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းသည် ပထမလှိုင်း၊ ဒုတိယလှိုင်းတို့နှင့် ကူးစက်ခံရမှုနှုန်း မတူပါကြောင်း၊ ယခု မိမိတို့နိုင်ငံ၌ အများဆုံး တွေ့ရှိခဲ့သည့် Delta မျိုးကွဲသည် ယခင်မျိုးကွဲများထက် ကူးစက်မှုနှုန်း လေးဆခန့် ပိုမိုမြန်ဆန်သည်ကို တွေ့ရပါကြောင်း၊ ကူးစက်ခံရသူများအနေဖြင့် ရောဂါအခံရှိသူများသည် ရောဂါလက္ခဏာများ ပြင်းထန်စွာခံစားခဲ့ ရပြီး အောက်ဆီဂျင် လိုအပ်ချက်များလည်း များပြားခဲ့ပါကြောင်း၊ ကိုဗစ် ကြောင့် နောက်ဆက်တွဲခံစားရသည့် ရောဂါလက္ခဏာများလည်း တွေ့ရှိရပြီး ကိုဗစ်ရောဂါ ပျောက်သွားခဲ့လျှင်ပင် နောက်ဆက်တွဲ ထပ်ဖြစ်လာမည့် ရောဂါများကြောင့် သေဆုံးခဲ့ရသူများလည်း ရှိခဲ့ပါကြောင်း။

ကိုဗစ်တတိယလှိုင်း အရှိန်မြင့်တက်နေစဉ် ဆေးရုံ၊ ဆေးခန်းများ၌ အောက်ဆီဂျင်နှင့် ပတ်သက်ပြီး လိုအပ်ချက်များ ရှိခဲ့ပါကြောင်း၊ ယင်းသို့ ဖြစ်ရခြင်းသည် ကြိုတင်ပြင်ဆင်မှု အားနည်းချက်ကြောင့် ဖြစ်ပါကြောင်း၊ ယခင်အစိုးရ လက်ထက်တွင်ဆေးရုံများက အောက်ဆီဂျင်လိုအပ်ချက်ကို ပုဂ္ဂလိကပိုင် စက်ရုံများ၊ အထူးသဖြင့် ရန်ကုန်၊ မန္တလေးမှသာ ဝယ်ယူဖြည့်တင်း ခဲ့ပြီး ICU လူနာများအတွက် သာထားရှိခဲ့ပါကြောင်း၊ ထို့ကြောင့် အောက်ဆီဂျင်နှင့် ပတ်သက်သည့် အခြေခံအဆောက်အအုံများ ပြည်သူ့ဆေးရုံများတွင် နည်းပါးခဲ့ပါကြောင်း၊ ထို့အပြင် နိုင်ငံရေးလှုံ့ဆော်သူများကြောင့် ဆူပူဆန္ဒပြသည့် လူစုလူဝေး ဖြစ်ပေါ်ခဲ့ခြင်းသည်လည်း ရောဂါကူးစက်မှု မြင့်မားစေရန်အတွက် အခြေခံအကြောင်းရင်းတစ်ရပ် ဖြစ်ခဲ့ပါကြောင်း၊ ယင်းကို အစိုးရအနေဖြင့် အချိန်တိုအတွင်း ဖြေရှင်းနိုင်အောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ အောက်ဆီဂျင် လိုအပ်ချက်များနှင့် ပတ်သက်ပြီး အိမ်နီးချင်း မိတ်ဆွေနိုင်ငံများဘက်မှ Liquid Oxygen များ တင်သွင်းပြီး အရေးပေါ် ဖြေရှင်းခဲ့ရပါကြောင်း၊ နိုင်ငံပိုင်၊ တပ်မတော်ပိုင်နှင့် ပုဂ္ဂလိကပိုင် Oxygen Plant များမှ ဆေးရုံသုံး အောက်ဆီဂျင်များရရှိရေး အင်အားပြည့် ထုတ်လုပ်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုချိန်တွင် အမြင့်ဆုံး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် အနေအထား ရှိသော်လည်း ထုတ်လုပ်မှု၏ ၃၀ ရာခိုင်နှုန်းခန့်သည် Liquid Oxygen မှ ထုတ်လုပ်နေရသည့် အနေအထားဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် လိုအပ်တဲ့ဆေးရုံများ၌ ဆေးရုံသုံး အောက်ဆီဂျင်များ ထုတ်လုပ်နိုင်ရန် ရေရှည်အတွက် မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

## မိတ်ဆွေနိုင်ငံများက လှူဒါန်း

ယင်းနှင့် ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၁ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ပြုလုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ် အဌမအကြိမ်မြောက် အစည်းအဝေးတွင် အထူးအလေးထား ညွှန်ကြားခဲ့ပါကြောင်း၊ ကိုဗစ်တတိယလှိုင်း၏ အမြင့်ဆုံးကာလ၌ ဖြစ်ပွားခဲ့သည့် ဆေးရုံသုံးအောက်ဆီဂျင် လိုအပ်ချက်ကို ဝိုင်းဝန်းကြိုးပမ်း ဖြေရှင်းခဲ့သည့် အဖွဲ့အစည်းများ၊ နိုင်ငံပိုင်နှင့် တပ်မတော်ပိုင်စက်ရုံ၊ အလုပ်ရုံများ၊ ပုဂ္ဂလိကပိုင် လုပ်ငန်းများ၊ လူမှုရေး အဖွဲ့အစည်းများ၊ Liquid Oxygen ကို အချိန်တိုအတွင်း အမြန်ရောက်ရှိအောင် စီစဉ်ပေးခဲ့သည့် အိမ်နီးချင်းတရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ တာဝန်ရှိသူများ အားလုံးကို ပြည်သူလူထုကိုယ်စား မြန်မာနိုင်ငံတော် အစိုးရက အထူး ကျေးဇူးတင်ပါကြောင်းကို လေးလေးနက်နက် ပြောကြားလိုပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ပြောခဲ့သည့် မှုရင်းစကားအတိုင်း မိမိပြောလိုပါကြောင်း၊ **“ ဒီလိုကူညီဆောင်ရွက်တာဟာ ကျွန်တော်တို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများစွာရဲ့ အသက်ကို ကယ်တင်ပေးခဲ့တာလို့ ကျွန်တော်တို့ ခံယူပါတယ်။ ဆောင်ရွက်ပေးခဲ့တဲ့ နိုင်ငံတွေနဲ့ ပြည်သူလူထုကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ် ”** ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် လိုအပ်သည့် အထောက်အကူပစ္စည်းများ၊ ဆေးဝါးများကိုလည်း မိတ်ဆွေနိုင်ငံများနှင့် အဖွဲ့အစည်းများက ဆက်လက်လှူဒါန်းမှုများ၊ ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တရုတ်နိုင်ငံအနေဖြင့် ကာကွယ်ဆေးများအပြင် လိုအပ်သည့် ဆေးပစ္စည်းများ၊ အကာအကွယ်ပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများကို အကြိမ်ကြိမ် လှူဒါန်းခဲ့ပါကြောင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နေပြည်သူများကို ထိုးနှံပေးနိုင်ရန် ကာကွယ်ဆေး တစ်သန်း ထပ်မံလှူဒါန်းခဲ့ပါကြောင်း၊ ထိုင်းနိုင်ငံအနေနှင့်လည်း အထောက်အကူပြုပစ္စည်းများ လှူဒါန်းခြင်း၊ ကူညီပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဩဂုတ် ၁၉ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဟွန်ဆန်၏ စီစဉ်ပေးမှုနှင့် ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးက မြန်မာနိုင်ငံကို လာရောက်ပြီး ကမ္ဘောဒီးယားအစိုးရနှင့် ပြည်သူလူထုက လှူဒါန်းသည့် ပစ္စည်းများနှင့် ငွေများ၊ အာဆီယံ လူသားချင်း စာနာထောက်ထားမှုနှင့် အကူအညီပေးအပ်ရေး ညှိနှိုင်းမှု ဗဟိုဌာန(AHA)က လှူဒါန်းသည့် အလှူငွေများ လာရောက်ပေးအပ်ခဲ့ပါကြောင်း၊ အလားတူ အိန္ဒိယနိုင်ငံကလည်း ဩဂုတ် ၂၀ ရက်က ထောက်ပံ့လှူဒါန်းမှုများ အပါအဝင် ကိုဗစ်ကာလအတွင်း လိုအပ်သည့် အထောက်အကူပစ္စည်းများ၊ ကုသဆေးများ ဝယ်ယူနိုင်ရန်အတွက် လူမှုအဖွဲ့အစည်းများက ထောက်ပံ့ကူညီခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရုရှားနိုင်ငံအနေနှင့်လည်း ကိုဗစ်ကာကွယ်ဆေးများ လှူဒါန်းခြင်း၊ ကာကွယ်ဆေး ဝယ်ယူနိုင်ရန် ကူညီပေးခြင်းနှင့် ထုတ်လုပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်မှုများကို လုပ်ဆောင်နေပါကြောင်း၊ အားလုံးကို မြန်မာနိုင်ငံတော်အစိုးရက ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါကြောင်း။

## ရုံးပိတ်ရက်ရှည် ကြေညာပေး

မိမိတို့၏ ခံယူချက်မှာ လူ့အသက်ထက် အရေးကြီးတာ မရှိပါကြောင်း၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်ပြီး ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးက မိမိတို့အတွက် ဦးစားပေး (၁) ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ကိုဗစ်ရောဂါ ကူးစက်မှု သိသိသာသာဟန့်တားနိုင်ရန်၊ ပြည်သူလူထုကို ထိရောက်သည့် ကာကွယ်ကုသမှုပေးနိုင်ရန်၊ အခြေခံဆေးဝါး လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်၊ ပြည်သူများ၏ အခြေခံကျန်းမာရေး ဗဟုသုတ အသိပညာရရှိရန်၊ တစ်နိုင်ငံလုံး ကာကွယ်ဆေး ထိုးရမည့်သူများ အမြန်ဆုံးကာကွယ်ဆေး ရရှိထိုးနှံနိုင်ရန် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် မြေပြင်အထိကွင်းဆင်း ဆောင်ရွက်လျက်ရှိသလို ရောဂါကူးစက်မှုကွင်းဆက်ပြတ်တောက်နိုင်ရေးအတွက် ဇူလိုင် ၁၇ ရက်မှစပြီး ဝါဆိုလပြည့်နေ့ ရုံးပိတ်ရက်များနှင့်ဆက်စပ်ပြီး တစ်နိုင်ငံလုံး Stay At Home အစီအစဉ်ကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ရုံးပိတ်ရက်ရှည်ကြေညာပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ ရောဂါကူးစက်မှု ၂၀ ရာခိုင်နှုန်းအထိလျော့ချနိုင်ခဲ့ပါကြောင်း။

*စာမျက်နှာ ၁၂ သို့*

**❍ မိမိတို့အနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် ကိုဗစ်ရောဂါ ကူးစက်မှု သိသိသာသာ ဟန့်တားနိုင်ရန်၊ ပြည်သူလူထုကို ထိရောက်သည့် ကာကွယ် ကုသမှုတွေ ပေးနိုင်ရန်၊ အခြေခံဆေးဝါး လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်၊ ပြည်သူများ၏ အခြေခံကျန်းမာရေး ဗဟုသုတ အသိပညာရရှိရန်၊ တစ်နိုင်ငံလုံး ကာကွယ်ဆေး ထိုးရမည့်သူများ အမြန်ဆုံးကာကွယ်ဆေး ရရှိထိုးနှံနိုင်ရန် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိ**

*စာမျက်နှာ ၁၁ မှ*

ကိုဗစ် ရောဂါ ကာကွယ် ထိန်းချုပ်ရေး အတွက် ဗဟိုအဆင့် အစည်းအဝေးများ၊ အရေးပေါ်တုံ့ပြန်ရေး အစည်းအဝေးများကို နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးချုပ်တို့ ဦးဆောင်ပြီး ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခြင်း၊ လက်တွေ့ကျကျစီမံခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တပ်မတော် လေယာဉ်၊ ရဟတ်ယာဉ်များ အသုံးပြုပြီး လစဉ် Mask ၁၂ သန်း ဖြန့်ဝေပေးလျက်ရှိပါကြောင်း။

ကိုဗစ်ကာလအတွင်း တရုတ်၊ လာအိုနှင့် ထိုင်းနိုင်ငံတို့တွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ ပြန်လည်လက်ခံပေးခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၁၇ ရက်မှ ဩဂုတ် ၂၆ ရက်အထိ ၁၂၂၄၈ ဦး လက်ခံပြီးဖြစ်ပါကြောင်း။ လက်ခံရာတွင် ကိုဗစ်ရောဂါပိုး စစ်ဆေးသည့်အခါ ကိုဗစ်ပိုးတွေ့ရှိသူ ၂၄၂ ဦးကို စနစ်တကျ ကုသပေးလျက်ရှိပြီး ကင်းရှင်းသူများကိုလည်း နေရပ်ဌာနသို့ စနစ်တကျ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ပါကြောင်း၊ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကလိုအပ်သည့်ဆေးဝါးနှင့် ဆက်စပ်ဆေးပစ္စည်းများ စဉ်ဆက်မပြတ်ရရှိရေး ထုတ်လုပ်နိုင်ရေးတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ FDA နှင့် ကိုက်ညီသည့် ဆေးဝါး၊ ဆေးပစ္စည်းများကို အခွန်လျှော့ပေါ့ခဲ့ပြီး လွတ်လွတ်လပ်လပ် တင်သွင်းဖြန့်ဖြူးခွင့်ရအောင် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ဆောင်ရွက်ခဲ့ပါကြောင်း၊ Slide တွင် ပြသထားသည့် စာရင်းများမှာ ကုန်သွယ်ရေးစခန်းများ၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် ဆိပ်ကမ်းများက တင်သွင်းခဲ့ရသည့် စာရင်းများဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ကာလအတွင်း အများပြည်သူအတွက် ဆေးဝါးဈေးနှုန်းမြင့်တက်မှု မရှိစေရေးရည်ရွယ်ပြီး ဆေးကိုဒေါင်များကို သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့် စစ်ဆေးခဲ့ပါကြောင်း၊ စစ်ဆေးတွေ့ရှိချက်များအရ ဈေးနှုန်းမြှင့်တင်ရန် ရည်ရွယ်ချက်နှင့် ထိန်းချုပ်ရောင်းချခြင်း၊ ပြည်တွင်း၊ ပြည်ပမှ ဝယ်ယူတင်သွင်းသည့် အထောက်အထားများ တင်ပြနိုင်မှု မရှိခြင်း၊ သိုလှောင်ထားသည့် ပမာဏများပြားပြီး ဈေးကစားရန်ရည်ရွယ်ချက်နှင့် သိုလှောင်ထားခြင်းများကို တွေ့ရသည့်အတွက် ကုမ္ပဏီ ၁၀ ခုကို ထိထိရောက်ရောက် စစ်ဆေးလျက်ရှိကြောင်း။

ကိုဗစ်ကာလအတွင်းတွင် ပြည်သူများ စားဝတ်နေရေး ပြေလည်စေရေးအတွက် အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရွေ့လျားဈေးကား (Mobile Market) များဖြင့် လိုက်လံ ရောင်းချပေးလျက်ရှိသည့်အပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အသုံးများသည့် ဆေးဝါးများ ဈေးနှုန်းမှန်ကန်စွာ ရရှိရေးအတွက်လည်း တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဆေးဝါးများ လက်လီလက်ကား ရောင်းချပေးခြင်းအစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ ဆေးဈေးနှုန်းများကိုလည်း နေ့စဉ် ထုတ်ပြန်ကြေညာပေးလျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (EAO) ဒေသများတွင် ရှိနေသူများကိုပါ ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ EAO အဖွဲ့များက ဆက်သွယ်အကြောင်းကြားလာသည့်အတွက် EAO အဖွဲ့များ ရှိရာနေရာက အကျုံးဝင်သည့် ဒေသခံပြည်သူများကို ကာကွယ်ဆေးထိုးနှံနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး စစ်ဘေးရှောင်စခန်း(IDP Camp)မှ သူများကိုလည်း ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါကြောင်း၊ ဘူးသီးတောင်၊ မောင်တောဒေသနှင့် ရခိုင်ပြည်နယ်ထဲတွင်ရှိနေသည့် ဘင်္ဂါလီများကိုလည်း ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များတွင် မည်သူတစ်ဦးတစ်ယောက်ကိုမှ ချန်လှပ်ထားမည် မဟုတ်ပါကြောင်း၊ အားလုံး လွှမ်းခြုံမှုရစေမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့် တာဝန်ရှိ၊ တာဝန်သိသူများက အမျိုးသားရေးဖြစ်သည့် ကိုဗစ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကို ကြိုးပမ်းဆောင်ရွက်နေစဉ်တွင် ယုတ်မာကောက်ကျစ်သည့် အဖျက်သမားများ၏ ဖျက်လိုဖျက်ဆီး လုပ်ရပ်များက ရှိနေဆဲဖြစ်သည်ကိုလည်း စိတ်မကောင်းဖွယ်ရာတွေ့နေရပါကြောင်း။ NLD ပါတီဝင်များနှင့် ၎င်းတို့ကိုထောက်ခံသူ အစွန်းရောက်များ၏ လှုံ့ဆော်မှု၊ ခြိမ်းခြောက်မှုများကြောင့် ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းအချို့သည် CDM ဆိုသည့် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ပြီး အလုပ်တာဝန်မှပျက်ကွက်ခြင်း၊ အချို့ဆေးရုံများတွင် ဆရာဝန်၊ သူနာပြုများ လုပ်ငန်းခွင် ပျက်ကွက်ခြင်းများ ပြုလုပ်ခဲ့ကြပါကြောင်း၊ ပြည်သူ့ကျန်းမာရေးစနစ်ကို ယိုင်လဲအောင် လုပ်ခြင်းဖြစ်ပါကြောင်း၊ တာဝန်သိ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်မှ ဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများဖြင့် အချို့ဆေးရုံများကို ပြန်လည်ဖွင့်လှစ်ခဲ့ရပါကြောင်း။

ယခုအခါတွင်လည်း **NLD** ပါတီဝင် အစွန်းရောက်များ၊ **NUG, PDF** ကဲ့သို့သော အကြမ်းဖက်အဖွဲ့များအနေဖြင့် ကိုဗစ်နှင့်ပတ်သက်ပြီး မဟုတ်မမှန် သတင်းများ၊ ကာကွယ် ကုသ တားဆီး ထိန်းချုပ်ရေးကို အနှောင့်အယှက်ဖြစ်စေမည့် ကောလာဟလများကို လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ဖြန့်ဝေခြင်း၊ မီဒီယာများမှ ဖြန့်ဝေခြင်းပြုလုပ်ရုံသာမက ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုများကိုပါ ပြုလုပ်လာခြင်းကို တွေ့ရပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့တွင် **Volunteer** အဖွဲ့တစ်ဖွဲ့က ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ အသိပညာပေးဟောပြောပြီး အကာအကွယ် ဆေးပစ္စည်းများ ဝေငှခြင်းကို အကြမ်းဖက် **PDF** အဖွဲ့က သေနတ်နှင့် ပစ်ခဲ့ရာ **Volunteer** အမျိုးသမီးတစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ဆေးရုံကြီးက ခွဲစိတ်ခန်း အထူးကြပ်မတ်ကုသဆောင်တွင် အသုံးပြုသည့် အောက်ဆီဂျင်ပိုက်လိုင်းများကို ထုရိုက်ဖျက်ဆီးခဲ့ပါကြောင်း၊ မရမ်းကုန်းမြို့နယ် အမှတ် (၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ဩဂုတ် ၁ ရက်က ကာကွယ်ဆေးထိုးနှံနေခြင်းကို ၎င်းမြို့ **PDF** အမည်ခံ အကြမ်းဖက်အဖွဲ့များက လက်ပစ်ဗုံးနှင့် လာပစ်ခြင်းများ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၃ ရက်နေ့တွင် ကယားပြည်နယ် ဖယ်ခုံမြို့က ကိုဗစ်ကာကွယ်ဆေး ထိုးနှံနေသည့်နေရာကို ချိန်ကိုက်မိုင်း ဖောက်ခွဲခဲ့ခြင်းများ လုပ်ခဲ့သည့်အတွက် ရဲတပ်ဖွဲ့ဝင် တစ်ဦးကျဆုံးပြီး စေတနာ့ဝန်ထမ်း **(Volunteer)** တစ်ဦး ဒဏ်ရာ ရရှိခဲ့ပါကြောင်း။

ထို့ပြင် ကိုဗစ် စစ်ဆေးရေးဂိတ်များကို တိုက်ခိုက်ခဲ့ပါကြောင်း၊ ဩဂုတ် ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ရှိ စေတနာ့လူမှုကူညီရေးအဖွဲ့က ကိုဗစ်-၁၉ ကူးစက်ခံနေရသူများအတွက် လိုအပ်သည့် အောက်ဆီဂျင် ဝယ်ယူဖြည့်တင်းရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ ပြုလုပ်ရန်အတွက် ဆွေးနွေးနေသည့် အစည်းအဝေးနေရာကို လက်ပစ်ဗုံးနှင့် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့ပါကြောင်း၊ အဆိုပါ ဖြစ်စဉ်မျိုး ၁၈ ကြိမ်ရှိခဲ့ပါကြောင်း၊ ဆိုးရွားယုတ်မာ ကောက်ကျစ်လွန်းသည့် အကြမ်းဖက်မှုများ ဖြစ်ပါကြောင်း၊ ဘယ်နိုင်ငံမှာမှ ထိုသို့အောက်တန်းကျသည့် လုပ်ရပ်မျိုးရှိမည် မဟုတ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ထိုသို့ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့များရှိနေပါကြောင်း၊ ပြည်သူလူထုအနေဖြင့် ထိုအဖျက်သမား၊ အကြမ်းဖက်သမားများကို ပြတ်ပြတ်သားသား ဝိုင်းဝန်းဆန့်ကျင်ကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၈

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

### ၂၈-၈ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၉၅၄၀၄၀၁ | ၃၀၇၈၆၃၆၈ | ၆၅၃၄၀၅ |
| ၂။ | အိန္ဒိယ | ၃၂၆၄၉၉၄၇ | ၃၁၈၅၂၈၀၂ | ၄၃၇၄၀၃ |
| ၃။ | ဘရာဇီး | ၂၀၇၀၃၉၀၆ | ၁၉၆၂၉၆၇၅ | ၅၇၈၃၂၆ |
| ၄။ | ရုရှား | ၆၈၆၃၅၄၁ | ၆၁၃၁၄၄၆ | ၁၈၀၈၄၀ |
| ၅။ | ပြင်သစ် | ၆၇၁၁၂၆၈ | ၆၁၇၀၆၂၅ | ၁၁၄၀၈၃ |
| ၆။ | ဗြိတိန် | ၆၆၆၆၃၉၉ | ၅၂၉၈၆၆၀ | ၁၃၂၂၄၃ |
| ၇။ | တူရကီ | ၆၃၁၁၆၃၇ | ၅၇၈၆၁၁၃၉ | ၅၅၇၁၃ |
| ၈။ | အာဂျင်တီးနား | ၅၁၆၇၇၃၃ | ၄၈၄၆၇၉၅ | ၁၁၁၂၇၀ |
| ၉။ | ကိုလံဘီယာ | ၄၉၀၁၁၆၃ | ၄၇၃၁၉၃၃ | ၁၂၄၆၄၈ |
| ၁၀။ | အီရန် | ၄၈၉၅၄၄၈ | ၄၁၁၇၀၉၈ | ၁၀၅၉၀၁ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၈- ၈ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၀၆၆၄၀၄ | ၃၇၀၇၈၅၀ | ၁၃၁၃၇၂ |
| ဖိလစ်ပိုင် | ၁၉၃၅၇၀၀ | ၁၇၆၀၀၁၃ | ၃၃၀၀၈ |
| မလေးရှား | ၁၆၈၅၅၁၀ | ၁၄၀၁၁၆၀ | ၁၅၈၀၂ |
| ထိုင်း | ၁၁၅၇၅၅၅ | ၉၆၄၃၁၉ | ၁၀၈၇၉ |
| ဗီယက်နမ် | ၄၂၂၄၆၉ | ၂၁၀၉၈၉ | ၁၀၄၀၅ |
| မြန်မာ | ၃၈၉၁၃၄ | ၃၄၃၆၆၈ | ၁၅၀၇၇ |
| ကမ္ဘောဒီးယား | ၉၁၇၇၀ | ၈၇၇၇၄ | ၁၈၇၀ |
| စင်ကာပူ | ၆၇၀၅၀ | ၆၅၉၆၈ | ၅၅ |
| လာအို | ၁၄၄၆၆ | ၄၉၂၈ | ၁၂ |
| ဘရူနိုင်း | ၂၃၈၀ | ၆၁၃ | ၇ |

# အီရန်နျူကလီးယားအရေး အမေရိကန်သမ္မတနှင့် အစ္စရေးဝန်ကြီးချုပ်တို့ ဆွေးနွေး

ဝါရှင်တန် ဩဂုတ် ၂၈

အမေရိကန် သမ္မတဂျိုးဘိုင်ဒင်နှင့် အစ္စရေးဝန်ကြီးချုပ် နဖ်တလီဘန်းနက်တို့သည် နိုင်ငံ့ခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံခဲ့ကြသည်။

၎င်းတို့နှစ်ဦး တွေ့ဆုံပွဲကို ဝါရှင်တန်မြို့တွင် ဩဂုတ် ၂၇ ရက်က ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ နျူကလီးယားလက်နက် ရရှိရန် အီရန်နိုင်ငံ၏ ကြိုးပမ်းချက်ကို ရပ်တန့်နိုင်ရေးအတွက် နှစ်နိုင်ငံစလုံးမှ ခေါင်းဆောင်များက နည်းလမ်းများ ရှာဖွေခဲ့ကြသည်။

သို့သော် ချဉ်းကပ်ပုံ ချဉ်းကပ်နည်းမှာမူ မတူညီကြပေ။ ဘိုင်ဒင်ကမူ ၎င်း၏ အစိုးရအဖွဲ့သည် သံတမန်နည်းလမ်းအရ ဦးစွာကြိုးစားမည်ဟု ပြောသည်။

အကယ်၍သံတမန်နည်းလမ်းကျရှုံးခဲ့လျှင် နောက်ထပ်ရွေးချယ်မှုပြုလုပ်ရန် အဆင်သင့်ရှိသည်ဟု ပြောသည်။ အစ္စရေးဝန်ကြီးချုပ်ကမူ အမေရိကန်သမ္မတအနေဖြင့် ယခုထက်ပို၍ သဘောထားတင်းမာသည့် ချဉ်းကပ်သည့်ပုံစံဖြင့် ပြုလုပ်စေလိုသည်။

ယခင် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်သည် အီရန်အပေါ် ပိတ်ဆို့မှုများ ချမှတ်ခဲ့ပြီး အီရန်နျူကလီးယားစာချုပ်မှလည်း နုတ်ထွက်ခဲ့သည်။

လက်ရှိ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကမူ အဆိုပါစာချုပ်ကို ပြန်လည် အသက်သွင်းလိုသည်။ အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ အကျိုးစီးပွားနှင့် ငြိမ်းချမ်းရေးအတွက် အကူအညီပေးလိုသည်ဟု အမေရိကန်သမ္မတ ဘိုင်ဒင်က ပြောသည်။



အမေရိကန် သမ္မတဂျိုးဘိုင်ဒင်နှင့် အစ္စရေးဝန်ကြီးချုပ် နဖ်တလီဘန်းနက်။

အစ္စရေး ဝန်ကြီးချုပ်ကမူ ပါလက်စတိုင်းကို ဆန့်ကျင်သည်ဟု ထပ်လောင်းပြောခဲ့သည်။

အနောက်ဘက် ကမ်းတွင် ဂျူးများ အခြေချနေထိုင်မှုကို ချဲ့ထွင်သွားရန် အစီအစဉ်ရှိသည်ဟု ဘန်းနက်က ပြောသည်။

အင်န်အိတ်ချ်ကေ

## တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ နေ့စဉ်ကူးစက်ခံရသူ ၁၈၃၄၀ ရှိ

အင်ကာရာ ဩဂုတ် ၂၈

တူရကီနိုင်ငံတွင် ဩဂုတ် ၂၇ ရက် ၌ ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၁၈၃၄၀ ထပ်မံတွေ့ရှိခဲ့ပြီး စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၆၃၁၁၆၃၇ ဦး ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

ကိုဗစ်-၁၉ နှင့်ဆက်စပ်ပြီး သေဆုံးသူပေါင်းမှာ ၅၅၇၁၃ ဦးရှိပြီး ပြီးခဲ့သည့် ၂၄ နာရီအတွင်း ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၁၄၅၂၈ ဦးရှိသည်။

တူရကီနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခြင်းကို ဇန်နဝါရီ ၁၄ ရက်မှစတင် လုပ်ဆောင်ခဲ့ပြီး တရုတ်နိုင်ငံထုတ် ဆီနိုဗက်ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲခွင့်အတွက် ခွင့်ပြုပြီးနောက် ကာကွယ်ဆေးထိုးနှံမှု စတင်ခဲ့ခြင်းဖြစ်သည်။

တူရကီတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကျော့ထိုးပြီးသူ ၄၇ ဒသမ ၅၂ ဦး ရှိပြီး ဒုတိယကြိမ် ကာကွယ်ဆေးထိုးပြီးသူ အရေအတွက်မှာ ၃၆ ဒသမ ၃၈ သန်းရှိသည်။ တတိယအကြိမ် ကာကွယ်ဆေးအပါအဝင်လူပေါင်း ၉၂ ဒသမ ၃၉ သန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးခဲ့ပြီးဖြစ်သည်။

ဆင်ဟွာ

## နိုင်ငံတကာ သတင်းတို

### အာဖဂန်ဒုက္ခသည် ၂၄ ဦး ပေါ်တူဂီနိုင်ငံက လက်ခံ

လစ္စဘွန်း ဩဂုတ် ၂၈

ပေါ်တူဂီနိုင်ငံသည် ဩဂုတ် ၂၇ ရက်က အာဖဂန်ဒုက္ခသည်၂၄ဦးကို လက်ခံခဲ့ပြီး နေတိုးအဖွဲ့ပူးပေါင်းဆောင်ရွက်မှုအရ ကယ်ဆယ်ရေးလုပ်ငန်းတွင် ပါဝင်နေသည့် ပေါ်တူဂီတပ်ဖွဲ့ဝင် လေးဦးမှာလည်း ပေါ်တူဂီနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီဟု သိရသည်။

ပေါ်တူဂီတပ်ဖွဲ့သည် အာဖဂန်နိုင်ငံသားစုစုပေါင်း ၅၈ ဦးနှင့်အတူ ထွက်ခွာခဲ့ပြီး ပေါ်တူဂီအမျိုးသားတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သူ အာဖဂန်များနှင့် ၎င်းတို့၏ မိသားစုဝင်များ ပါဝင်သည်။

ဆင်ဟွာ

# ကယ်လီဖိုးနီးယားတောမီး ဒေသခံလေးသောင်းကျော် နေရာရွှေ့ပြောင်းပေးရ

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၈

ကယ်လီဖိုးနီးယားပြည်နယ်တွင် တောမီးကြောင့် ဩဂုတ် ၂၆ ရက်က ဒေသခံလူပေါင်း ၇၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ဩဂုတ် ၂၇ ရက်အထိ လူပေါင်း ၄၂၀၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး ဖြစ်သည်။

ကယ်လာဗယ်ရပ်စ်ကောင်တီမှ လူပေါင်း ၆၀၀၀ ကို ဩဂုတ် ၂၆ ရက်တွင် ဘေးလွတ်ရာသို့ ပို့ဆောင်ပေးခဲ့သည်။ အဆိုပါဒေသတွင် တောမီးလောင်မှုမှာ အရှိန်ကောင်းလျက်ရှိပြီး အခြားသောဒေသများသို့ပါ မီးလောင်မှုကူးစက်ရန် ခြိမ်းခြောက်လျက်ရှိသည်။

ဩဂုတ် ၂၇ ရက် နံနက်ပိုင်းအထိ နေရာအနှံ့အပြားတွင် ကယ်ဆယ်ရေးအတွက် သတိပေးချက်များ ထုတ်ပြန်ထားပြီး ကယ်လာဗယ်ရပ်စ်ကောင်တီ နေရာအနှံ့အပြားတွင် မီးခိုးငွေ့များနှင့် ဖုံးလွှမ်းနေသည့်အတွက် အမြင်အာရုံ မြင်နိုင်စွမ်းလည်း လျော့ကျနေသည်။

ကီရန်ကောင်တီတွင်လည်း လူပေါင်း ၃၆၀၀ ကို ၎င်းတို့၏ နေအိမ်များမှ စွန့်ခွာကြရန် ဖိအားပေးစေခိုင်းထားရသည်။ အခြားပြည်နယ်များမှ မီးသတ်သမားပေါင်း ၃၂၀၀ မှာလည်း တောမီးကို ငြိမ်းသတ်နိုင်ရေး ပါဝင်ဆောင်ရွက်လျက်ရှိသည်။



ကယ်လီဖိုးနီးယားတွင် တောမီးလောင်နေမှုကို တွေ့ရစဉ်။

ဆင်ဟွာ




ဖေဖော်ဝါရီလအတွင်း ချီလီနိုင်ငံသို့ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ပေးပို့စဉ်။

# ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ချီလီနိုင်ငံက လက်ခံရရှိ

ဆန်တီရာဂို ဩဂုတ် ၂၈

တရုတ်နိုင်ငံ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီမှ ထုတ်လုပ်သည့် ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဩဂုတ် ၂၇ ရက်တွင် ချီလီနိုင်ငံသို့ ပေးပို့ခဲ့သည်ဟု သိရသည်။

ဖေဖော်ဝါရီလမှစတင်ကာ ချီလီနိုင်ငံသို့ ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေး ရောက်ရှိမှုမှာ ၁၆ ကြိမ်ရှိပြီဟု ကျန်းမာရေး ဝန်ကြီးဌာနက ပြောသည်။

ချီလီနိုင်ငံသားများအနက် ၉၀ ရာခိုင်နှုန်းမှာ အနည်းဆုံးတစ်ကြိမ် ကာကွယ်ဆေးထိုးပြီးဖြစ်ပြီး လူတိုင်းလူတိုင်းကို ကာကွယ်ဆေးထိုးပေးရန် မျှော်မှန်းထားကြောင်း၊ ဩဂုတ် ၃၀ ရက်မှစတင်ကာ အသက် ၁၈ နှစ်နှင့်အထက်များကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးသွားရန် ဆောင်ရွက်နေကြောင်း၊ ကျန်းမာရေးဒုတိယဝန်ကြီး ပေါ်လာဒါဇာက ပြောသည်။

ဆင်ဟွာ

## ဆော်ဒီဦးဆောင်သည့် လေကြောင်းတိုက်ခိုက်မှု ယီမင်နိုင်ငံရှိ ဟူသီ ၂၀ သေဆုံးရ

အေဒင် ဩဂုတ် ၂၈

ယီမင်နိုင်ငံအရှေ့မြောက်ပိုင်းပြည်နယ် အယ်ဂျော့ဖ်တွင် ဆော်ဒီဦးဆောင်သည့် မဟာမိတ်များ၏ လေကြောင်းထိုးစစ်စဉ်တိုက်ခိုက်မှုကြောင့် ဟူသီများဘက်မှ ၂၀ သေဆုံးခဲ့ရသည်ဟု ဩဂုတ် ၂၇ ရက်တွင် ယီမင်အစိုးရက ကြေညာသည်။

ဟူသီစစ်သွေးကြွများ ပိုင်ဆိုင်သည့် စစ်ဘက်သုံးယာဉ်များနှင့်ထရပ်ကားများကိုလည်း ဖျက်ဆီးနိုင်ခဲ့ကြောင်း ယီမင်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ ယီမင်နိုင်ငံသည် ပြည်တွင်းစစ်အတွင်း ကျရောက်နေခဲ့သည်မှာ ၂၀၁၄ ခုနှစ်ကတည်းက ဖြစ်သည်။

ဟူသီအုပ်စုသည် တိုင်းပြည်မြောက်ပိုင်းနေရာအတော်များများကို ထိန်းချုပ်ခဲ့ပြီး ဆော်ဒီအာရေဗျနိုင်ငံက ကျောထောက်နောက်ခံပေးထားသည့် အစိုးရအဖွဲ့မှ သမ္မတ မန်ဆောဟာဒီကို ဆာနားမှ ထွက်ပြေးအောင် ပြုလုပ်ခဲ့သည်။ ၂၀၁၅ ခုနှစ် မတ်လအတွင်းကစ၍ ဆော်ဒီဦးဆောင်သည့် မဟာမိတ်များသည် ယီမင်စစ်ပွဲတွင် ပါဝင်ပတ်သက်ခဲ့ကြသည်။

ဆင်ဟွာ

# ကိုဗစ်-၁၉ အခက်အခဲအကျပ်အတည်းကာလကို အခွင့်အလမ်းကောင်းအဖြစ် ဖန်တီးခဲ့တဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့ အွန်လိုင်းဈေးကွက်

ထွန်းကျော်

အင်ဒိုနီးရှားနိုင်ငံမှာ ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပျံ့နှံ့လျက်ရှိတဲ့အတွက်ကြောင့် လူထုလှုပ်ရှားမှုဆိုင်ရာကန့်သတ်ချက်များ ဆက်လက်ထားရှိခြင်းက များစွာသော စီးပွားရေးလုပ်ငန်းများကို ရပ်နားပိတ်သိမ်းမှုတွေ ဖြစ်စေပါတယ်။ သို့သော်လည်း လူထုလှုပ်ရှားမှုများ ကန့်သတ်ထားခြင်းက များစွာသောလူငယ်တွေကို အိုးမကွာအိမ်မကွာ စီးပွားရေးလုပ်ငန်းတွေလုပ်စေဖို့ အခွင့်အလမ်းကောင်းတွေ ဖန်တီးပေးလိုက်သလို ဖြစ်စေပါတယ်။




ရောဂါခြေချုပ်နဲ့ နေထိုင်ရမယ့်သူတွေအတွက် ဖန်တီးထားတဲ့ လိုရမယ်ရပစ္စည်းပုံးတစ်ပုံးကို တွေ့ရစဉ်။

### အရောင်းသွက်ပြီးဝယ်လိုအားများ

အင်ဒိုနီးရှားနိုင်ငံ ဘန်တန်ပြည်နယ် တန်ဂျီရန်မြို့မှာအခြေစိုက်တဲ့ အအေးခံတရုတ်နံနံဖျော်ရည်လုပ်ငန်းပိုင်ရှင် နာသာနီယာ ဆာယာနာက သူ့ရဲ့လုပ်ငန်းကို လွန်ခဲ့တဲ့နှစ်နှစ်က စတင်ခဲ့တာ ဖြစ်ပါတယ်။

သူဟာအရင်တုန်းက နံနံဖျော်ရည်ကို ခုံမင်စွာသုံးဆောင်သူတစ်ဦးလည်း ဖြစ်ပါတယ်။ နံနံဖျော်ရည်ဟာ အင်ဒိုနီးရှားနိုင်ငံမှာ ကျန်းမာရေးဖျော်ရည်အဖြစ် အရောင်းသွက်ပြီး ဝယ်လိုအားများနေပါတယ်။

### ဝင်ငွေနှစ်ဆသုံးဆလောက်မြင့်တက်လာ

အထူးသဖြင့် ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်ကတည်းက ဖြစ်ပါတယ်။ "ကိုဗစ်-၁၉ အကြိုကာလနဲ့ နှိုင်းယှဉ်ရင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားချိန်မှာ ကျွန်မတို့ရဲ့ ဝင်ငွေဟာ နှစ်ဆ သုံးဆလောက် မြင့်တက်လာတယ်"လို့ ဆာယာနာက ပြောပါတယ်။

နောက်ထပ် ပိုမိုရောင်းအားကောင်းဖို့ ဆာယာနာဟာ သူ့ရဲ့ ဖောက်သည်တွေကို လူမှုမီဒီယာကတစ်ဆင့် လက်ဆောင်ပစ္စည်းတွေလည်း ပေးလိုက်ပါသေးတယ်။ သူ့ရဲ့ ရောင်းကုန်အထုပ်တွေကို ပို့ခအခမဲ့နဲ့တောင် ပို့ပေးလိုက်ပါတယ်။

### အွန်လိုင်းလက်ဆောင်ပစ္စည်းပုံးလေးတွေ ရောင်းချ

တန်ဂျီရန်မြို့ ဂါဒင်ဆာပွန်ဒေသမှာရှိတဲ့ ကော်ဖီဆိုင်ပိုင်ရှင်တစ်ယောက်ဖြစ်တဲ့ အန်တိုနီ စထရိုင်ဖီက လွန်ခဲ့တဲ့နှစ် ခရစ္စမတ်အတွင်းမှာ အွန်လိုင်းက လက်ဆောင်ပစ္စည်းပုံးလေးတွေကို စတင်ရောင်းချခဲ့ပါတယ်။ အဲဒီအချိန်ကတည်းက စပြီး ဘာသာရေးပွဲတော်ဆိုင်ရာ လက်ဆောင်ပစ္စည်းလေးတွေနဲ့ ရောဂါခြေချုပ်နဲ့ နေထိုင်ရမယ့်သူတွေအတွက် လိုရမယ်ရ ပစ္စည်းပုံးလေးတွေ ဖန်တီးပြီး ရောင်းချပေးတာတွေကို ဆက်လက်လုပ်ဆောင်ခဲ့ပါတယ်။

### အွန်လိုင်းရောင်းချမှုဟာ လျင်မြန်စွာဖွံ့ဖြိုးလာ

လက်ဆောင်ပစ္စည်းပုံးလေးတွေထဲမှာ ကော်ဖီနဲ့ လက်ဖက်ရည် စားသောက်ကုန်လေးတွေ၊ ကွတ်ကီးတွေ၊ စထရိုင်ဖီကလုပ်ထားတဲ့ တခြားပက်စ်ထရီမုန့်တွေ ပါဝင်ပါတယ်။

"ဒီနှစ်မှာတော့ ကျွန်တော်တို့ရဲ့ အွန်လိုင်းရောင်းချမှုဟာ လျင်မြန်စွာဖွံ့ဖြိုးလာပါတယ်။ အခုချိန်မှာဆိုရင် လက်ဆောင်ပစ္စည်းပုံးတွေရောင်းချရတဲ့ ဝင်ငွေဟာ ကော်ဖီဆိုင်တစ်ခုလုံး ဝင်ငွေရဲ့ ထက်ဝက်လောက်ရှိပါတယ်"လို့ စထရိုင်ဖီက ပြောပါတယ်။

### ပြိုင်ဘက်ကင်းထုတ်ကုန်ဖြစ်

နောက်တစ်ယောက်ကတော့ ကြက်သွန်ဖြူထောပတ်ဟင်းအမယ်တစ်မျိုး ထုတ်လုပ်ရောင်းချတဲ့ လုပ်ငန်းပိုင်ရှင် ဗီနာပါမာတာဆရီ ဖြစ်ပါတယ်။ သူ့လုပ်ငန်းကိုလည်း ဘန်တန်ပြည်နယ် တန်ဂျီရန်မြို့မှာပဲ အခြေစိုက်ထားပါတယ်။ လွန်ခဲ့တဲ့နှစ် မေလက သူ့လုပ်ငန်းကို စတင်ခဲ့ပါတယ်။ နိုင်ငံအတွင်းမှာ ကိုဗစ်-၁၉ ဖြစ်ပွားပြီး နှစ်လအကြာမှာ ဖြစ်ပါတယ်။

ပထမဆုံး အသင့်စား ကြက်သွန်ဖြူထောပတ်ဟင်းကို စတင်လုပ်ကိုင်ခဲ့ချိန်မှာ အဲဒီလိုပုံစံတူ ထုတ်လုပ်တဲ့ ယှဉ်ပြိုင်သူ ဈေးကွက်ထဲမှာ မရှိသေးပါဘူး။ အဲဒီ ထုတ်ကုန်ဟာ အင်ဒိုနီးရှားနိုင်ငံမှာ ပြိုင်ဘက်ကင်းပါတယ်။ အိမ်ချက်လက်ရာအတွက် ပြီးပြည့်စုံတဲ့ ဟင်းအမယ်တစ်ခုဖြစ်ပြီး ဟင်းအများကြီးနဲ့လည်း လိုက်ဖက်ပါတယ်။

### ရောင်းအားမြင့်တက်လာ

ပါမာတာဆရီရဲ့အပြောအရ သူရဲ့ရောင်းချမှုဟာ လွန်ခဲ့တဲ့နှစ် ဇွန်၊ ဇူလိုင်ကာလနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် တစ်နှစ်ပြီးတစ်နှစ် သိသိသာသာကို ၂၀ ရာခိုင်နှုန်းလောက်မြင့်တက်ခဲ့တယ်လို့ ပြောပါတယ်။

ဇူလိုင်လအစောပိုင်းကတည်းက ချမှတ်ကျင့်သုံးနေတဲ့ အများပြည်သူကန့်သတ်ပိတ်ဆို့မှုကာလမှာ လုပ်ငန်းဝင်ငွေတိုးလာတယ်လို့ပဲ မှတ်ယူခဲ့တယ်လို့ သူက ပြောပါတယ်။ အဲဒီလိုအခြေအနေမှာ လူတွေ အိမ်ထဲမှာပဲနေကြရပြီး အွန်လိုင်းဈေးဝယ်မှုတွေကို ပိုမိုပြုလုပ်ကြပါတယ်။

> " ပထမဆုံး အသင့်စား ကြက်သွန်ဖြူထောပတ်ဟင်းကို စတင်လုပ်ကိုင်ခဲ့ချိန်မှာ အဲဒီလိုပုံစံတူထုတ်လုပ်တဲ့ ယှဉ်ပြိုင်သူ ဈေးကွက်ထဲမှာ မရှိသေးပါဘူး။ အဲဒီ ထုတ်ကုန်ဟာ အင်ဒိုနီးရှားနိုင်ငံမှာ ပြိုင်ဘက်ကင်းပါတယ်။ အိမ်ချက်လက်ရာအတွက် ပြီးပြည့်စုံတဲ့ ဟင်းအမယ်တစ်ခုဖြစ်ပြီး ဟင်းအများကြီးနဲ့လည်း လိုက်ဖက်ပါတယ် "

### ကိုဗစ်-၁၉ကြောင့် စီးပွားရေး အမြတ်ထွက်

"အခုချိန်ထိကတော့ ကိုဗစ်-၁၉ ကပ်ရောဂါက ကျွန်မရဲ့ စီးပွားရေးလုပ်ငန်းကို အမြတ်ပေါ်စေပါတယ်။ ကျွန်မရဲ့ ထုတ်ကုန်ကတော့ အိမ်မှာချက်ပြုတ်စားရတာ ဝါသနာပါသူတွေနဲ့ အချိန်ကို ချက်ပြုတ်ရင်းနဲ့ ကုန်ဆုံးချင်သူတွေအတွက် ရည်ရွယ်ပါတယ်"လို့ သူကပြောပါတယ်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားချိန်အတွင်း အိမ်မှာ ချက်ပြုတ်စားသောက်တဲ့သူ ပိုများလာပါတယ်။

### သက်တမ်းထပ်တိုး

မကြာသေးမီအချိန်ကပဲ အင်ဒိုနီးရှားအစိုးရဟာ သူ့ရဲ့ အများပြည်သူလှုပ်ရှားဆောင်ရွက်မှုဆိုင်ရာကန့်သတ်ချက်ကို လူဦးရေအထူထပ်ဆုံး နေရာများဖြစ်တဲ့ ဂျာဗားကျွန်းနဲ့ အပန်းဖြေဘာလီကျွန်းတို့မှာ ဩဂုတ် ၃၀ ရက်အထိ ပိုပြီကေအမ်ဟုခေါ်သော အဆင့်ဆင့်သော လူထုလှုပ်ရှားမှုကန့်သတ်ချက်အစီအစဉ်ကို သက်တမ်းတိုးလိုက်ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ အဲဒီကျွန်းနှစ်ကျွန်းအပြင်ဘက်မှာရှိတဲ့ ပြည်နယ်အတော်များများကိုလည်း ဩဂုတ် ၃၀ အထိ သက်တမ်းထပ်တိုးလိုက်ပါတယ်။

ကူးစက်မြန်ပြင်းထန် ဒယ်လ်တာအသွင်ပြောင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုကို လျှော့ချရန် ချမှတ်ကျင့်သုံးခဲ့တဲ့ အဲဒီအစီအစဉ်ကို ဇူလိုင် ၃ ရက်ကစတင်ကာ ဂျာဗားနဲ့ ဘာလီကျွန်းတို့မှာ ချမှတ်ကျင့်သုံးခဲ့ခြင်း ဖြစ်ပါတယ်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားအစိုးရဟာ ပြည်သူ ၂၀၈ ဒသမ ၂ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ဖို့ ရည်မှန်းချက်ထားဆောင်ရွက်လျက်လည်းရှိပါတယ်။ ။

ကိုးကား - ဆင်ဟွာ

❒ *ကျောဖုံးမှ*

- လက်ကိုမကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကိုအထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၇-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၈-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၈,၁၈၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၂,၉၃၂)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၅၀၃,၁၈၈)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၈၉,၁၃၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၈၄၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၄၃,၆၆၈)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၀၉) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၅,၀၇၇) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၈-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅၆၉)ခု | (၉၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး နှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၆)ခု | (၈)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၆၇)ခု | (၂၃)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၄၃)ခု | (၁၃၈)ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ(ခုတင် ၇၀၀) | (၄၆)ခု | (၁၁)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၁၄)ခု | (၉)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၂၂)ခု | (၃၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၃၉၈)ခု | (၄၀၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၄,၆၈၄)ခု | (၂,၂၀၈)ဦး |
| **စုစုပေါင်း** | (၁၈,၁၈၉)ခု | (၂,၉၃၂)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူသို့ အသိပေးပန်ကြားချက်

ပြည်သူတို့အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်မှသာ လုပ်ငန်းများအချိန်တိုအတွင်း အောင်မြင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါအချက်များကို အားလုံးကိုယ်စီလိုက်နာကြပါရန် အသိပေးပန်ကြားအပ်ပါသည်-

၁။ တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ပါ၊

၂။ အိမ်တွင် ဧည့်သည်လက်ခံခြင်း လုံးဝမပြုပါနှင့်၊ မိမိကိုယ်တိုင်လည်း ဧည့်သည်အဖြစ် သွားရောက်ခြင်း လုံးဝမပြုပါနှင့်၊

၃။ အိမ်တွင် အသက်(၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ (သို့မဟုတ်) ဆီးချို၊ သွေးတိုး၊ နှလုံး..စသည့် နာတာရှည်ရောဂါ တစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ထားစေပါ၊ လေဝင်လေထွက်ကောင်းသည့်နေရာတွင် နေစေပါ၊

၄။ မဖြစ်မနေအပြင်ထွက်ရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေတပ်ဆင်ပါ၊ လက်ကိုစနစ်တကျဆေးကြောပါ၊ အခြားသူများနှင့် (၆)ပေအကွာ ခပ်ခွာခွာနေပါ၊ လေဝင်လေထွက်မကောင်းသောအခန်းများသို့ သွားရောက်ခြင်းမှ ရှောင်ကြဉ်ပါ၊

၅။ လူစုလူဝေး လုံးဝရှောင်ကြဉ်ပါ၊

၆။ ဖြစ်နိုင်ပါက တစ်ပတ်လျှင် တစ်ကြိမ်ခန့်သာ ဈေးဝယ်ယူပါ၊ ပါးစပ်နှင့်နှာခေါင်းစည်း စနစ်တကျတပ်ဆင်ထားခြင်းမရှိသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

၇။ အပြင်ထွက်ရာမှ အိမ်ပြန်ရောက်သောအခါတွင် အိမ်သို့ရောဂါပိုးများ သယ်ဆောင်လာခြင်းမရှိစေရန် သတိပြုပါ၊ အသုံးပြုပြီးသော ပါးစပ်နှင့်နှာခေါင်းစည်း(Mask)နှင့် တစ်ခါသုံးပစ္စည်းများကို အိမ်အပြင်တွင် စနစ်တကျစွန့်ပစ်ပါ၊ အဝတ်အစားမလဲမီ/ ကိုယ်လက်သန့်စင်ခြင်းမပြုမီ အိမ်သားများနှင့်အနီးကပ် ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ၊

၈။ အလှည့်ကျရရှိသော ကာကွယ်ဆေးသည် မိမိအတွက် အကောင်းဆုံးဖြစ်၍ ကာကွယ်ဆေးထိုးနှံခြင်းကို အကြိမ်ပြည့်ခံယူပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကိုဆက်လက်လိုက်နာပါ၊

၉။ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် တတ်နိုင်သည့်ဘက်မှ လူအင်အား၊ ငွေကြေး၊ ပစ္စည်း၊ ကျွမ်းကျင်မှုပညာရပ်များဖြင့် စနစ်တကျပါဝင် ပူးပေါင်းပံ့ပိုးပေးကြပါရန် ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန (၂ - ၈ - ၂၀၂၁)

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

ကျန်းမာရေးဝန်ကြီးဌာန

# ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်-၁၉) ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများ

ကိုရိုနာဗိုင်းရပ်စ် (ကိုဗစ်-၁၉)ရောဂါဖြစ်ပွားလျှင် ရောဂါပြင်းထန်သည့်လူနာ (၂၀%) ခန့်သည် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူရန်လိုအပ်ပြီး အဆိုပါ (၂၀%)တွင် (၅%) ခန့်သည် အထူးကြပ်မတ်ကုသမှုခံယူရပြီး အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။

**နောက်ဆက်တွဲ ရေရှည်ဆိုးကျိုးများအနေဖြင့် -**

- နှလုံးကြွက်သားများထိခိုက်ပျက်စီးပြီး နှလုံးကောင်းစွာအလုပ်မလုပ်နိုင်တော့ခြင်းနှင့် အခြားနှလုံးရောဂါများ ခံစားလာရနိုင်ခြင်း၊
- အဆုတ်အတွင်းရှိ လေအိတ်ငယ်များကိုပျက်စီးစေပြီး အဆုတ်တွင် အမာရွတ်များကျန်ခဲ့၍ နောက်ဆက်တွဲ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ခြင်း၊
- ဦးနှောက်နှင့်အာရုံကြောရောဂါများဖြစ်သော လေဖြတ်ရောဂါ၊ အတက်ရောဂါ၊ ယာယီအကြောသေရောဂါ(Guillain-Barre syndrome) များ ဖြစ်ပွားခြင်းနှင့် ပါကင်စန်ရောဂါ (Parkinson )နှင့် အယ်ဇိုင်းမား (Alzheimer) ရောဂါများ ဖြစ်ပွားနိုင်ခြေမြင့်တက်ခြင်း၊
- ခန္ဓာကိုယ်ရှိ သွေးကြောများအတွင်း သွေးခဲခြင်းများဖြစ်ပေါ်၍ ဦးနှောက်သွေးခဲခြင်း၊ နှလုံးသွေးကြောများပိတ်ခြင်း၊ ခြေထောက်သွေးပြန်ကြောများပိတ်ခြင်း (Deep Vein Thrombosis) တို့အပြင် အသည်းနှင့်ကျောက်ကပ်ရောဂါများ ဖြစ်ပွားခြင်း၊
- ရောဂါများပြန်လည်သက်သာလာသော်လည်း အထူးကြပ်မတ်ကုသဆောင်တွင် ကာလရှည်ကြာ ကုသမှုခံယူခဲ့ရသည့်အတွက် စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်း၊ စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်စိတ်များခြင်းတို့ ဖြစ်ပွားနိုင်ပါသည်။
- သက်ကြီးဘိုးဘွားများနှင့် နာတာရှည်ရောဂါရှိသူများတွင် အလွန်အမင်းမောပန်းခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း စသည့်ရောဂါလက္ခဏာများကို ပိုမိုပြင်းထန်စွာ ကာလရှည်ကြာ ခံစားရနိုင်ပါသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**နေပြည်တော် ဩဂုတ် ၂၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နှင့် နမ္မတူမြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၅၆၄ ဦးတို့ကို လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိ မြို့နယ်လေးမြို့နယ်မှ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ပြည်သူစုစုပေါင်း ၂၆၀၁ ဦးတို့ကို လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ သံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၇၅၅၂ ဦးတို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ သံဃာတော်များ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၁၂၀၀ ဦးတို့ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၂၆၈၆ ဦးတို့ကို လည်းကောင်း၊ ရခိုင်ပြည်နယ် သံတွဲမြို့နှင့် ပုဏ္ဏားကျွန်းမြို့နယ်များအတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၇၃၂ ဦးနှင့် စစ်တွေမြို့နယ် သက္ကပြင်ကျေးရွာရှိ ကယ်ဆယ်ရေးစခန်းများမှ ဘင်္ဂါလီလူမျိုး ၂၄၉ ဦးတို့ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ငါးခုတို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၉၄၄၈ ဦးတို့ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ သံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာန ဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၃၂၅၀ တို့ကို လည်းကောင်း၊ တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ ပြည်နယ်မှတာဝန်ရှိသူများ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဘိုးဘွားများအား အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အောက်ဆီဂျင်အိုးများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆက်လက်ဖြန့်ဝေ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၈**

တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပရဟိတအသင်းများသို့ အောက်ဆီဂျင်အိုး ရှစ်လုံးကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက သွားရောက်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ စေတနာရှင်အလှူရှင်များမှ စုပေါင်းလှူဒါန်းသော Oxygen Plant စက်ရုံ တည်ဆောက်ပြီးစီးမှုနှင့် စက်ရုံလည်ပတ်နေမှုကို တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၊ ပျဉ်ပုံကြီးတပ်နယ်မှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်ကုန်းမြို့ရှိ အခြေခံအိမ်ထောင်စုများအား စားသောက်ကုန်လေးမျိုး ထောက်ပံ့

**တပ်ကုန်း ဩဂုတ် ၂၈**



နေပြည်တော် တပ်ကုန်းမြို့နယ် ဒို့တပ်ကုန်း သဘာဝဘေးကူညီရေးအသင်းက ဘုရင့်နောင်ရပ်ကွက်အတွင်းရှိ အခြေခံအိမ်ထောင်စုများအတွက် စားသောက်ကုန် လေးမျိုးအား ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က အဆိုပါရပ်ကွက်ရှိ မူလတန်းလွန် ကျောင်းဝင်းအတွင်း၌ ဆောင်ရွက်သည်။ **(ယာပုံ)**

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်၊ ဆီ ၅၀ ကျပ်သား၊ ကြက်သွန်နီတစ်ပိဿာ၊ မာမားခေါက်ဆွဲခြောက် လေးထုပ်နှုန်းဖြင့် ဘုရင့်နောင်ရပ်ကွက်အတွင်းရှိ အခြေခံအိမ်ထောင်စု ၆၈၀ အတွက် ထောက်ပံ့ပေးအပ်သည်။

**ဆက်လက် လှူဒါန်းသွားမည်**

အဆိုပါအသင်းမှ ဩဂုတ် ၂၃ ရက်တွင် ဆရာစံရပ်ကွက်မှ အိမ်ထောင်စု ၆၇၀၊ ဩဂုတ် ၂၄ ရက်တွင် ဗိုလ်မင်းရောင်ရပ်ကွက်မှ အိမ်ထောင်စု ၅၀၈ စု၊ ဩဂုတ် ၂၅ ရက်က မြဝတီရပ်ကွက်မှ အိမ်ထောင်စု ၆၇၆ စု၊ ဩဂုတ် ၂၆ ရက်က အောင်ဇေယျရပ်ကွက်မှ အိမ်ထောင်စု ၅၈၈ စု၊ ဩဂုတ် ၂၇ ရက်က ဘုရင့်နောင်ရပ်ကွက်မှ အိမ်ထောင်စု ၆၈၀ တို့ကို ထောက်ပံ့ပေးအပ်ပြီး ဩဂုတ် ၂၈ ရက်တွင် အနော်ရထာရပ်ကွက်မှ အိမ်ထောင်စု ၆၆၀ အတွက် ထောက်ပံ့ပေးအပ်မည်ဖြစ်သည်။ ကျန်ရှိနေခဲ့သည့် အခြေခံအိမ်ထောင်စုများ ကိုလည်း နောက်လများတွင် ဆက်လက်ထောက်ပံ့ လှူဒါန်းသွားမည်ဖြစ်ကြောင်း ဒို့တပ်ကုန်းသဘာဝဘေးကူညီရေးအသင်းမှ သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့် စင်တာများတွင် စနစ်တကျ လက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၈**

ကိုဗစ်–၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်–၁၉ ရောဂါ အထောက်အကူပြု ပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၃၀ နှင့် အမျိုးသမီး ၇၈ ဦး စုစုပေါင်း ၂၀၈ ဦးတို့ကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာအမျိုးသားတစ်ဦးကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၄၁ ဦးနှင့် အမျိုးသမီး ၄၁ ဦး စုစုပေါင်း ၈၂ ဦးတို့ကို လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာအမျိုးသား ၃၈ ဦးနှင့် အမျိုးသမီးလေးဦး၊ စုစုပေါင်း ၄၂ ဦးတို့ကို လည်းကောင်း အသီးသီးလက်ခံထားရှိကြောင်း သိရသည်။

အဆိုပါစောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် ဩဂုတ် ၂၈**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မင်းကင်းမြို့တွင် ၃ ဒသမ ၇၀ လက်မ၊ လှည်းကူးမြို့နှင့် မြိတ်မြို့တို့တွင် ၂ ဒသမ ၇၂ လက်မစီ၊ လောင်းလုံးမြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ဇန်းမော်မြို့တွင် ၂ ဒသမ ၃၇ လက်မ၊ ကျိုက်ဒိုမြို့တွင် ၂ ဒသမ ၂၆ လက်မ၊ သပိတ်ကျင်းမြို့တွင် ၂ ဒသမ ၂၄ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ ညောင်ဦးမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ တောင်သာမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ ကမမောင်းမြို့တွင် ၁ ဒသမ ၆၁ လက်မနှင့် တမူးမြို့နှင့် ကနီမြို့တို့တွင် ၁ ဒသမ ၅၇ လက်မစီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**



# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၈

**မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်ရှိ ငွေတောင်ဦးကမ္မဋ္ဌာန်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံ မြို့နယ် ပေါက်ကုန်းရပ်ကွက်ရှိ မဟာရွှေမင်္ဂလာကျောင်းတိုက်၊ ဒလမြို့နယ် ခနုတ်စံပြကျေးရွာရှိ ခနုတ်ကျောင်းတိုက်နှင့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မဟာဓမ္မိကာရာမတိုက် နံ့သာမြိုင်ဗိုလ်ကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ နေ့ဆွမ်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နဝကမ္မ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။

ထို့အပြင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ရှိ သုခဝိဟာရကန်မိန်းကျောင်းတိုက်၊ တာပုံကျောင်းတိုက်၊ မြို့မပရိယတ္တိစာသင်တိုက်နှင့် ပန်အုပ်ပရိယတ္တိစာသင်တိုက်များရှိ သံဃာတော်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့များက ယနေ့နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါပိုးရှိ/ မရှိ စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ချမ်းမြေ့အောင်စည်ရပ်ကွက်ရှိ အေးရိပ်မွန်မိဘမဲ့အမျိုးသမီးစောင့်ရှောက်ရေးဂေဟာရှိ ကလေးငယ်များ၊ ဘိုးသွားရိပ်သာရှိ သက်ကြီးဘိုးဘွားများနှင့် ဝန်ထမ်းများအတွက် ဆေးဝါးများ၊ ဆန်၊ ပဲ၊ စားသောက်ကုန်ပစ္စည်းများနှင့် အလှူငွေများကို ယနေ့တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူမှုရေးဝန်ဆောင်မှု လိုအပ်သူများ၏ လူမှုရေးဆိုင်ရာပြဿနာများနှင့် ပတ်သက်၍ ဝန်ဆောင်မှုပေးခြင်း

လူမှုရေးဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်နေရသော လူမှုရေးဝန်ဆောင်မှု လိုအပ်သူများဖြစ်သည့် ကလေးသူငယ်များ၊ ဆယ်ကျော်သက်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၏ လူမှုရေးဆိုင်ရာပြဿနာများကို လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုစနစ်ဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါကိစ္စရပ်များ၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုများကို လူမှုဝန်ထမ်းနည်းလမ်းများနှင့် ပံ့ပိုးမှုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရုံးချိန်အတွင်း တယ်လီဖုန်းဖြင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်သူများအနေဖြင့် အဆိုပါဝန်ဆောင်မှုများကို ရယူလိုပါက တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပူးတွဲပါ ဖုန်းနံပါတ်များသို့ နံနက်(၀၉:၃၀)နာရီမှ ညနေ(၁၆:၃၀)နာရီအထိ ခေါ်ဆိုရယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

လူမှုရေးဝန်ဆောင်မှု လိုအပ်သူများ၏ လူမှုရေးဆိုင်ရာပြဿနာများနှင့် ပတ်သက်၍ ဝန်ဆောင်မှုများ ရယူနိုင်မည့် တိုင်းဒေသကြီး/ပြည်နယ် လူမှုဝန်ထမ်းရုံးများမှ တယ်လီဖုန်းနံပါတ်များ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဝန်ဆောင်မှုပေးသည့် ဖုန်းနံပါတ်များ |
|---|---|---|
| ၁ | နေပြည်တော် | 09– 88 99 111 55 |
| ၂ | ကချင်ပြည်နယ် | 09– 66 101 55 55 |
| ၃ | ကယားပြည်နယ် | 09– 88 99 000 22 |
| ၄ | ကရင်ပြည်နယ် | 09– 88 99 000 33 |
| ၅ | ချင်းပြည်နယ် | 09– 98 00 00 104 |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | 09– 88 99 000 55 |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | 09– 66 106 55 55 |
| ၈ | ပဲခူးတိုင်းဒေသကြီး | 09– 88 99 000 77 |
| ၉ | မကွေးတိုင်းဒေသကြီး | 09– 88 99 000 88 |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | 09– 88 99 000 99 |
| ၁၁ | မွန်ပြည်နယ် | 09– 88 99 111 77 |
| ၁၂ | ရခိုင်ပြည်နယ် | 09– 88 99 111 88 |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | 09– 66 112 55 55 |
| ၁၄ | ရှမ်းပြည်နယ် | 09– 88 99 111 33 |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | 09– 66 114 55 55 |

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၈** ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂၇ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ မြန်မာ–တရုတ်နှစ်နိုင်ငံနယ်စပ် နန်းတော်စစ်ဆေးရေးဂိတ်မှ အမျိုးသား ၂၆၄ ဦး၊ အမျိုးသမီး ၂၀၁ ဦး၊ စုစုပေါင်း ၄၆၅ ဦးနှင့် မြန်မာ–တရုတ် နှစ်နိုင်ငံနယ်စပ်စစ်ဆေးရေးဂိတ် ရန်လုံကျိုင်းတံတားမှ အမျိုးသားတစ်ဦးတို့ကို လက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များကကိုဗစ် – ၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီး ဌာန၏ ညွှန်ကြားချက်များအား ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများ ကို နှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မန္တလေး အောင်မြေသာစံမြို့နယ် စာရေးဆရာအသင်း နာယက ဦးလှဘော်(မအူပင်လှဘော်)က အသက် (၈၁) နှစ်မြောက် မွေးနေ့ အထိမ်းအမှတ်အဖြစ် အလှူငွေကျပ် တစ်သိန်းစီကို စာပေအဖွဲ့အစည်းများသို့ ဩဂုတ် ၂၇ ရက်က လှူဒါန်းရာ အထက်မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးငွေအောင်နှင့် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးထွဏ်းလှအောင်တို့က လက်ခံယူစဉ်။

ထွဏ်းလှအောင်(မန္တလေး)

*ကျောဖုံးမှ*

အချို့သတင်းများတွင် မန်စီးတီးအသင်းသည် စီရော်နယ်ဒိုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သဘောတူညီမှုရရှိပြီဟုပင် ဖော်ပြလာကြသည်။ သို့သော်လည်း စီရော်နယ်ဒိုကိုယ်တိုင်က ခြောက်နှစ်ကြာ လက်တွဲဖူးသည့် မန်ယူအသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် မန်ယူအသင်း၌ အဆိုပါ ခြောက်နှစ်အတွင်း ချန်ပီယံလိဂ်ဖလား၊ လိဂ်ဖလား၊ အက်ဖ်အေဖလား၊ ဖီဖာကလပ် ကမ္ဘာ့ဖလားနှင့် ကွန်မြူနတီဒိုင်းတို့ကို ဆွတ်ခူးရရှိထားသည်။

ကနဦးတွင် မန်ယူအသင်းသည် စီရော်နယ်ကို ပြန်လည်ခေါ်ယူရန် ဦးစားပေးလုပ်ဆောင်ခြင်း မရှိသော်လည်း နောက်ပိုင်းတွင်မှ ခေါ်ယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဆုံးဖြတ်ချက်ချမှတ်ပြီး မကြာမီတွင် မန်ယူအသင်းအနေဖြင့် ဂျူဗင်တပ်စ်အသင်းမှ စီရော်နယ်ဒိုကို ပြန်လည်ခေါ်ယူရန် သဘောတူညီမှု ရရှိပြီဆိုသည့် ထုတ်ပြန်ချက်ကို အတည်ပြုကြေညာနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ မန်စီးတီးအသင်းအနေဖြင့် ယခုအပြောင်းအရွှေ့ကာလတွင် ဦးစားပေးခေါ်ယူရန် ပစ်မှတ်ထားသည့် ဟယ်ရီကိန်းကို မခေါ်ယူနိုင်သည့်အပြင် စီရော်နယ်ဒိုကိုပါ လက်လွှတ်ခဲ့ရသည့်အခြေအနေနှင့် တွေ့ကြုံခဲ့ရသည်။

စီရော်နယ်ဒိုသည် ၂၀၁၈ ခုနှစ်တွင် ဂျူဗင်တပ်စ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၃၄ ပွဲ ပါဝင်ကစားထားပြီး ၁၀၁ ဂိုး သွင်းယူပေးထားသည်။ ၎င်းသည် ဂျူဗင် တပ်စ်အသင်းနှင့်အတူ စီးရီးအေ အမှတ်ပေးဖလား၊ ကိုပါအီတာလီယာဖလားနှင့် စူပါဖလားတို့ကို ဆွတ်ခူးရရှိထားသည်။

စီရော်နယ်ဒိုအနေဖြင့် မန်ယူအသင်းသို့ ပြန်လည်ပြောင်းရွှေ့လာရခြင်းမှာ နည်းပြဟောင်း ဖာဂူဆန် က အဓိကအခန်းကဏ္ဍတွင် ပါဝင်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့ပြင် မန်ယူအသင်းခေါင်းဆောင်ဟောင်း ဖာဒီနန်ကလည်း စီရော်နယ်ဒိုအနေဖြင့် မန်ယူအသင်းသို့ ပြန်လည်ပြောင်းရွှေ့လာရခြင်းမှာ ဆာအဲလက်စ်နှင့် စကားစမြည်မပြောဘဲ မဖြစ်နိုင်ကြောင်း ထောက်ပြထားသည်။

မန်ယူအသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ်နှစ်ပွဲ ယှဉ်ပြိုင်ကစားထားရာတွင် တစ်ပွဲနိုင်ပြီး တစ်ပွဲ သရေကျထားသည့်အတွက် ရမှတ်လေးမှတ် ရရှိထားသည်။ မန်ယူအသင်းသည် ပွဲစဉ် (၃)အဖြစ် ယနေ့တွင် ဝုဖ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

## ကိုဗစ်-၁၉ ကာလများအတွင်း ပါဝင်ကူညီခဲ့သည့် သီပေါမြတ်မွန်စေတနာအသင်းအား အခြေခံစားကုန်များပံ့ပိုး

သီပေါ ဩဂုတ် ၂၈

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မြတ်မွန်စေတနာလူမှုကူညီရေး (နာရေး) အသင်းအနေဖြင့် တတိယလှိုင်း ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများတွင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ စိတ်ရောကိုယ်ပါ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့သဖြင့် စားဝတ်နေရေး အဆင်ပြေစေရန် အခြေခံစားကုန်များ ကူညီထောက်ပံ့လှူဒါန်းခြင်းကို ယနေ့မွန်းလွဲပိုင်းက အနောက်ရပ်မြတ်မွန်စေတနာ လူမှုကူညီရေးအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြတ်မွန်စေတနာ လူမှုကူညီရေးအသင်းဥက္ကဋ္ဌက အလှူရှင်များကိုယ်စား ဂုဏ်ပြုစကားပြောကြားပြီး ဦးစောနိုင်-ဒေါ်မြင့်မြင့်သိန်း ပြည့်ဖြိုးအောင် စက်သုံးဆီရောင်းဝယ်ရေး မိသားစုက ဆန်သုံးအိတ်နှင့် ငွေကျပ်တစ်သိန်း၊ ဆီ ၁၀ ပိဿာ၊ ကြက်သွန်နီ ၁၅ ပိဿာ၊ ဆား ၁၅ အိတ်၊ မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်းက ဆန် နှစ်အိတ်၊ ဦးစိုင်းချစ်လှိုင် ဈေးရပ်မိသားစုက ငွေကျပ်သုံးသောင်း၊ တောင်မြို့ရပ်မှ ဦးမောင်သောင်း မိသားစုက ငွေကျပ်နှစ်သောင်း စုပေါင်းလှူဒါန်းခဲ့ကြသည်။

**စိုင်း(သီပေါ)**




# မန်စီးတီးကို အာဆင်နယ် ဂိုးပြတ်ရှုံးနိမ့်



ပရီမီယာလိဂ်ပွဲစဉ် (၃)၏ အစောဆုံးပွဲစဉ်အဖြစ် မန်စီးတီးအသင်းနှင့် အာဆင်နယ်အသင်းတို့ပွဲစဉ်ကို ဩဂုတ် ၂၈ ရက် ညပိုင်းက အီတီဟက်၌ ယှဉ်ပြိုင်ကစားရာ မန်စီးတီးအသင်းက ငါးဂိုးပြတ် အနိုင်ရရှိခဲ့သည်။


မန်စီးတီးအသင်းသည် ယနေ့ပွဲစဉ်တွင် သာလွန်သည့် ကစားဟန်နှင့် ထက်မြက်သည့် တိုက်စစ်စွမ်းဆောင်ရည်တို့ကို ထပ်မံထုတ်ပြနိုင်ခဲ့သည်။ ပွဲချိန် ခုနစ်မိနစ်တွင် မန်စီးတီးအသင်း အဖွင့်ဂိုးရရှိခဲ့ပြီး ဂျီဆပ်၏ ဖန်တီးမှုမှ တစ်ဆင့် ဂန်ဒိုဂန်က သွင်းယူပေးခဲ့သည်။ မန်စီးတီးအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၁၂ မိနစ်တွင် ဖာရန်တောရက်စ်က သွင်းယူပေးခဲ့သည်။ အာဆင်နယ်အသင်းသည် သွင်းဂိုးနှစ်ဂိုး ခွင့်ပြုလိုက်ရသောကြောင့် ချေပဂိုးရရှိရေး ကြိုးစားလာသော်လည်း မန်စီးတီးအသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုကိုသာ ခံခဲ့ရသည်။ ပွဲချိန် ၃၅ မိနစ်တွင် အာဆင်နယ်အသင်းမှ ဆာကာ အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသောကြောင့် အာဆင်နယ်အသင်း တစ်ယောက်လျော့ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရသည်။ ပွဲချိန်ပြီးခါနီးတွင် မန်စီးတီးအသင်း တတိယဂိုးရရှိခဲ့ပြီး ဂရီးလစ်ချ်၏ ဖန်တီးမှုမှတစ်ဆင့် ဂျီဆပ်က သွင်းယူခဲ့သောကြောင့် ပထမပိုင်းတွင် မန်စီးတီးအသင်း သုံးဂိုး- ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း မန်စီးတီးအသင်းကသာ ခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းအတွက် စတုတ္ထမြောက်ဂိုးကို ရိုဒရီက သွင်းယူပေးခဲ့သည်။ ပွဲချိန် ၈၄ မိနစ်တွင် မန်စီးတီးအသင်းအတွက် ပဉ္စမမြောက်ဂိုးကို ဖာရန်တောရက်စ်က သွင်းယူပေးခဲ့သည်။

မန်စီးတီးအသင်းသည် ပြီးခဲ့သည့် နော့ဝစ်ချ်အသင်းနှင့် ပွဲစဉ်တွင် ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားပြီး ယခုအာဆင်နယ်အသင်းနှင့် ပွဲစဉ်တွင်လည်း ငါးဂိုးပြတ် ထပ်မံအနိုင်ရရှိခဲ့သည်။ မန်စီးတီးအသင်းသည် ပရီမီယာလိဂ်တွင် သုံးပွဲကစားထားပြီး နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ခြောက်မှတ် ရရှိထားသည်။ လာမည့် ပွဲစဉ်အဖြစ် စက်တင်ဘာ ၁၁ ရက်တွင် လက်စတာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၈-၂၀၂၁ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၀၉:၁၀** တရုတ်ကာတွန်း **'မိုးကောင်းကြီး ဥယျာဉ်စွန့်စားခန်း'** (အပိုင်း-၃၀)
**၁၀:၁၅** **'ဝဿန်မိုးရာသီ'** တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
**၁၁:၄၅** အသိပညာနှင့်အမှန်တရား **'ရတုဘုရင် နတ်သျှင်နောင်'**
**၁၂:၃၀** This Week's Special Interest
**၁၃:၃၀** MRTV National News
**၁၄:၀၀** မြန်မာဂန္ထဝင်ရုပ်ရှင် **'ပေဗ္ဗာရေရှိုင်း'** (နေအောင်၊ ပြေငြိမ်း၊ မေဆွိ)
**၁၆:၁၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၁၇:၁၅** ထူးခြားစုံလင်အာရုပစိပိတ်အစီအစဉ်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** သုတဝေဖြာသီရိဂေဟာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လျှို့ဝှက်ချက်'** (အပိုင်း-၁၈)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
**၂၁:၄၀** ပြည်သူ့နီတိ **'အရှယ်သုံးပါး'**

**mitv**

**07:01** News
**07:27** Image Of The Monks
**07:44** Making a Living as Horticulturist
**08:01** Dances of Myanmar "Lisu Traditional Dance"
**08:06** Today Myanmar
**08:14** Products of Myanmar - Seashells Products
**08:33** Architect: U Thaw
**09:01** Let's Taste Delicious Insects: Pounded Cicada Curry, Grasshopper Curry
**09:16** Myanma Agarwood
**09:31** SHWE SETTAW (Minbu)
**09:49** Fantastic Orchid Garden From The Flower City
**10:00** Weekly Review
**11:47** Talking Shwe Thway (Children Journal)

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ဒေါဝယ်ရောရှာကလေးနှင့်လူနေမှုဘဝ
**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
တေးသံဖြာဝေဖားစည်မြေ
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
တစ်နိုင်တစ်ပိုင်ထန်းလျက်လုပ်ငန်း
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၁)
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ကြက်ဥနှင့်ကျန်းမာရေး
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
အနာဂတ်ဆီသို့ခြေလှမ်းများ
**မွန် (၁၃:၀၀ မှ ၁၄:၀၀)**
ဓနိဖူး၏အသုံးဝင်ပုံအကျိုးကျေးဇူး
**ရခိုင် (၁၄:၀၀ မှ ၁၈:၀၀)**
ရခိုင့်လာဘ်ကောင်မျာလွှအကြောင်း
**ရှမ်း (၁၈:၀၀ မှ ၁၉:၀၀)**
ရိုးရာခေါက်စီး(ခေါ်)ရှမ်းထမင်းသုပ်
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
စပျစ်သီးစိုက်ပျိုးပုံနှင့်ဆေးဖက်ဝင်ပုံ
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ဟင်းသီးဟင်းရွက်စိုက်ခင်းဆီ

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၂)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'သူတစ်ပါးအယောင်ဆောင်ခြင်း'**
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၂)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# မော်လမြိုင်မြို့နယ်၌ ဗညားဒလ တန်ဖိုးသင့်အိမ်ရာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ



ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း ဗညားဒလတန်ဖိုးသင့်အိမ်ရာပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။

မော်လမြိုင် ဩဂုတ် ၂၈

မော်လမြိုင်မြို့နယ် ကြာအင်းကျေးရွာတွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဗညားဒလ တန်ဖိုးသင့်အိမ်ရာ စီမံကိန်း၌ လေးခန်းတွဲ၊ လေးထပ်တိုက် ၁၆ လုံးနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စီမံကိန်း ဆောင်ရွက်နေမှုကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများက ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းကို အချိန်မီပြီးစီး တည်ဆောက်နိုင်ရေး၊ အိမ်ရာတိုက်ခန်းများကို တန်ဖိုးသင့်နှုန်းထားဖြင့် ရောင်းချနိုင်ရေး၊ မီးဘေးအန္တရာယ်လုံခြုံရေး၊ အမှိုက်စွန့်ပစ်စနစ်များနှင့် ရေစီးရေလာ ကောင်းမွန်ရေးတို့အတွက် အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ဗညားဒလတန်ဖိုးသင့်အိမ်ရာ စီမံကိန်းသည် မော်လမြိုင် - မုဒုံလမ်းမကြီး၏ ညာဘက်ခြမ်းတွင် တည်ရှိပြီး ၂၀၁၇ - ၂၀၁၈၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်များတွင် ခွင့်ပြုရန်ပုံငွေစုစုပေါင်းငွေကျပ် ၅၁၆၈ ဒသမ ၁၁ သန်းဖြင့် မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်တည်ဆောက်ကာ လေးခန်းတွဲ၊ လေးထပ်တိုက် ၁၆ လုံးတွင် စုစုပေါင်းအခန်း ၂၅၆ ခန်းပါရှိပြီး အခန်း တစ်ခန်းလျှင် ၆၅၀ စတုရန်းပေ ကျယ်ဝန်း၍ Master Bed Room တစ်ခန်း၊ အိပ်ခန်း တစ်ခန်း၊ ဧည့်ခန်းနှင့် မီးဖိုခန်းများပါရှိကြောင်း၊ အိမ်ရာတိုက်ခန်းများကို တန်ဖိုးသင့်နှုန်းထားဖြင့် ရောင်းချနိုင်ရေးစီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မော်လမြိုင်နည်းပညာတက္ကသိုလ်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၄၉ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူတည်ဆောက်သည့် ပေ ၁၂၀၊ ပေ ၉၀ ဘက်စုံသုံး အားကစားခန်းမ တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၈ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၆၉၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၅၉၂၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၆၉၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၅၉၂၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၉၅/၁၀၂၀ ကျပ် | ၁၀၂၀/၁၀၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၀၀/၁၀၃၀ ကျပ် | ၁၀၃၅/၁၀၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၅၀/၁၀၇၅ ကျပ် | ၁၁၀၀/၁၁၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၇၀/၁၁၁၅ ကျပ် | ၁၁၇၅/၁၂၁၅ ကျပ် |

(၁၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၆၆၃ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၉၅၄ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၂၃၀ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၀ . ၉၂၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၁၀ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၉၆ . ၉၀ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၅၆ . ၆၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၂ . ၅၀၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၀၀၀ | ၁၅၀၀ | ၁၃၃၈၀၀၀၀ |
| MTSH | ၃၂၅၀ | ၃၃၀၀ | ၂၀၄၁ | ၆၉၅၈၃၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၁၀ | ၈၀၀၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁ | ၂၇၀၀ |
| EFR | ၃၂၀၀ | ၃၂၀၀ | ၁ | ၃၂၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၅ | ၂၄၅၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း

# အနာကုလာစကမ္မန္တာ

## အရှုပ်အထွေးမရှိသောအလုပ်ကို လုပ်ခြင်းသည် မင်္ဂလာမည်၏။

ကျော်ကျော်လှိုင်

အရှုပ်အထွေးမရှိသောအလုပ်ကို လုပ်ခြင်းဆိုသည်မှာ အလုပ်လုပ်ရာတွင် စိတ်ရော လူရော ရှုပ်ထွေးခြင်း မရှိစေနှင့်ဟု အဓိပ္ပာယ်ရပါသည်။ အလုပ်များကို ရိုးရိုးသားသား မှန်မှန်ကန်ကန် မလိမ်မညာဘဲ လုပ်သူသည် စိတ်ရှုပ်ထွေးမှု ကင်းရှင်းပါမည်။ ဥပဒေနှင့် မညီသောအလုပ်ကို လုပ်မည်၊ ကျင့်ဝတ်များကို ဖောက်ဖျက်၍ အလုပ်လုပ်မည်၊ လိမ်လည်လှည့်ဖြားမှုများ လုပ်မည်ဆိုလျှင် စိတ်ရှုပ်ထွေးမှုများဖြစ်ကာ အိပ်ကောင်းခြင်းပင် အိပ်ရမည် မဟုတ်ပါ။ လူရှုပ်ထွေးခြင်းမရှိစေနှင့်ဆိုသည့် အဓိပ္ပာယ်မှာ အလုပ်လုပ်သည့်အခါ မလုပ်သင့်သည့်သူများနှင့် လက်တွဲမလုပ်ရန်၊ မပေါင်းသင်းထိုက်သည့်သူများနှင့် မပေါင်းရန် ဖြစ်ပါသည်။ ဥပဒေချိုးဖောက်သူများ၊ မိမိကိုယ်ကျိုးကိုသာ ကြည့်သည့်အတ္တကြီးသူများနှင့် ပူးပေါင်းကာ အလုပ်လုပ်လျှင် အောင်မြင်မှုကိုရရှိရန် ခက်ပါမည်။ အလုပ်တစ်ခုကို ဇောက်ချလုပ်ရန်လိုသလို ရေရှည်လုပ်ရန်လည်း လိုပါသည်။ အလုပ်တစ်မျိုးတည်းမှာ ရေရှည်လုပ်မှလည်း ကျွမ်းကျင်မှုကို ရရှိပိုင်ဆိုင်ပါမည်။ ကျွမ်းကျင်မှုရှိမှလည်း အောင်မြင်မှုက လိုက်လာပါမည်။

အပြစ်ကင်းသည့်အလုပ်ကို လုပ်ခြင်းနှင့်ပတ်သက်လျှင် နီတိများတွင်လည်း အဆိုများ ရှိပါသည်။

**“ချိန်ခါသလျှောင်၊ သင့်အောင်ပြုပြင်၊ မပျင်းမရိ လုံ့လရှိလျက်၊ မပျက်စီးစေ အလုပ်တွေ ရှုပ်ပွေမရှိရ”** ဆိုသည့်နီတိ အဆိုအရ-

**“ချိန်ခါသလျှောင်”** ဆိုသည်မှာ အလုပ်လုပ်သည့်အခါ အချိန်အခါကို သိရပါမည်။ လုပ်သင့်လုပ်ထိုက်သည့် အလုပ်တစ်ခုကို အချိန်ကိုက်လုပ်တတ်ရန် လိုပါသည်။ အချိန်မကျမီ စောလုပ်လျှင် မှားသလို အချိန်နှောင်းမှ လုပ်တာလည်း မှားပါသည်။ စပါးကို အနှံမစုံမီ စောရိတ်၍ မရသလို အချိန်နှောင်းမှ ရိတ်လျှင်လည်း စပါးပျက်စီးပါမည်။

**“သင့်အောင်ပြုပြင်”** ဆိုသည်မှာ လုပ်သည့်အလုပ်နှင့် ကိုက်ညီအောင် မိမိကိုယ်မိမိ ပြုပြင်သင့်သည်များကို ပြုပြင်ရပါမည်။ အိန္ဒိယပြည်တွင် သွားရောက် အလုပ်လုပ်နေသူသည် အိန္ဒိယအစားအသောက်ကို မကြိုက်လျှင် ရေရှည်နေထိုင် လုပ်ကိုင်ရန် ခက်ခဲပါမည်။ အိန္ဒိယအစားအစာကို ကြိုက်နှစ်သက်အောင် မိမိကိုယ်မိမိ ပြုပြင်နေထိုင်နိုင်မှသာ ရေရှည်တွင် အောင်မြင်မှုကို ရရှိပါမည်။ မိမိရောက်ရှိနေသည့် အရပ်ဒေသမှ ယဉ်ကျေးမှု၊ ဓလေ့စရိုက်များကို နားလည်အောင်လုပ်ပြီး မိမိကိုယ်မိမိ ပြုပြင်သင့်သည်များကို ပြောင်းလဲရပါမည်။

**“မပျင်းမရိ”** ဆိုသည်မှာ ရှင်းပါသည်။ ပျင်းသည့်လူက လုံ့လ မရှိပါ။ “ချမ်းလွန်းသေးသည်၊ ပူလွန်းသည်၊ မိုးချုပ်ပြီ၊ စောသေးသည်၊ ဆာလောင်နေသည်၊ ဝမ်းပြည့်နေသည်” စသည့် ပျင်းရိခြင်း ခြောက်ပါးကင်းအောင် မိမိကိုယ်မိမိ ပြုပြင်ရပါမည်။

**“လုံ့လရှိလျက်”** ဆိုသည်မှာ လုံ့လစိုက်ထုတ်၍ အလုပ်လုပ်ရန်ဖြစ်သည်။

**“မပျက်စီးစေ အလုပ်တွေ ရှုပ်ပွေမရှိရ”** ဆိုသည်မှာ မိမိကိုယ်မိမိ မပျက်စီးအောင် ကိုယ်ကျင့်တရားကို ထိန်းပါ။ ရှုပ်ထွေးသည့်အလုပ်များကို ရှောင်ပါဟု ဆိုပါသည်။

အလုပ်တစ်ခုကို ပြီးမြောက်အောင် လုပ်ခြင်းသည်လည်း အလုပ်တစ်ခုကို အရှုပ်အထွေးမရှိအောင် လုပ်ခြင်းဖြစ်ပါသည်။ အလုပ်တစ်ခုကို စမိလျှင် အောင်မြင်ပြီးစီးအောင် လုပ်ရပါမည်။ လူအများစုသည် အခက်အခဲနှင့်တွေ့သည့်အခါ အလွယ်တကူ လက်မြှောက်တတ်ကြပြီး အလုပ်ကို ပြီးစီးသည်အထိ လုပ်ရန် အားနည်းကြပါသည်။ အခက်အခဲနှင့် တွေ့သည့်အခါ ဇွဲရှိရှိဖြင့် အလုပ်ကို ပြီးစီးအောင်မြင်သည်အထိ လုပ်ရန် လိုပါသည်။ အလုပ်တစ်ခုကို ပြီးစီးအောင်မြင်အောင်လုပ်ခြင်းသည် မင်္ဂလာတရားတော်နှင့်လည်း ကိုက်ညီပါသည်။

> ❋ စီးပွားရှာသည့်အခါ လူအများနှင့်ထိတွေ့ဆက်ဆံပြီး အလုပ်လုပ်ရပါသည်။ မိမိဝန်ထမ်းများ၊ စီးပွားဖက်များ ... စသည်ဖြင့် လူအမျိုးမျိုးနှင့်ထိတွေ့ ဆက်ဆံရပါသည်။ ဆက်ဆံသည့်အခါ မိမိအတွက်သာမကြည့်ဘဲ တစ်ဖက်သားဘက်ကိုလည်း စဉ်းစားပေးရန်လိုပါသည်။ အထူးသဖြင့် မိမိဝန်ထမ်းများကို တန်ဖိုးထားရပါမည်

**တချို့နီတိတွေကလည်း အလုပ်လုပ်သည့်အခါ –**

၁။ လုံ့လရှိရမည်။
၂။ ရှာဖွေရရှိသည့် ပစ္စည်းကို ထိန်းသိမ်းနိုင်ရမည်။
၃။ အကြံကောင်း ဉာဏ်ကောင်းပေးသူများ ရှိရမည်။
၄။ မျှတ၊ ချင့်ချိန်သုံးသပ်နိုင်ရမည်

ဟု ဆိုပါသည်။

နံပါတ် ၁ အချက်ဖြစ်သော လုံ့လရှိရမည်က အထူးရှင်းရန် မလိုပါ။

နံပါတ် ၂ အချက်ဖြစ်သော ရှာဖွေရရှိသည့်ပစ္စည်းကို ထိန်းသိမ်းနိုင်စွမ်းမရှိလျှင် ရှာဖွေ ရရှိသမျှ သဲထဲရေသွန်ဖြစ်ပါမည်။

နံပါတ် ၃ အချက်ဖြစ်သော အကြံကောင်း ဉာဏ်ကောင်းပေးသူများရှိရန်သည် အလွန်အရေးကြီးပါသည်။ မိမိမှားနေသည်ကို ထောက်မပြနိုင်သူ၊ မိမိလုပ်သမျှကို အကောင်းဘက်ကသာ ပြောနေသူများသာ မိမိနားမှာရှိလျှင် အောင်မြင်ရန် ခက်ခဲပါမည်။ အရေးကြုံလာလျှင် အကြံဉာဏ်ကောင်းပေးနိုင်သူများ၊ အမှန်တရားကို အရှိအရှိအတိုင်းပြောသူများနှင့် ဝန်းရံထားမှသာ အောင်မြင်မှုကို ရရှိပါမည်။

နံပါတ် ၄ ဖြစ်သော မျှတချင့်ချိန်သုံးသပ်တတ်ရမည်ဆိုသည့်အချက်သည်လည်း အရေးကြီးပါသည်။ အလုပ်လုပ်သည့်အခါ မျှတရပါမည်။ မိမိက အသာစီးအမြဲ လိုချင်၍မရပါ။ ကိုယ့်ဘက် သူ့ဘက် မျှတအောင် ဆောင်ရွက်ရပါမည်။ မျှတရန်လိုသလို ချင့်ချိန်သုံးသပ်တတ်ရန်လည်း လိုပါသည်။ ချင့်ချိန်သုံးတတ်ပြီးလျှင် မလုပ်သင့်သည့် အလုပ်ကို ရပ်ရပါမည်။ လုပ်သင့်သည့် အလုပ်ကိုသာ လုပ်ရပါမည်။ သို့မှသာ လုပ်သည့်အလုပ်က သမ္မာဇီဝိတဖြစ်ပြီး သုခလေးပါးနှင့် ပြည့်စုံပါမည်။

**သုခလေးပါး ဆိုသည်မှာ**

၁။ **အတ္ထိသုခ** – ငွေမှာရှိသည်ဟု စိတ်ချမ်းသာမှုရခြင်း၊
၂။ **ဘောဂသုခ** – ငါရှာတာငါသုံးနိုင်သည်ဟု စိတ်ချမ်းသာမှုရခြင်း၊
၃။ **အာနဏျသုခ** – ငွေမှာ အကြွေးမရှိဟု စိတ်ချမ်းသာမှုရခြင်း၊
၄။ **အနဝဇ္ဇသုခ** – ငါလုပ်သည့်အလုပ်သည် အပြစ်မရှိ၊ အမှားမရှိဟု စိတ်ချမ်းသာမှုရခြင်း ဖြစ်ပါသည်။

**၂၁ရာစု စီးပွားရေးစံ ၄ ချက်**

အရှုပ်အထွေးမရှိသော အလုပ်ကို လုပ်ခြင်းသည် မင်္ဂလာမည်၏ဆိုသည့် တရားတော်ကို နီတိများနှင့် ကိုးကားတင်ပြပြီးနောက် ၂၁ ရာစုတွင် အရှုပ်အထွေး မရှိသောအလုပ်ကို လုပ်ခြင်းနှင့်ပတ်သက်၍ ကမ္ဘာကြီးတွင် နိုင်ငံတော်တော်များများက လက်ခံထားသော အချက်များကို ဆွေးနွေးပါမည်။ မြန်မာနိုင်ငံသည် လျှာဒါန်းမှု အရက်ရောဆုံး နံပါတ်တစ်နိုင်ငံအဖြစ် ကမ္ဘာတွင် စာရင်းပေါက်ပါသည်။ လျှာဒါန်းခြင်းသည် ကောင်းပါသည်။ သို့သော် ယနေ့ခေတ်သည် မည်မျှလှူသည်ထက် လှူသည့်ငွေကိုရအောင် မည်ကဲ့သို့စီးပွားရှာခဲ့သည်ကို ပိုစိတ်ဝင်စားလာကြပါသည်။ စီးပွားရှာခဲ့စဉ်က အရှုပ်အထွေးမရှိ စီးပွားရှာရမည် ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ ထိပ်တန်းကုမ္ပဏီကြီးများမှစ၍ စီးပွားရေးလုပ်ငန်းလုပ်နေသည့် ကုမ္ပဏီများသည် အောက်ဖော်ပြပါ အချက် ၄ ချက်ကို စံအဖြစ်ထား၍ တာဝန်ယူသော၊ တာဝန်ခံနိုင်သော စီးပွားရှာခြင်း ဟုတ် မဟုတ်ကို ဆုံးဖြတ်ကြပါသည်။ တာဝန်ယူသော၊ တာဝန်ခံနိုင်သော စီးပွားရှာခြင်းသည်သာ အရှုပ်အထွေးမရှိသောအလုပ် လုပ်ခြင်းဖြစ်ပါသည်။

**၁။ လူတွေကို တန်ဖိုးထားရပါမည်။**

စီးပွားရှာသည့်အခါ လူအများနှင့် ထိတွေ့ဆက်ဆံပြီး အလုပ်လုပ်ရပါသည်။ မိမိဝန်ထမ်းများ၊ စီးပွားဖက်များ ... စသည်ဖြင့် လူအမျိုးမျိုးနှင့် ထိတွေ့ဆက်ဆံရပါသည်။ ဆက်ဆံသည့်အခါ မိမိအတွက်သာမကြည့်ဘဲ တစ်ဖက်သားဘက်ကိုလည်း စဉ်းစားပေးရန်လိုပါသည်။ အထူးသဖြင့် မိမိဝန်ထမ်းများကို တန်ဖိုးထားရပါမည်။ ဥပမာပေးရလျှင် ကုမ္ပဏီတစ်ခုသည် နိုင်ငံတော်အဆင့် လှူဒါန်းနေသော်လည်း ကုမ္ပဏီဝန်ထမ်းများကို သင့်တင့်မျှတသော လခမပေးခြင်း၊ ကုမ္ပဏီဝန်ထမ်းများကို စိတ်ချမ်းသာအောင် မထားခြင်း ... စသည်တို့ ပြုလုပ်နေလျှင် တာဝန်ယူသော၊ တာဝန်ခံသော ကုမ္ပဏီအဖြစ် သတ်မှတ်၍ မရပါ။ ထိုနည်းတူ မိမိနှင့် ထိတွေ့နေရသော ကုမ္ပဏီများကိုပေးစရာရှိသည့် ငွေကို အချိန်မီ မပေးခြင်း၊ နိုင့်ထက်စီးနင်း ဆက်ဆံခြင်းများ မပြုလုပ်သင့်ပါ။ လူ့အခွင့်အရေးများကို လေးစားလိုက်နာရန်လည်း လိုပါသည်။

**၂။ မူတွေကို တန်ဖိုးထားရပါမည်။**

မူဆိုသည်မှာ တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ ဖြစ်ပါသည်။ အခွန်အခများ မှန်မှန်ကန်ကန် ပေးဆောင်ရပါမည်။ ကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းရပါမည်။ နိုင်ငံတော်အဆင့် လှူတန်းနေသော်လည်း အခွန်ကို တစ်နည်းနည်းဖြင့် တိမ်းရှောင်နေလျှင် တာဝန်ယူသော၊ တာဝန်ခံနိုင်သော စီးပွားရှာခြင်းဟု သတ်မှတ်၍ မရပါ။

**၃။ အဂတိတရား ကင်းရှင်းရပါမည်။**

အဂတိတရား ကင်းရှင်းအောင် အလုပ်လုပ်ခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ အရှုပ်အထွေးမရှိသော အလုပ်ကို လုပ်ခြင်းဖြစ်ပါသည်။ အဂတိတရား ကင်းရှင်းအောင် နေသူသည် ညစဉ်လည်း ကောင်းစွာ အိပ်ပျော်ပါမည်။

**၄။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပါ။**

သဘာဝပတ်ဝန်းကျင်ကို မထိခိုက်မပျက်စီးအောင် စီးပွားရှာရန် လိုသလို ပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရပါမည်။ သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးအောင်လုပ်လျှင် လူ၊ သတ္တဝါ အများအပြင် ဂေဟစနစ်ကိုလည်း ပျက်စီးစေနိုင်သည့်အတွက် အလွန်အပြစ်ကြီးပါသည်။

နိဂုံးချုပ်အနေဖြင့် ၂၁ ရာစုတွင် တာဝန်ယူသော၊ တာဝန်ခံနိုင်သော စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်မှသာ အရှုပ်အထွေးမရှိသော အလုပ်ကို လုပ်ခြင်းဖြစ်ပြီး မင်္ဂလာတရားတော်နှင့်အညီ ချမ်းသာအောင်မြင်နိုင်ပါမည်။

**“မှတ်သားစရာ”**

**ဥပဒေချိုးဖောက်သူများ၊ မိမိကိုယ်ကျိုးကိုသာ ကြည့်သည့် အတ္တကြီးသူများကို ရှောင်ကြဉ်၍ တာဝန်ယူ တာဝန်ခံနိုင်သော စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်မှသာ စိတ်ချမ်းသာ အောင်မြင်ပါမည်။**

ကျမ်းကိုး


၁။ သုတေသန သရုပ်ပြအဘိဓာန်။ အရှင်ဩဘာသာ ဘိဝံသ မထေရ်မြတ်။

၂။ The Ten Principles of UN Global Compact (https:www.unglobalcompact.org)


ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်းစာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါ ပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

စာတည်းအဖွဲ့

# ကိုဗစ်–၁၉ ကို အတူတကွ တွန်းလှန်ကာကွယ်ကြသူများ

*တင်မေဆက်*

**တစ်ကမ္ဘာလုံး ခံစားကြုံတွေ့နေရတဲ့ ကိုဗစ်–၁၉ ကို မိမိတို့နိုင်ငံသားတွေလည်း ပြီးခဲ့တဲ့ကာလမှာ အလူးအလဲ ခံစားခဲ့ကြရပါတယ်။ ကိုဗစ် – ၁၉ ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်း စတဲ့ လှိုင်းအဆင့်ဆင့်အနက် အခုကြုံနေရတဲ့ တတိယလှိုင်းအတွင်း ပြီးခဲ့တဲ့ ဇူလိုင်လက ကူးစက်မှုအမြင့်ဆုံးကြုံခဲ့ရတယ်လို့ ဆိုရမှာဖြစ်ပါတယ်။**

ကူးစက်မှုနှုန်း မြင့်တက်လာတဲ့အလျောက် လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ၊ လူစုလူဝေးမဖြစ်အောင်နဲ့ ကူးစက်မှုနှုန်းကျဆင်းအောင် လုပ်ဆောင်ချက်တွေ၊ ပြည်သူတွေက ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်တွေကို လိုက်နာမှု အားကောင်းချက်တွေနဲ့ လူမှုရေးအသင်းအဖွဲ့တွေနဲ့ ရပ်ကွက်ကျေးရွာမှသည် မြို့နယ်၊ ခရိုင်အဆင့်ဆင့်သော အုပ်ချုပ်သူတွေ၊ ရပ်မိရပ်ဖတွေအားလုံး စုပေါင်းချိတ်ဆက်ဆောင်ရွက်မှုတွေကြောင့် ယခုလမှာ တတိယလှိုင်းရဲ့ အမြင့်ဆုံးကူးစက်မှုကို အတတ်နိုင်ဆုံး ထိန်းချုပ်လာနိုင်တာကို မြင်တွေ့ရပါတယ်။



### အဆိုးဆုံးအခြေအနေကလွတ်ကင်း

တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ကိုဗစ်–၁၉ ကပ်ရောဂါကို ပြင်းပြင်းထန်ထန် ရင်ဆိုင်တွေ့ကြုံနေရချိန်မှာ ရောဂါအခံရှိသူတွေ၊ အသက်အရွယ်ကြီးသူတွေနဲ့ ကိုယ်ခံအားနည်းသူတွေဟာ ကိုဗစ်ကြောင့် သေဆုံးရတာတွေကိုလည်း စိတ်မသက်သာဖွယ် မြင်တွေ့ခဲ့ရပါတယ်။ သို့သော် အဆိုးထဲက အကောင်းလို့ ဆိုရမယ့် လက်ရှိအခြေအနေမှာတော့ ရောဂါကူးစက်မှုနှုန်းက အဆိုးရွားဆုံးအခြေအနေကနေ လွတ်ကင်းလာခဲ့ပြီဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ တတိယလှိုင်းပြင်းထန်လာတဲ့ အနေအထားမှာ ရောဂါကိုကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်တွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ခဲ့ခြင်းအပြင် ပြည်သူများရဲ့ ပူးပေါင်းမှုရလဒ်အဖြစ် အခုလို ရောဂါကူးစက်မှုနှုန်းကို ထိန်းချုပ်လာခဲ့တာလို့ ဆိုချင်ပါတယ်။

နိုင်ငံတော်အနေနဲ့ လက်ရှိကာလ ဩဂုတ်လကုန်မှာ ရောဂါကူးစက်မှုနှုန်းကို ရာခိုင်နှုန်း ထက်ဝက်ခန့်အထိ လျော့ကျလာနိုင်ဖို့ ကြိုးစားနေတယ်လို့ သိရှိရပါတယ်။ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဇူလိုင်လ ၉ ရက်က လူဦးရေတစ်သောင်းခွဲကျော် စစ်ဆေးကြည့်တဲ့အခါ ပိုးတွေ့လူနာလေးထောင်ကျော်ရှိခဲ့ပြီး ဇူလိုင် ၁၄ ရက်နေ့မှာ သံသယရှိသူလူနာနှစ်သောင်းကျော်မှာ ပိုးတွေ့လူနာ ခုနစ်ထောင်ကျော်အထိ မြင့်တက်ခဲ့ရပေမယ့် ဩဂုတ်လ ၂၂ ရက်နေ့မှာ သံသယလူနာ ကိုးထောင်နီးပါးကို စစ်ဆေးခဲ့ရာမှာ ပိုးတွေ့လူနာနှစ်ထောင် ဝန်းကျင်ပဲရှိပါတယ်။ သံသယရှိသူလူနာဦးရေ ကျဆင်းလာခဲ့သလို ပိုးတွေ့လူနာဦးရေလည်း ကျဆင်းလာတာကြောင့် ရာခိုင်နှုန်းအားဖြင့် ကြည့်ရင် မူလက ရောဂါကူးစက်မှု ရာခိုင်နှုန်း ၃၄ ရာခိုင်နှုန်းအထိ မြင့်တက်ရာကနေ လက်ရှိမှာ ၂၄ ရာခိုင်နှုန်းကို ကျဆင်းလာခဲ့ပြီဖြစ်ပါတယ်။

### အောက်ဆီဂျင်နိုင်နိုင်နင်းနင်းဖြည့်တင်းပေး

ကိုဗစ် – ၁၉ ရဲ့ တိုက်ခိုက်မှုတစ်ခုအနက် အဆုတ်ကို ပြင်းပြင်းထန်ထန် တိုက်ခိုက်ခံရတဲ့ လူနာတွေမှာ အောက်ဆီဂျင်လိုအပ်ချက် မြင့်တက်ခဲ့တာကို နိုင်ငံတော်ကနေ ဇူလိုင်လနဲ့ ဩဂုတ်လအတွင်းမှာ ဖြည့်ဆည်းလျက်ရှိတာကိုလည်း တွေ့မြင်ရပါတယ်။ အရေးကြီးပြီး မဖြစ်မနေ ဦးစားပေးရမယ့် ကိုဗစ်–၁၉ ကုသရေးစင်တာတွေ၊ ဆေးရုံတွေရဲ့ အောက်ဆီဂျင်လိုအပ်ချက်ကို ပြည်ပတင်သွင်းမှု၊ ပြည်တွင်းထုတ်လုပ်မှု နည်းလမ်းပေါင်းစုံနဲ့ ဖြည့်ဆည်းပေးလျက်ရှိတာဖြစ်ပြီး ရပ်ရွာတွေအတွင်း အောက်ဆီဂျင်လိုအပ်ချက်တွေကိုလည်း ပရဟိတအသင်းတွေနဲ့ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်တဲ့နေရာတွေက ဖြည့်ဆည်းပေးလျက်ရှိတာကိုလည်း မြင်တွေ့ခဲ့ရပါတယ်။ ဒါကြောင့် ဝိသမလောဘသားတွေရဲ့ ဈေးအဆမတန်မြှင့်တင်ရောင်းချတာတွေကို တိုက်ဖျက်နိုင်ခဲ့ပါပြီ။ အောက်ဆီဂျင်လိုအပ်ချက်ကိုလည်း နိုင်နိုင်နင်းနင်း ဖြည့်တင်းပေးလျက်ရှိတာကို ဝမ်းမြောက်ဖွယ်မြင်တွေ့ရပါတယ်။

ရောဂါကူးစက်မှုနှုန်းကို လျှော့ချဖို့ စာသင်ကျောင်းတွေ ပိတ်ခဲ့ရသလို အစိုးရရုံးတွေကိုလည်း ခေတ္တပိတ်ခဲ့ရပါတယ်။ ရောဂါကူးစက်မှုနှုန်းမြင့်မားတဲ့မြို့နယ်တွေကို နေအိမ်တွင်သာ နေထိုင်ကြဖို့အတွက် Stay at Home အစီအစဉ်တွေကို ချမှတ်ခဲ့ရပါတယ်။ ပြည်သူတွေလိုအပ်တဲ့ဆေးဝါးနဲ့ ကျန်းမာရေးသုံးပစ္စည်းတွေကို ဈေးနှုန်းမှန်မှန်ကန်ကန်နဲ့ ဝယ်ယူနိုင်အောင် နိုင်ငံတော်နဲ့ ကျန်းမာရေးဝန်ကြီးဌာနတို့က အဆင့်ဆင့်ကြပ်မတ်စီစစ်ပေးခဲ့သလို ကိုဗစ်ရောဂါကို စနစ်တကျတွန်းလှန်တိုက်ဖျက်ဖို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုအစီအမံတွေကိုလည်း ချမှတ်ခဲ့တာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့်ပဲ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်ဆင့်ပေးအပ်ထားပြီး စောင့်ကြည့်ရမယ့်အဆင့်၊ ရောဂါပြင်းထန်မှုအရ ကုသမှုအတွက် သတ်မှတ်ထားတဲ့စင်တာတွေ၊ ဆေးရုံတွေကို အဆင့်ဆင့်ခွဲခြားဆောင်ရွက်မှုတွေရဲ့ ရလဒ်အဖြစ် ကိုဗစ်–၁၉ ကြောင့် သေဆုံးရတဲ့ လူနာဦးရေကိုလည်း လျှော့ချပေးနိုင်ခဲ့တာ မြင်တွေ့ရပါတယ်။

**❖ ရောဂါကူးစက်မှုနှုန်းကို လျှော့ချဖို့ စာသင်ကျောင်းတွေပိတ်ခဲ့ရသလို အစိုးရရုံးတွေကိုလည်း ခေတ္တပိတ်ခဲ့ရပါတယ်။ ရောဂါကူးစက်မှုနှုန်းမြင့်မားတဲ့ မြို့နယ်တွေကို နေအိမ်တွင်သာ နေထိုင်ကြဖို့အတွက် Stay at Home အစီအစဉ်တွေကို ချမှတ်ခဲ့ရပါတယ်။ ပြည်သူတွေလိုအပ်တဲ့ ဆေးဝါးနဲ့ ကျန်းမာရေးသုံးပစ္စည်းတွေကို ဈေးနှုန်းမှန်မှန်ကန်ကန်နဲ့ ဝယ်ယူနိုင်အောင် နိုင်ငံတော်နဲ့ ကျန်းမာရေးဝန်ကြီးဌာနတို့က အဆင့်ဆင့်ကြပ်မတ်စီစစ်ပေးခဲ့သလို ကိုဗစ်ရောဂါကို စနစ်တကျ တွန်းလှန်တိုက်ဖျက်ဖို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုအစီအမံတွေကိုလည်း ချမှတ်ခဲ့တာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒါ့ကြောင့်ပဲ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်ဆင့် ပေးအပ်ထားပြီး စောင့်ကြည့်ရမယ့်အဆင့်၊ ရောဂါပြင်းထန်မှုအရ ကုသမှုအတွက် သတ်မှတ်ထားတဲ့ စင်တာတွေ၊ ဆေးရုံတွေကို အဆင့်ဆင့်ခွဲခြားဆောင်ရွက်မှုတွေရဲ့ ရလဒ်အဖြစ် ကိုဗစ်-၁၉ ကြောင့် သေဆုံးရတဲ့ လူနာဦးရေကိုလည်း လျှော့ချပေးနိုင်ခဲ့တာ မြင်တွေ့ရပါတယ်**

### ယုံယုံကြည်ကြည်ပူးပေါင်း

ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကလည်း အထူးအရေးကြီးတဲ့ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်ဖြစ်တာကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ထိုးနှံပေးနိုင်ဖို့အတွက် ဇူလိုင်လကတည်းက ပညာပေးအစီအစဉ်တွေနဲ့ ပြည်သူလူထုနားလည်သဘောပေါက်အောင် လုပ်ဆောင်နိုင်ခဲ့တဲ့သက်သေအဖြစ် ကာကွယ်ဆေးထိုးလိုသူပြည်သူများ များပြားလာခဲ့ပြီး အရေးကြီးအုပ်စုများ သတ်မှတ်ထိုးနှံပေးခဲ့တာတွေကလည်း ကိုဗစ်ကြောင့် စိတ်နှလုံးထိခိုက်မှုတွေကို ထပ်မံမကြုံရအောင် ဆောင်ရွက်ပေးနိုင်ခဲ့တာတွေပဲဖြစ်ပါတယ်။

မိမိတို့နိုင်ငံမှာ ပြီးခဲ့တဲ့ ဇူလိုင်လ ကိုဗစ် တတိယလှိုင်းကူးစက်မှုအမြင့်ဆုံးကာလတွေကို အခုအချိန်မှာ လွန်မြောက်ခဲ့ပြီလို့ ဆိုနိုင်ပါတယ်။ တတိယလှိုင်းကပေးတဲ့ သင်ခန်းစာတွေနဲ့ အကျိုးကျေးဇူးတွေအဖြစ် ကျန်းမာရေးစောင့်ရှောက်မှုတွေကို အဆင့်အလိုက် စနစ်တကျ ချိတ်ဆက်ပြီး ကုသမှုခံယူကြဖို့ ပြည်သူတွေအနေနဲ့ အသိအမြင်များ တိုးပွားလာခဲ့ပြီဖြစ်သလို ကိုဗစ်– ၁၉ ကို ကြံ့ကြံ့ခိုင်ကာကွယ်ကြဖို့အတွက် ကာကွယ်ဆေးထိုးနှံခြင်းကိုလည်း ယုံယုံကြည်ကြည်နဲ့ ပူးပေါင်းဆောင်ရွက်လာကြတာကို မြင်တွေ့ရမှာပါ။ ထို့အတူ ဝိသမလောဘသားတွေက မတရား အမြတ်တင်ရောင်းချမှုတွေကိုလည်း ရပ်ရွာအတွင်းက ပြည်သူတွေက စုပေါင်းအားတွေနဲ့ လှူဒါန်းမှု၊ နိုင်ငံတော်ရဲ့ ကြီးကြပ်ဆောင်ရွက်မှုတွေနဲ့ အညီ ပြည်ပကနေ ကုန်စည်တွေ စဉ်ဆက်မပြတ် တင်သွင်းပေးနိုင်ခဲ့မှုတွေကြောင့် ဖယ်ရှားနိုင်ခဲ့ပြီဖြစ်ပါတယ်။

အနယ်နယ်အရပ်ရပ်မှာ ကိုဗစ်ရောဂါဒဏ်ကို ပြင်းပြင်းထန်ထန်ခံစားရတဲ့ မိသားစုတွေကိုလည်း နိုင်ငံတော်က ထောက်ပံ့တာတွေအပြင် ကိုယ်ထူကိုယ်ထ ပရဟိတလူငယ်များ၊ ပြည်သူများရဲ့ အင်အားနဲ့ တတ်စွမ်းသမျှ ကူညီဖေးမမှုတွေကလည်း ကိုဗစ်တတိယလှိုင်းကို ကျော်ဖြတ်ဖို့အတွက် အင်အားတွေပဲ ဖြစ်ခဲ့ရပါတယ်။ ပြည်သူတွေရဲ့ ကျန်းမာရေးအတွက် မနေမနားတာဝန်ထမ်းဆောင်ခဲ့တဲ့ ဆရာဝန်များ၊ သူနာပြုများနဲ့ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များအားလုံးရဲ့ စောင့်ရှောက်ပေးမှုကြောင့်လည်း မိမိတို့ပြည်သူများ ကိုဗစ်–၁၉ တတိယလှိုင်းအမြင့်ဆုံး အခြေအနေ လျော့ကျလာခဲ့တာပဲ မဟုတ်ပါလား။

*စာမျက်နှာ ၂၅ သို့*

# စာကြည့်တိုက်ပညာ၏ ဖခင် ဆရာကြီး ဒေါက်တာ စည်သူသော်ကောင်း

ပုံ့ပုံ့ (စာပေဗိမာန်)



ဖခင် ဆရာကြီး
ဒေါက်တာ စည်သူသော်ကောင်း

၂၀၁၀ ပြည့်နှစ်အတွက် အမျိုးသားစာပေဆုနှင်းသဘင်ကို (၂၇ - ၁၂- ၂၀၁၁) ရက်တွင် နေပြည်တော်၊ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ အမျိုးသားစာပေ တစ်သက်တာဆုကို ဆရာကြီး ဦးသော်ကောင်းအား ချီးမြှင့်ခဲ့သည်။

အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်တွင် စတင်တီထွင်ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး မိမိ၏ဘဝတစ်လျှောက်လုံးကို စာပေထဲတွင် မြှုပ်နှံပြီး မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်လျက်ရှိသည့် သက်ရှိထင်ရှား စာပေပညာရှင်ကြီးများကို ရွေးချယ်ချီးမြှင့်သည့် စာပေဆိုင်ရာ အမြင့်ဆုံးဆု ဖြစ်သည်။

ဆရာကြီး ဒေါက်တာစည်သူသော်ကောင်းသည် အသက် ၇၁ နှစ်အရွယ် ၂၀၀၈ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု၊ အသက် ၇၃ နှစ်တွင် ၂၀၁၀ ပြည့်နှစ်အတွက် အမျိုးသား စာပေတစ်သက်တာဆုတို့ကို ချီးမြှင့်ခံရသူ ဖြစ်သည်။ ထို့နောက် ၂၀၁၆ ခုနှစ်တွင် ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆု၊ ၂၀၁၅ ခုနှစ်တွင် သုတစွယ်စုံစာပေ တစ်သက်တာဆု၊ ၂၀၁၆ ခုနှစ်တွင် ဆရာဝန်တင်ရွှေ စာပေတစ်သက်တာဆုတို့ကိုလည်း ရရှိခဲ့သူဖြစ်သည်။

ဆရာကြီးသည် စာကြည့်တိုက်မှုး ဘဝကတည်းက မြန်မာစာပေလောက တိုးတက်ရေးအတွက် အကျိုးပြုစာပေများစွာကို ရေးသားခဲ့သည့်အလျောက် လက်ရှိအချိန်အထိ မြန်မာစာပေအတွက် ကြိုးပမ်းဆောင်ရွက်နေသူတစ်ဦး ဖြစ်သည်။ ထို့အတွက်ကြောင့်လည်း တစ်သက်တာစာပေဆုရှင်အဖြစ် ထိုက်ထိုက်တန်တန် ချီးမြှင့်ခံခဲ့ရခြင်းဖြစ်သည်။ ထို့ပြင် ၂၀၁၂ ခုနှစ်တွင် ဆရာကြီးကို ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ဒုတိယအဆင့်)နှင့် စည်သူဘွဲ့တို့ကို နိုင်ငံတော်အစိုးရက ချီးမြှင့်ခဲ့သည်။

ဆရာကြီးသည် စာကြည့်တိုက်ပညာကို တက္ကသိုလ်အဆင့်တွင် သင်ကြားနိုင်ရန် ကြိုးပမ်းခဲ့သည့်အပြင် မြန်မာနိုင်ငံ၏ စာကြည့်တိုက်လှုပ်ရှားမှုကို အားပေးလှုံ့ဆော်ကာ လေ့ကျင့်ပျိုးထောင်ပေးခဲ့သည့် အတွက်ကြောင့် မြန်မာနိုင်ငံတွင် သာမက နိုင်ငံတကာတွင်ပါ ကျော်ကြားသော မြန်မာ့စာကြည့်တိုက်ပညာရှင်တစ်ဦးဆိုလည်း မမှားနိုင်ပေ။ "ပညာရှာသူ တို့ဝိုင်းကူ" ဟူသော ဆောင်ပုဒ်ကို နှလုံးသွင်း၍ ကိုယ်ကျိုးမဖက် စေတနာ ရှေ့ထား ကူညီတတ်သူတစ်ဦးဖြစ်ပြီး ဖခင်၏ ပညာခြေရာကို အမီလိုက်နိုင်ခဲ့သည့် တစ်ဦးတည်းသော စာကြည့်တိုက် ပညာရှင်ကြီးလည်း ဖြစ်သည်။

ဦးသော်ကောင်းကို စည်သူဦးကောင်း၊ အမိဒေါ်သိန်းတို့က ၁၉၃၇ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့ မြန်မာသက္ကရာဇ် ၁၂၉၉ ခု နတ်တော်လပြည့် သောကြာနေ့တွင် ရန်ကုန်မြို့၌ ဖွားမြင်ခဲ့သည်။ ဆရာကြီး၏ဖခင်သည် လွတ်လပ်ရေး ကာလတွင် အင်္ဂလန်နိုင်ငံ ပညာတော်သင်များအတွက် အကြံပေးအရာရှိ၊ အင်္ဂလန်နိုင်ငံရှိမြန်မာသံရုံးပညာရေးသံမှူးတာဝန်တို့ကို တာဝန်ထမ်းဆောင်စဉ် ၁၉၄၇-၄၉ ခုနှစ်၌ မြန်မာနိုင်ငံတော် ငွေကြေးဘုတ်အဖွဲ့ဝင်အဖြစ်ခန့်အပ်ခံရကာ ငွေစက္ကူများပေါ်တွင် " မောင်ကောင်း" ဟူ၍ လက်မှတ်ရေးထိုးခဲ့သူ ဖြစ်သည်။ ဦးကောင်းသည် ပညာမင်းကြီးဖြစ်သည့်အပြင် ပထမဆုံး မြန်မာ့သမိုင်းကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းခဲ့သူလည်း ဖြစ်သည်။ ဆရာကြီး ဦးသော်ကောင်းသည် မွေးချင်းသုံးဦးအနက် အကြီးဆုံးသား ဖြစ်သည်။

ဆရာကြီးသည် ငယ်စဉ်ကလေးဘဝတွင် အရိုးအဆစ် နာကျင်ကိုက်ခဲသောရောဂါကို ခံစားရသဖြင့် တခြားကလေးများကဲ့သို့ ကစားခုန်စားမလုပ်နိုင်ခဲ့ပေ။ စာပေဝါသနာကြီးမားသည့် ဖခင်ဦးကောင်း ဝယ်ယူစုဆောင်းထားသည့် စာအုပ်များက အိမ်အပြည့်ပင်ရှိသည့်အတွက် ထိုစာအုပ်များဖြင့်သာ အဖော်ပြုခဲ့ရသည်။ ထို့ပြင် အိမ်၌ပင် မိခင်ဖြစ်သူနှင့် ဆရာ/ ဆရာမများက ပညာသင်ကြားပေးခဲ့ကြသည်။ ၁၉၄၇ ခုနှစ်တွင် အစိုးရက ဖခင်ဦးကောင်းကို မြန်မာနိုင်ငံက စေလွှတ်သော ပညာတော်သင်များအား ကြည့်ရှုစောင့်ရှောက်ရန်တာဝန်ဖြင့် အင်္ဂလန်သို့ စေလွှတ်ခဲ့ရာ မိသားစုနှင့်အတူ လန်ဒန်မြို့သို့ လိုက်ပါသွားခဲ့သည်။

၁၉၅၀ ပြည့်နှစ်ကုန်ပိုင်းတွင် မိသားစုနှင့်အတူ ရန်ကုန်သို့ ဆရာလိုက်ပြန်လာခဲ့သော်လည်း နေမကောင်းပြန်သဖြင့် ကျောင်းမတက်နိုင်ခဲ့ပေ။ ၁၉၅၂ ခုနှစ်တွင် အင်္ဂလိပ်မက်သဒစ်အထက်တန်းကျောင်း (ယခု ဒဂုံ အ.ထ.က ၁) ၌ သတ္တမတန်း နှစ်လယ်မှစ၍ ကျောင်းနေခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အင်္ဂလိပ်စာနှင့် ပထဝီဝင်ဂုဏ်ထူးနှစ်ဘာသာဖြင့် ပထမအဆင့် (1st Division) မှ အောင်မြင်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဂုဏ်ထူး (အင်္ဂလိပ်စာ) ဘွဲ့ကို ပထမအဆင့်ဖြင့် အောင်မြင်ခဲ့သောကြောင့် ဦးဘိုးနှစ်ရွှေတံဆိပ်ဆုကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

ဝိဇ္ဇာဂုဏ်ထူးဘွဲ့မရမီ ၁၉၅၇ ခုနှစ် အသက် ၁၉ နှစ်အရွယ်က စတင်လျက် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန၊ စာကြည့်တိုက်တွင် အချိန်ပိုင်းအလုပ်လုပ်ခဲ့သည်။ အသက် ၂၁ နှစ်ကျော် ၁၉၅၉ ခုနှစ် မတ်လတွင် ဝိဇ္ဇာဂုဏ်ထူးတန်း စာမေးပွဲဖြေဆိုခဲ့ပြီး ထိုနှစ် ဧပြီလ ၁ ရက်တွင် ဆရာဇော်ဂျီလက်အောက်ရှိ လူမှုရေး သိပ္ပံစာကြည့်တိုက် (ယခု ရန်ကုန်စီးပွားရေးတက္ကသိုလ် စာကြည့်တိုက်) တွင် အလုပ်စတင် ဝင်ရောက်ခဲ့သည်။

၁၉၆၂ ခုနှစ်တွင် လန်ဒန်တက္ကသိုလ်မှ စာကြည့်တိုက်ပညာဘွဲ့လွန် ဒီပလိုမာ ရရှိသည်။ ယင်းနောက် AALIA (Associate of the Australian Library and Information Association)ဘွဲ့၊ အင်္ဂလန်နိုင်ငံ၏ အမြင့်ဆုံးဘွဲ့ FLA (Fellow of the Library Association) တို့ကိုလည်း ရရှိခဲ့သည်။ ၁၉၈၃ ခုနှစ်၌ အင်္ဂလန်နိုင်ငံ စာကြည့်တိုက်အသင်းက ဂုဏ်ထူးဆောင် အဖွဲ့ဝင် [Hon. Follow of the Library Association (FLA)] အဖြစ် ရွေးချယ်တင်မြှောက်သည်။ ၁၉၉၉ ခုနှစ်တွင် ဩစတြေးလျနိုင်ငံ၊ အနောက်ဆစ်ဒနီ တက္ကသိုလ်က ဂုဏ်ထူးဆောင် စာပေပါရဂူဘွဲ့ [Doctor of Letters (Honori–scausa)] ကို ချီးမြှင့်ခြင်းခံရသဖြင့် ဒေါက်တာသော်ကောင်းဟု မော်ကွန်းထိုး ခေါ်ဆိုခြင်းခံရသူ ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်လာခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ဂျပန်နိုင်ငံ ဖုကုအိုက အာရှလေ့ဆုရွေးချယ်ရေးကော်မတီက ဖုကုအိုက ပညာရှင်ဆု [ Fukuoka Asian Culture Prize (Acad–emis Laureate)] ပေးအပ်ချီးမြှင့်ခြင်း ခံရသည်။


## လမ်းသစ်ဖောက်သူ

ဆရာကြီးသည် အရပ်ထောင်ထောင် မောင်းမောင်း၊ အသားဖြူဖြူ၊ နှာတံပေါ်ပေါ်နှင့် အမြဲပြုံးရွှင် နေတတ်သည်။ လူတိုင်းအပေါ်လည်း အစဉ်မြဲ နှစ်လိုဖွယ် အပြုံးဖြင့် ဆက်ဆံတတ်သူ တစ်ဦးလည်း ဖြစ်သည်။ စကားပြောဆိုရာတွင်လည်း နူးညံ့သိမ်မွေ့သူ ဖြစ်သည်။ စာပေနှင့် ပတ်သက်လာလျှင် မည်သူ့ကိုမဆို ထိထိရောက်ရောက် ကူညီတတ်သူဖြစ်ပြီး စာဖတ်ခြင်းကို မွေ့လျော်သူ ဖြစ်သည်။ ဆရာကြီးသည် ငယ်စဉ်ကတည်းကပင် စာပေဝါသနာပါခဲ့သည်။ ဆရာသူရဇော်ရေးသားထားသည့် "စာထဲမှာသူနေ စာပေမှာ မွေ့လျော်၏။ စာစားကာ အာဟာရနဲ့ ဘဝမှာ စာကိုစွဲ၊ မြဲလျှပါဘိ" ကဗျာတွင် ဆရာသော်ကောင်း၏ ဘဝပုံရိပ်ကို ထင်ဟပ်စေသည်ဟုလည်း ဆရာဟိန်းလတ်က ဆိုထားဖူးသည်။ ဆရာကြီးသည် လက်လှမ်းမီသမျှ မြန်မာပြည်နှင့် ပတ်သက်သော စာအုပ်၊ စာစောင်၊ စာတမ်းများ အကုန်လုံးကို ဖတ်ခဲ့ဖူးပြီး မည်သည်တို့အကြောင်းကို မည်သူ ရေးသားထားခဲ့သည်ကို အလွတ်နီးပါး သတိရသည်။ စာဖတ်မြန်၍ မှတ်ဉာဏ်ကောင်းသူ ဖြစ်သည်။ ယင်းကလည်း ဆရာ၏ လုပ်ငန်းကို အထူးအကျိုးပြုခဲ့ပေသည်။ ဆရာ ဒေါက်တာညီညီက " မြန်မာ ပြည်အကြောင်း၊ အင်္ဂလိပ် – မြန်မာ နှစ်ဘာသာဖြင့် ရေးသားထားသော စာအုပ်စာတမ်း အကုန်လုံးနီးပါး ဖတ်ဖူးပြီး သိကျွမ်းသူ ကမ္ဘာပေါ်တွင် နှစ်ဦးသာ ရှိသည်ထင်ပါသည်။ ထိုသူတို့မှာ ဦးသော်ကောင်းနှင့် အင်္ဂလိပ်အမျိုးသမီးပညာရှင် Patricia Hebert တို့ ဖြစ်သည်" ဟု ချီးကျူးဂုဏ်ပြု ရေးသားခဲ့သည်။

ဆရာကြီးသည် စာကြည့်တိုက်မှူး အလုပ် ရွေးချယ်ခဲ့သည့် အချိန်တုန်းက ယခုကဲ့သို့အလုပ်မျိုး မြန်မာနိုင်ငံတွင် မတွင်ကျယ်သေးသည့်အပြင် မြန်မာနိုင်ငံရှိ တက္ကသိုလ်များတွင်လည်း စာကြည့်တိုက်ပညာကို စနစ်တကျ သင်ယူ၍ မရသေးပေ။ သို့ပါ၍ ဆရာကြီး ရွေးချယ်လိုက်သည့်လမ်းသည် အများ မလျှောက်သေးသည့် လမ်းသစ်ဖြစ်သည့်အတွက် တီထွင်ကြံဆစမ်းတဝါး စလျှောက်ခဲ့ရသည်။ အထူးအားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ရသည်။ အခက်အခဲအမျိုးမျိုး၊ ဆူးငြောင့်ခလုတ် အသွယ်သွယ်တို့ကို ကျော်လွှားခဲ့ရသည်။


*စာမျက်နှာ ၂၃ သို့*


❖ **ဆရာကြီး ဒေါက်တာစည်သူသော်ကောင်းသည် အသက် ၇၁ နှစ်အရွယ် ၂၀၀၈ ခုနှစ်တွင် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆု၊ အသက် ၇၃ နှစ်တွင် ၂၀၁၀ ပြည့်နှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုတို့ကို ချီးမြှင့်ခံရသူဖြစ်သည်။ ထို့နောက် ၂၀၁၆ ခုနှစ်တွင် ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆု၊ ၂၀၁၅ ခုနှစ်တွင် သုတစွယ်စုံစာပေ တစ်သက်တာဆု၊ ၂၀၁၆ ခုနှစ်တွင် ဆရာဝန်တင်ရွှေ စာပေတစ်သက်တာဆုတို့ကိုလည်း ရရှိခဲ့**









*စာမျက်နှာ ၂၂ မှ*

ဆရာကြီးသည် လူပုံ အေးဆေးတည်ငြိမ်၍ စိတ်သဘောထားနူးညံ့ပျော့ပျောင်းသော်လည်း စာပေနှင့်ပတ်သက်လာလျှင် အလွန်သတ္တိရှိသော ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ ဆရာကြီးကို ၁၉၈၀ ပြည့်နှစ်ခန့်တွင် အစိုးရဌာနတစ်ခု၌ ညွှန်ကြားရေးမှူးချုပ်ရာထူးပေးရန် သက်ဆိုင်ရာလူကြီးများက စီမံခဲ့ဖူးသော်လည်း ဆရာကြီး၏ ပြင်းပြသော စာပေစိတ်ဓာတ်ကြောင့်ပင် မိမိဝါသနာကြီးမားသည့် စာကြည့်တိုက်မှူးဘဝကိုသာ နှစ်ခြိုက်သည့်အတွက် ငြင်းပယ်ခဲ့သည်။ ခေတ်အဆက်ဆက်တွင် မြန်မာနိုင်ငံသို့ မြန်မာ့စာပေ၊ သမိုင်း၊ ဓလေ့ထုံးစံများ လေ့လာရန်ရောက်ရှိလာသော နိုင်ငံခြားသားပညာရှင်များကို စာအုပ်စာပေအားဖြင့်များစွာ ကူညီပံ့ပိုးပေးနိုင်ခဲ့သည်။ ထို့ကြောင့် နိုင်ငံခြားသားပညာရှင်များက ကြည်ညိုလေးစားကြ၏။ ဤသည်မှာ ဆရာ့သန္တာန်တွင် ကိန်းဝပ်နေသော မေတ္တာတရား၏ သင်္ကေတ ဖြစ်သည်။ ဆရာကြီးက လူလူချင်းဆက်ဆံသည့်အခါ ရိုးသားဖို့၊ စာနာတတ်ဖို့၊ နှိမ့်ချတတ်ဖို့ လိုအပ်ကြောင်းနှင့် ထိုကဲ့သို့ တစ်ဦးကိုတစ်ဦး လေးလေးစားစား၊ မှန်မှန်ကန်ကန် ဆက်ဆံနိုင်ကြရင် သာယာသည့် လူမှု အသိုက်အဝန်းဖြစ်လာမှာ မလွဲမသွေဟု ဆိုဆုံးမတတ်သူဖြစ်သည်။

### စာကြည့်တိုက်တာဝန် သူကျေပွန်

ရန်ကုန်တက္ကသိုလ်၏ ပထမဆုံး စာကြည့်တိုက်မှူးအဖြစ် ဦးခင်ဇော် (ကလောင်အမည် – K) က ၁၉၃၀ ပြည့်နှစ်မှ ၁၉၄၅ ခုနှစ်အထိ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၁၉၄၆ ခုနှစ်မှ ၁၉၆၈ ခုနှစ်အထိ ဦးသိန်းဟန် (ဆရာဇော်ဂျီ) က တာဝန်ယူခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် အခေါ်အဝေါ်ပြောင်းလဲခဲ့သည့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၏ စာကြည့်တိုက်မှူးကြီးအဖြစ် ၁၉၆၈ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ဆရာကြီး ဦးသိန်းဟန် (ဆရာ ဇော်ဂျီ) ၏ စာပေအမွေအနှစ်နှင့် စာကြည့်တိုက်အတတ်ပညာရပ်များကို ဆရာ ဦးသော်ကောင်းက ဆက်ခံခဲ့သည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သည် ဦးသော်ကောင်း လက်ထက်တွင် ပိုမိုပီပြင်လာပြီး မြန်မာနိုင်ငံ၏ အားအထားရဆုံးသော စာကြည့်တိုက်ဖြစ်လာသည့်အပြင် မြန်မာပြည်အကြောင်း လေ့လာလိုသူများအတွက် နိုင်ငံတကာ၏ အားကိုးရာဖြစ်လာသည်။ ဆရာကြီးသည် မြန်မာစာနယ်ပယ်နှင့် ကမ္ဘာ့စာပေနယ်များကို ပေါင်းကူးတံတားခင်းပေးခဲ့သည်။ ကမ္ဘာ့စာကြည့်တိုက်များနှင့် ဆက်သွယ်၍ ဗဟုသုတတိုးပွားစေမည့် စာအုပ်စာတမ်း၊ ဂျာနယ်၊ မဂ္ဂဇင်းများကို စာအုပ်လဲလှယ်၍ဖြစ်စေ၊ ငွေးရမ်းဝယ်ယူ၍ ဖြစ်စေ ဖြည့်ဆည်းပေးခဲ့သည်။ မူလရည်မှန်းချက်ဖြစ်သည့် မြန်မာမှုနှင့် ပတ်သက်၍လည်း အစုံလင်ဆုံးဖြစ်အောင် စုဆောင်းနိုင်ခဲ့သည်။ ဆရာကြီးသည် ရှေးဟောင်းစာပေ ဖြစ်သည့် ပေ၊ ပုရပိုက်လက်ရေးစာများအပေါ် ပိုစိတ်ဝင်စားသည်။ ဘုန်းတော်ကြီး ကျောင်းအိုများနှင့် ကိုယ်ပိုင်စာကြည့်တိုက်များသို့ သွားရောက်၍ ဖုန်တက်နေသော ပေစာလက်ရေးမူများကို စုဆောင်းခဲ့ကြသည်။ တချို့ကို ဝယ်ရသည်လည်း ရှိသည်။ အထက်မြန်မာပြည်ကို ဗြိတိသျှတို့ သိမ်းပိုက်စဉ်က မြန်မာပြည်က ယူဆောင်သွားသည့် ရှားပါးပေနှင့် ပုရပိုက်များကို လန်ဒန်က ဗြိတိန်သျှစာကြည့်တိုက်မှ တစ်ဆင့် အလှူပြန်လည်ရရှိအောင် ဆောင်ရွက်ခဲ့သည်။ ယခုအခါ ပေ၊ ပုရပိုက် အစည်းပေါင်း ၁၆၀၀၀ နီးပါးကို စုဆောင်းထိန်းသိမ်းနိုင်ခဲ့သည်။ ထို့ကြောင့် ဆရာပါရဂူက "တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူး ဦးသော်ကောင်းသည် စာကြည့်တိုက်မှူးရာထူးနှင့် အလွန်တရာ အံဝင်ခွင်ကျသူဖြစ်သည်" ဟု ရေးသားဖူးသည်။ ရှားပါး ပေ၊ ပုရပိုက် စာအုပ်စာတမ်းများကို လက်ရေးမူကူးခြင်း၊ မိုက်ကရိုဖလင်ဖြင့် ရိုက်ကူးထိန်းသိမ်းခြင်းများကိုလည်း နိုင်ငံတကာနှင့်အညီ ဆောင်ရွက်ခဲ့သည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင် ပေ၊ ပုရပိုက်နှင့် လက်ရေးဌာနစိတ်တစ်ခု တည်ထောင် ဖွင့်လှစ်နိုင်ခဲ့သည်။

ထို့ကြောင့် ၂၀၀၅ ခုနှစ်တွင် ဂျပန်နိုင်ငံ ဖုကုအိုက အာရှဓလေ့ဆု ရွေးချယ်ရေးကော်မတီက ဖုကုအိုက ပညာရှင်ဆု [Fukuoka Asian Culture Prize (Academies Laureate)] ပေးအပ်ချီးမြှင့်ခြင်း ခံရသည်။ ထိုဖုကုအိုက ယဉ်ကျေးမှု ဆုချီးမြှင့်ခြင်းနှင့် ပတ်သက်၍ ဆုရွေးချယ်ရေးအဖွဲ့က "ဒေါက်တာ သော်ကောင်းသည် အာရှတိုက်တွင် စာကြည့်တိုက်ပညာရပ် နယ်ပယ်၌ ဦးဆောင်ဦးရွက်ပြုသူတစ်ဦး ဖြစ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် ရှေးရိုးရာ မှတ်တမ်းမှတ်ရာများကို ထိန်းသိမ်းရာတွင် အထူးတလည် တာဝန်ကျေပွန်ခဲ့သူဖြစ်သည်" ဟု မှတ်ချက်ပြုခဲ့ဖူးသည်။ ၂၀၀၀ ပြည့်နှစ်တွင် ဖူကာအိုကာဆု ရရှိခဲ့သည့် ကျော်ကြားသော မြန်မာသမိုင်းပညာရှင် ဒေါက်တာသန်းထွန်းကလည်း "သူက သုတေသနအတွက် ရှားပါးစာရွက်၊ စာတမ်းလိုအပ်နေတဲ့သူ၊ နိုင်ငံသားဖြစ်ဖြစ်၊ နိုင်ငံခြားသားဖြစ်ဖြစ် စာနာကူညီတယ်၊ သူ ကျွန်တော်တို့ကို အမြဲ ကူညီနိုင်ပါစေ" ဟုလည်း ရေးသားခဲ့ဖူးသည်။

ဆရာကြီးသည် ဝန်ထမ်းလုပ်သက်တစ်လျှောက်လုံး စာကြည့်တိုက်အသိုင်းအဝိုင်းနှင့် စာပေအဝန်းအဝိုင်းထဲမှာသာ ဘဝကို နှစ်မြှုပ်ထားသူဖြစ်သည်။ ဂျပန်၊ ဩစတြေးလျ၊ စင်ကာပူ၊ အင်္ဂလန်နှင့် အမေရိကန်နိုင်ငံများသို့ စာကြည့်တိုက်နှင့် စာကြည့်တိုက်ပညာသင်တက္ကသိုလ်များ၊ လေ့လာရေးခရီးများ ရောက်ခဲ့သည်။ ဆရာကြီးသည် စာကြည့်တိုက်မှူးတာဝန်နှင့် သင်ကြားရေးတာဝန်တို့ကို ပူးတွဲထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံ၏ စာကြည့်တိုက်လောက ထွန်းလင်းတောက်ပရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူအဖြစ် သမိုင်းမှတ်တမ်းဝင်သူ တစ်ဦးဖြစ်သည်။

ဆရာကြီးလက်ထက် ၁၉၇၁ ခုနှစ်မှာပင် စာကြည့်တိုက်ပညာဌာန (Department of Library Science) ကို တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းအပတ်စဉ် (၁) ကစပြီး စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့ကို ပေးအပ်နိုင်ခဲ့သည်။ စာကြည့်တိုက်ပညာဖြင့် အသက်မွေးမည့်သူ သုံးရာကျော်ကိုလည်း မွေးထုတ်ပေးခဲ့သည်။ ယခုအခါ ဆရာကြီးပျိုးထောင်ခဲ့သော စာကြည့်တိုက်သင်တန်းသည် ယခုအခါ ဘွဲ့လွန်ဒီပလိုမာသင်တန်းအပြင် မဟာတန်း၊ ပါရဂူတန်းများအထိ တိုးချဲ့သင်ကြားနေပြီဖြစ်သည်။

၁၉၅၇ ခုနှစ်မှ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်အထိ ရန်ကုန်တက္ကသိုလ် ပင်မနယ်မြေရှိ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တို့တွင် စာကြည့်တိုက်မှူးအဖြစ် နှစ်ပေါင်း ၄၀ ခန့် တာဝန်ယူလုပ်ကိုင်ခဲ့သည်။

ဆရာကြီးသည် ၁၉၉၈ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် သုတပညာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် စာကြည့်တိုက်နှင့် သုတပညာဌာနတို့တွင် အချိန်ပိုင်းပါမောက္ခအဖြစ် စာကြည့်တိုက်ပညာ ဆက်လက်သင်ကြားပို့ချသည်။ ထို့နောက် ဆရာကြီး၏ဖခင် တည်ထောင်ခဲ့သည့် မြန်မာ့သမိုင်းအဖွဲ့တွင် ၁၉၉၈ ခုနှစ် ဇန်နဝါရီလမှစတင်၍ နှစ်ပေါင်း ၃၀ ကျော် တာဝန်ယူလုပ်ဆောင်ခဲ့ပြီး ယခုအခါ မြန်မာ့သမိုင်းအဖွဲ့ အချိန်ပိုင်းအဖွဲ့ဝင်ဖြစ်သည်။


### စာပေတာဝန် သူကျေပွန်

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ်မှစ၍ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဆရာဝန်တင်ရွှေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု၊ သုတစွယ်စုံစာပေဆု စသည့် စာပေဆိုင်ရာ ဆုရွေးချယ်ရေးအဖွဲ့များ၌လည်း ဥက္ကဋ္ဌအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ မြန်မာစာကော်မရှင်တွင် အတွင်းရေးမှူးအဖြစ် ၁၉၇၁ ခုနှစ်မှ ၁၉၇၆ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပြီး မြန်မာ–အင်္ဂလိပ်အဘိဓာန်ပြုစုရေးအဖွဲ့၏ ပထမဆုံးသဘာပတိအဖြစ် (၁၉၈၁ – ၁၉၈၂) ၌ ဆောင်ရွက်ခဲ့သည်။ ၁၉၉၂ ခုနှစ်တွင် မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက် တိုက်တွန်းခဲ့ပြီး အသင်း၏ နာယကအဖြစ် ယနေ့အထိ ဆောင်ရွက်လျက်ရှိသည်။ ၁၉၉၃ ခုနှစ်မှစ၍ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပူးတွဲပြီး မြန်မာနိုင်ငံတွင် ထင်ရှားကျော်ကြားခဲ့သော စာရေးဆရာကြီးများ၏ စာပေါင်းချုပ်များကို ထုတ်ဝေနိုင်ရန် ဦးဆောင်စီစဉ်ပေးခဲ့ရာ ဆရာဇော်ဂျီ စာပေါင်းချုပ်၊ ပီမိုးနင်း စာပေါင်းချုပ်၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး စာပေါင်းချုပ်နှင့် မှော်ဘီဆရာသိန်းကြီး စာပေါင်းချုပ်တို့ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဆရာကြီးသည် မြန်မာစာပေ ဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် ပုဂ္ဂလိကစာပေဆုများ တီထွင်ချီးမြှင့်သည့်အခါတွင်လည်း ပါဝင်ကူညီဆောင်ရွက်ခဲ့သည်။

ဦးသော်ကောင်းသည် စာကြည့်တိုက်မှူးဘဝဖြင့် မြန်မာနိုင်ငံအပြင် ဗြိတိန်၊ ဂျပန်နှင့် စင်ကာပူတို့ရှိ စာကြည့်တိုက်ကြီးအချို့တွင် ကျောင်းသားများ၊ ပညာရှင်များ၊ သုတေသီများနှင့် အခြားစာရှာသူများစွာတို့ကို ကူညီပေးခဲ့ပြီး ကိုယ်တိုင်လည်း သုတေသနစာတမ်းများစွာတို့ကို ရေးသားဖတ်ကြားခဲ့သည်။ အငြိမ်းစားယူပြီးနောက်ပိုင်း ကမ္ဘာတစ်ဝန်းရှိ သုတေသီများနှင့် ကျောင်းသားများ လေ့လာကိုးကားနိုင်စေရန် ရှေးဟောင်းပေစာ၊ ပုရပိုက်စာများအား ထိန်းသိမ်းစုဆောင်းလျက် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပေးခြင်း၊ မြန်မာသမိုင်းနှင့် မြန်မာစာပေဆိုင်ရာ စာတမ်းနှင့် စာအုပ်စုစုပေါင်း ၁၈၀ ကျော်တို့ကို ရေးသားထုတ်ဝေခဲ့ပြီး ယင်းတို့အနက် အများစုမှာ တစ်ကမ္ဘာလုံး လေ့လာဖတ်ရှုနိုင်ရန် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ ဆရာကြီးသည် အင်္ဂလိပ်–မြန်မာ နှစ်ဘာသာစလုံးတွင်ပင် ကျွမ်းကျင်သူ စာရေးကောင်းသူတစ်ဦးလည်း ဖြစ်သည်။ ဒေါက်တာညီညီက "သူ့လို မြန်မာမှုပညာရပ်များ၊ မြန်မာပြည်အကြောင်းရပ်များကို ပြည့်စုံစွာဖတ်ရှုတတ်ကျွမ်း၊ သိနားလည်ပြီး အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် ရှင်ရှိသေ၊ လူရှိသေရေးနိုင်သူ မြန်မာပြည်တွင် သိပ်မရှိတော့ပါ" ဟု မှတ်တမ်းတင်ဂုဏ်ပြုခဲ့ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*







**ဆရာကြီးသည် လက်လှမ်းမီသမျှ မြန်မာပြည်နှင့်ပတ်သက်သော စာအုပ်၊ စာစောင်၊ စာတမ်းများ အကုန်လုံးကို ဖတ်ခဲ့ဖူးပြီး မည်သည်တို့အကြောင်းကို မည်သူရေးသားထားခဲ့သည်ကို အလွတ်နီးပါး သတိရသည်။ စာဖတ်မြန်၍ မှတ်ဉာဏ်ကောင်းသူ ဖြစ်သည်။ ယင်းကလည်း ဆရာ၏လုပ်ငန်းကို အထူးအကျိုးပြုခဲ့**


# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း — တောင်အာဖရိကနိုင်ငံ

**မေနယ်လီ**

*(ယမန်နေ့မှအဆက်)*

၁၉၀၈ ခုနှစ်တွင် ဗြိတိသျှတို့မှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ခွင့်ပြုခဲ့ပြီး ၁၉၀၉ ခုနှစ် အက်ဥပဒေကို ပြဋ္ဌာန်း၍ အုပ်ချုပ်ရေးကို စတင်ခဲ့သည်။ ဗြိတိသျှတို့၏ ယခင်ကိုလိုနီနယ်ဟောင်းများဖြစ်သော 'ကိတ်' နှင့် 'နေတယ်' ဒေသ၊ 'ဘိုးအား' နယ်မြေများဖြစ်သော 'အောရိန့် ဖရီးစတိတ်' နှင့် 'ထရန့်စ် ဗယ်' တို့ကိုပေါင်းစု၍ တောင်အာဖရိကပြည်ထောင်စုနိုင်ငံ တည်ထောင်ခဲ့သည်။ ၁၉၀၉ ခုနှစ် အက်ဥပဒေသည် တောင်အာဖရိကပြည်ထောင်စု (Union of South Africa) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အရင်းအမြစ်ဖြစ်ခဲ့သည်။ ၎င်းဥပဒေကို ဗြိတိသျှပါလီမန်မှ ပြဋ္ဌာန်းခြင်းဖြစ်သည်။ အဆိုပါ ဥပဒေအရ အင်္ဂလန်ဘုရင်မကြီးသည် နိုင်ငံ၏အကြီးအကဲ ဖြစ်သည်။ အစိုးရအဖွဲ့၏ အကြီးအကဲမှာ ဝန်ကြီးချုပ် ဖြစ်သည်။ ၁၉၆၁ ခုနှစ်တွင် ၎င်းဥပဒေကို ဖျက်သိမ်းပြီး တောင်အာဖရိကသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်တစ်ခုကို ရေးဆွဲခဲ့သည်။ ဓနသဟာယနိုင်ငံများအဖွဲ့ဝင်အဖြစ်မှလည်း နုတ်ထွက်ခဲ့သည်။

၁၉၈၄ ခုနှစ်တွင် ဖွဲ့စည်းပုံဥပဒေအသစ်တစ်ခု ပြဋ္ဌာန်း၍ ၁၉၆၁ ခုနှစ်ဖွဲ့စည်းပုံကို ဖျက်သိမ်းခဲ့သည်။ ဥပဒေပြုလွှတ်တော်နှစ်ရပ်နေရာတွင် လွှတ်တော် (၃) ရပ်စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သည်။ လူဖြူများအတွက် လွှတ်တော်၊ အသားအရောင်များအတွက် ကိုယ်စားပြုလွှတ်တော်နှင့် အိန္ဒိယကိုယ်စားလှယ်များအတွက် လွှတ်တော်တို့ဖြစ်သည်။ ၁၉၉၃ ခုနှစ်တွင် တောင်အာဖရိကသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ယာယီ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းပြီး ၁၉၈၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းခဲ့သည်။ ယာယီဖွဲ့စည်းပုံအခြေခံဥပဒေအရ အသားအရောင်ခွဲခြားမှုကို အဆုံးသတ်စေခဲ့သည်။ နိုင်ငံသားအခွင့်အရေး၊ လစ်ဘရယ်ဒီမိုကရေစီ စသည်တို့ကို စတင်မိတ်ဆက်ခဲ့သည်။ ယာယီဖွဲ့စည်းပုံအခြေခံဥပဒေတွင် လွှတ်တော်နှစ်ရပ်စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သည်။ ကိုယ်စားလှယ် ၄၀၀ ပါဝင်သော အောက်လွှတ်တော်နှင့် ကိုယ်စားလှယ် ၉၀ ပါဝင်သော အထက်လွှတ်တော်တို့ ဖြစ်သည်။ အောက်လွှတ်တော်ကို အချိုးကျ ကိုယ်စားပြုစနစ်ဖြင့် ပြည်သူများမှ တိုက်ရိုက်ရွေးကောက်ပြီး အထက်လွှတ်တော်ကို စီရင်စု ကိုးပြည်နယ်မှ ကိုယ်စားလှယ် ၁၀ ဦးစီဖြင့် အညီအမျှ ရွေးချယ်ခဲ့သည်။ အထက်လွှတ်တော်အတွက် ကိုယ်စားလှယ်များကို သက်ဆိုင်ရာ စီရင်စုလွှတ်တော်များမှ ရွေးချယ်ပေးသော စနစ်ကို ကျင့်သုံးသည်။ ၎င်းဖွဲ့စည်းပုံအခြေခံဥပဒေအရ အထွေထွေရွေးကောက်ပွဲကျင်းပပြီး ရွေးချယ်ခံရသော လွှတ်တော်နှစ်ရပ်မှ ကိုယ်စားလှယ်များ စုပေါင်း၍ နှစ်နှစ်အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ခု ရေးဆွဲရမည် ဖြစ်သည်။




ပုံ-၁ တောင်အာဖရိကနိုင်ငံ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲရလဒ်များ (၂၀၁၉ ခုနှစ်)

၁၉၉၄ ခုနှစ်တွင် တောင်အာဖရိကနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့သည်။ ရွေးကောက်ပွဲတွင်အနိုင်ရရှိသော လွှတ်တော်နှစ်ရပ်မှ ရွေးကောက်ခံကိုယ်စားလှယ်များ စုပေါင်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲခြင်းကို နှစ်နှစ်အတွင်း ဆောင်ရွက်ခဲ့သည်။ ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် သမ္မတ နယ်ဆင်မင်ဒဲလားမှ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို အတည်ပြု ကြေညာခဲ့သည်။ ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်း၍ ဖွဲ့စည်းပုံအသစ် စတင်အသက်ဝင်ခဲ့သည်။ ၁၉၉၆ ခုနှစ် ဖွဲ့စည်းပုံကို တောင်အာဖရိကသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဟုခေါ်ဆိုပြီး ယနေ့အချိန်အထိ ပြင်ဆင်မှုပေါင်း (၁၇) ကြိမ် ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။ ၎င်းဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးပြီး အမျိုးသားလွှတ်တော် (National Assembly – အောက်လွှတ်တော်) ကို ပြည်သူများမှ တိုက်ရိုက် ရွေးကောက်တင်မြှောက်၍ အမျိုးသားစီရင်စုကောင်စီလွှတ်တော် (National Council of Provinces – အထက်လွှတ်တော်) ကို သက်ဆိုင်ရာ စီရင်စုလွှတ်တော်များမှ ရွေးချယ်ပေးသည့် စနစ်ဖြစ်သည်။

**ရွေးကောက်ပွဲနေ့ မဲပေးခြင်းနှင့် မဲရေတွက်ခြင်း**

မဲပေးရာတွင် မဲဆန္ဒရှင်အမည်စာရင်းရှိရာ မဲပေးရခိုင်အတွင်းရှိ မဲရုံတွင်သာ မဲပေးခွင့်ရှိသည်။ အကယ်၍ မဲဆန္ဒရှင်စာရင်းရှိရာ မဲပေးရခိုင်ပြင်ပရှိ မဲရုံတွင် မဲပေးလိုပါက မည်သည့်မဲရုံ၌မဆို အမျိုးသားလွှတ်တော်ရွေးကောက်ပွဲအတွက်သာ မဲပေးနိုင်ပြီး စီရင်စုရွေးကောက်ပွဲများအတွက် ဆန္ဒမဲပြုခွင့်မရှိပါ။ နိုင်ငံပြင်ပရောက် တောင်အာဖရိကနိုင်ငံသားများအနေဖြင့် သတ်မှတ်ထားသည့် ရက်များတွင် သက်ဆိုင်ရာနိုင်ငံများရှိ တောင်အာဖရိကနိုင်ငံသံရုံးများ၌ မဲပေးနိုင်သည်။

ရွေးကောက်ပွဲနေ့တွင် မဲရုံများအား နံနက် ၇ နာရီတွင် စတင်ဖွင့်လှစ်ပြီး ည ၉ နာရီတွင် မဲရုံပိတ်သည်။ မဲပေးရာတွင် ဆန္ဒမဲပြုသူအား သက်သေခံစာအုပ်နှင့် တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်မှသာ မဲပေးခွင့်ပြုသည်။ မဲပေးခွင့်ရရှိသူ၏ သက်သေခံစာအုပ်၏ ဒုတိယစာမျက်နှာတွင် မဲပေးပြီးကြောင်း တံဆိပ်တုံးရိုက်နှိပ်ပြီး မဲဆန္ဒရှင်၏ လက်မအားလည်း ကြာရှည်ခံမင်ဖြင့် သုတ်လိမ်းအမှတ်အသားပြုသည်။ မသန်စွမ်းမဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် မဲရုံ၌ကူညီပေးရန် ၎င်းတို့ဆန္ဒရှိသည့် ပုဂ္ဂိုလ်တစ်ဦးအား ရွေးချယ်နိုင်သည်။

မသန်စွမ်းမဲဆန္ဒရှင်များ မဲပေးနိုင်ရန် မဲရုံမှူးက ကူညီပေးနိုင်သော်လည်း မတူညီသောပါတီ နှစ်ပါတီမှ ကိုယ်စားလှယ် နှစ်ဦးရှေ့မှောက်တွင်သာ ဆောင်ရွက်ခွင့်ရှိသည်။ မှားယွင်းစွာ ရေးခြစ်မိသော ဆန္ဒမဲလက်မှတ်အား မဲပုံးအတွင်းသို့မထည့်မီ မဲရုံမှူးထံတွင် မဲလက်မှတ်အသစ်ဖြင့် ပြန်လည်လဲလှယ်နိုင်သည်။ လဲလှယ်ပေးလိုက်သည့် အသုံးပြုရေးခြစ်ပြီးသား မဲလက်မှတ်များအား ပယ်မဲအဖြစ် သတ်မှတ်သိမ်းဆည်းသည်။ မဲရုံပိတ်ပြီးချိန်တွင် မဲရုံများ၌ပင် နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များ ရပ်ကွက်အဆင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း၏ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲလေ့လာသူများ၏ ရှေ့မှောက်တွင် မဲများရေတွက်သည်။ မဲရလဒ်စင်တာ (Results Centres) များ ထားရှိပြီး ရလဒ်များအား ကြေညာပေးသည်။

**ရွေးကောက်ပွဲကော်မရှင် (Independent Electoral Commission of South Africa – IEC)**

ရွေးကောက်ပွဲကော်မရှင်အား အဖွဲ့ဝင် ငါးဦးဖြင့်ဖွဲ့စည်းပြီး တစ်ဦးမှာ တရားသူကြီးဖြစ်ရသည်။ ရွေးကောက်ပွဲကော်မရှင်အက်ဥပဒေအရ ကော်မရှင်အဖွဲ့ဝင်များသည် တောင်အာဖရိကနိုင်ငံသား ဖြစ်ရပြီး နိုင်ငံရေးပါတီတစ်ခုခု၏ အထင်ကရပုဂ္ဂိုလ် မဖြစ်ရပေ။ အဖွဲ့ဝင်များအား အမျိုးသားလွှတ်တော်ရှိ Inter-Party Committee က တင်သွင်းသည့် အမည်စာရင်းအပေါ် သမ္မတက အတည်ပြုခန့်အပ်ခြင်း ဖြစ်သည်။ ကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ သက်တမ်းမှာ ခုနစ်နှစ်ဖြစ်ပြီး လိုအပ်ပါက လွှတ်တော်၏အကြံပြုချက်ဖြင့် သမ္မတက ကော်မရှင်အဖွဲ့ဝင်၏ သက်တမ်းကို တိုးမြှင့်နိုင်သည်။ အရည်အချင်းပျက်ယွင်းခြင်း၊ မမှန်မကန်ပြုကျင့်ခြင်း စသည့် အကြောင်းပြချက်များဖြင့် လွှတ်တော်၏ အတည်ပြုချက်ရယူကာ သမ္မတက ကော်မရှင်အဖွဲ့ဝင်များအား ရာထူးမှ ထုတ်ပယ်နိုင်သည်။ ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအား ရွေးကောက်ပွဲကော်မရှင်ကပင် အဖွဲ့ဝင်များအနက်မှ ရွေးချယ်ခန့်အပ်သည်။

လွတ်လပ်ပြီး အမှီအခိုကင်းသည့် ရွေးကောက်ပွဲကော်မရှင် (Independent Electoral Commission of South Africa – IEC) အား တောင်အာဖရိကဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားခြင်းဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင်၏ အဓိကတာဝန်ဝတ္တရားများမှာ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများ၊ စီရင်စုလွှတ်တော်ရွေးကောက်ပွဲများနှင့် မြူနီစီပယ်လွှတ်တော် ရွေးကောက်ပွဲများကို လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများအဖြစ် ကျင်းပပေးရန်၊ ယင်းရွေးကောက်ပွဲများ၏ ရလဒ်များ ထုတ်ပြန်ကြေညာပေးရန်နှင့် တစ်နိုင်ငံလုံးအဆင့် မဲဆန္ဒရှင်စာရင်းကို ပြုစုထိန်းသိမ်းရန် ဖြစ်သည်။

အဆိုပါကတိကဝတ်များအပြင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရန်၊ နိုင်ငံရေးပါတီများနှင့် ဆက်သွယ်ဆက်ဆံရေး ပူးပေါင်းရေးကို ဆောင်ရွက်ရန်၊ ရွေးကောက်ပွဲဆိုင်ရာ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရန်နှင့် မြှင့်တင်ရန်၊ ရွေးကောက်ပွဲဆိုင်ရာ နည်းပညာနှင့် နားလည်တတ်ကျွမ်းမှု တိုးတက်စေရေးမြှင့်တင်ဆောင်ရွက်ရန်၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေများကို စဉ်ဆက်မပြတ်ပြန်လည်သုံးသပ်ရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများအား အဆိုပြုတင်သွင်းရန်၊ မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ ရွေးကောက်ပွဲရလဒ်များအားလုံးကို ခုနစ်ရက်အတွင်း ကြေညာနိုင်ရေး ဆောင်ရွက်ရန်၊ ရွေးကောက်ပွဲ အငြင်းပွားမှုများအား ဖြေရှင်းရန်၊ ရွေးကောက်ပွဲကျင်းပချိန်တွင် လိုအပ်လာပါက အဆင့်ဆင့်သော အစိုးရယန္တရားတွင် တာဝန်ထမ်းဆောင်နေသူများအား သင့်လျော်သကဲ့သို့ အဆိုပြုတာဝန်ပေးအပ်ရန် အစရှိသည့် တာဝန်များလည်းရှိသည်။

ရွေးကောက်ပွဲတရားရုံးကို ရွေးကောက်ပွဲကော်မရှင်အက်ဥပဒေအရဖွဲ့စည်းပြီး ကော်မရှင်၏ ဆုံးဖြတ်ချက်များကို သုံးသပ်စိစစ်ရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ တရားရုံးများ၏ ဆုံးဖြတ်ချက်များအပေါ် နောက်ဆုံး အယူခံတင်သွင်းနိုင်ရန် ဖြစ်သည်။ ရွေးကောက်ပွဲ တရားရုံးသည် တရားလွှတ်တော်ချုပ်နှင့် အဆင့်အတန်းတူညီပြီး ရွေးကောက်ပွဲတရားရုံး အဖွဲ့ဝင်များအား Judicial Services Commission ၏အကြံပြုမှုဖြင့် သမ္မတက အတည်ပြုခန့်အပ်သည်။

ရွေးကောက်ပွဲကော်မရှင်၏ အောက်တွင် စီရင်စုကိုးခု၌ စီရင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းထားသည်။ စီရင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတစ်ခုလျှင် စီရင်စုရွေးကောက်ပွဲအရာရှိ ( Provincial Electoral Officer –PEO) က ဦးဆောင်သည့် ရုံးအဖွဲ့ရှိပြီး စီရင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက မြူနီစီပယ်ရွေးကောက်ပွဲ အရာရှိချုပ်များ (Municipal Electoral Officer) ၏ လုပ်ငန်းဆောင်ရွက်မှုများအား ကြီးကြပ်သကဲ့သို့ သက်ဆိုင်ရာပြည်နယ်အတွင်းရှိ ရွေးကောက်ပွဲများအပါအဝင် ရွေးကောက်ပွဲဆိုင်ရာစီမံကိန်းများအား စီမံခန့်ခွဲသည်။

စာမျက်နှာ ၂၅ သို့

❑ ၁၉၉၃ ခုနှစ်တွင် တောင်အာဖရိကသမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ယာယီဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းပြီး ၁၉၈၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းခဲ့သည်။ ယာယီဖွဲ့စည်းပုံအခြေခံဥပဒေအရ အသားအရောင်ခွဲခြားမှုကို အဆုံးသတ်စေခဲ့သည်။ နိုင်ငံသားအခွင့်အရေး၊ လစ်ဘရယ်ဒီမိုကရေစီ စသည်တို့ကို စတင်မိတ်ဆက်ခဲ့သည်။ ယာယီဖွဲ့စည်းပုံအခြေခံဥပဒေတွင် လွှတ်တော်နှစ်ရပ်စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သည်။

စာမျက်နှာ ၂၁ မှ

ကိုဗစ်-၁၉ ရောဂါဟာ ဗီဇအမျိုးမျိုးပြောင်းလဲပြီး မိမိတို့ပတ်ဝန်းကျင်မှာ ရှိနေဦးမယ့် အရာပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ကာကွယ်ရေး၊ ထိန်းချုပ်ရေးနဲ့ ကုသရေးလုပ်ငန်းစဉ်တွေကို စဉ်ဆက်မပြတ် ဆက်လက်လုပ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။ ပြည်သူတွေကို ကိုဗစ်နဲ့အတူ ယှဉ်တွဲနေထိုင်ရမယ့် နယူးနော်မယ်လိုက်ဖ် (New Normal Life) ကို အသားကျစေဖို့ ကျန်းမာရေးအသိပညာတွေ မျှဝေတာ၊ ကာကွယ်ဆေးမဖြစ်မနေ ထိုးနှံတာနဲ့အတူ ပူးပေါင်းကာကွယ်တာစတဲ့ အသိပညာတွေကို နိုင်ငံတော်က ဖြန့်ဝေပေးလျက်ရှိတာကိုလည်း အမြဲမပြတ် နားစွင့်နေကြဖို့နဲ့ လိုက်နာကြဖို့ လိုအပ်ပါတယ်။

ထို့အတူ ကိုဗစ်-၁၉ ကို ရင်ဆိုင်နေရချိန်နဲ့အပြိုင် တိုင်းပြည်ရဲ့ စီးပွားရေး၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝများ မနိမ့်ကျစေရေးအတွက်လည်း နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ အသင်းအဖွဲ့များအားလုံးက ဝိုင်းဝန်းကြိုးပမ်းကြခြင်းဖြင့် ကြိုးပမ်းသွားကြဖို့အတွက် လူတစ်ဦးချင်းမှအစပြု၍ ပူးပေါင်းပါဝင်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတော့တယ်။ ။

◆ အနယ်နယ်အရပ်ရပ်မှာ ကိုဗစ်ရောဂါဒဏ်ကို ပြင်းပြင်းထန်ထန်ခံစားရတဲ့ မိသားစုတွေကိုလည်း နိုင်ငံတော်က ထောက်ပံ့တာတွေအပြင် ကိုယ်ထူကိုယ်ထ ပရဟိတလူငယ်များ၊ ပြည်သူများရဲ့အင်အားနဲ့ တတ်စွမ်းသမျှ ကူညီဖေးမမှုတွေကလည်း ကိုဗစ်တတိယလှိုင်းကို ကျော်ဖြတ်ဖို့အတွက် အင်အားတွေပဲဖြစ်ခဲ့ရပါတယ်။ ပြည်သူတွေရဲ့ ကျန်းမာရေးအတွက် မနေမနားတာဝန်ထမ်းဆောင်ခဲ့တဲ့ ဆရာဝန်များ၊ သူနာပြုများနဲ့ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များအားလုံးရဲ့ စောင့်ရှောက်ပေးမှုကြောင့်လည်း မိမိတို့ပြည်သူများ ကိုဗစ်-၁၉ တတိယလှိုင်း အမြင့်ဆုံးအခြေအနေ လျော့ကျလာခဲ့တာပဲ မဟုတ်ပါလား

## ပုဗ္ဗသီရိမြို့နယ်ရှိ ခုတင်(၅၀) ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပေးလျက်ရှိ

**ပုဗ္ဗသီရိ ဩဂုတ် ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ခုတင် (၅၀) ဆံ့ ပြည်သူ့ဆေးရုံ၌ ယနေ့နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ စားသောက်ဆိုင်ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပြည်သူများအား ကိုဗစ်-၁၉ ရှိ၊ မရှိ စစ်ဆေးပေးကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပုဗ္ဗသီရိမြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသိမ့်သိမ့်ထွေးနှင့် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ စားသောက်ဆိုင်ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ရပ်ကွက်၊ ကျေးရွာနေ ပြည်သူများအား ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးရန် နှာခေါင်းတို့ဖတ် နမူနာရယူစစ်ဆေးခြင်းများ ဆောင်ရွက်သည်။ ထိုသို့စစ်ဆေးခြင်းများကို ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၂ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ လည်းကောင်း စစ်ဆေးပေးမည်ဖြစ်ပြီး မြို့နယ်အတွင်းရှိ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ သံသယရှိပါက လာရောက်စစ်ဆေးနိုင်ကြောင်း သိရသည်။

**မျိုးသီဟ (ပြန်/ဆက်)**

## အိမ်မဲမြို့နယ် ပြည်သူ့ဆေးရုံအတွက် အလှူငွေနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးသုံးပစ္စည်းများ လှူဒါန်း

**အိမ်မဲ ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့သည် ဩဂုတ် ၂၇ ရက်က အိမ်မဲမြို့နယ် ပြည်သူ့ဆေးရုံအတွက် အလှူငွေနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးလုပ်ငန်းသုံးပစ္စည်းများ လှူဒါန်းပေးပြီး အောက်ဆီဂျင်စက်ရုံတည်ဆောက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အိမ်မဲမြို့နယ် ခုတင် ၅၀ ပြည်သူ့ဆေးရုံအတွက် ရောဂါကာကွယ်ရေးဝတ်စုံ ၁၀၀၊ RDT (test kit) အခု ၃၀၀၊ ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ်ငါးသိန်းကို လည်းကောင်း၊ ကိုဗစ်စင်တာများတွင် တက်ရောက်ကုသနေသောလူနာများအား ကျွေးမွေးရန်အလှူငွေကျပ် သိန်း ၃၀ ကိုလည်းကောင်း လှူဒါန်းပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည်မြို့မလူငယ်ဘောလုံးကွင်းအတွင်းရှိအောက်ဆီဂျင်စက်ထားရှိမည့်နေရာနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို စစ်ဆေးရာ မြို့နယ်အောက်ဆီဂျင် ဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**

စာမျက်နှာ ၂၄ မှ

### ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများ

၁၉၁၀ ပြည့်နှစ်တွင် Union of South Africa ကို တည်ထောင်ခဲ့ပြီးနောက် တောင်အာဖရိကနိုင်ငံတွင် လွှတ်တော်ရွေးကောက်ပွဲများအား ယင်းနှစ်မှ စတင်ပြီးကျင်းပခဲ့သည်။ လွှတ်တော် နှစ်ရပ်ရှိခဲ့ပြီး ဘုရင် သို့မဟုတ် ဘုရင်မ၊ ဆီးနိတ်လွှတ်တော်နှင့် အောက်လွှတ်တော် ပါရှိသည်။ Parliament of the Union of South Africa အဖြစ် လွှတ်တော်ရွေးကောက်ပွဲ (၁၂) ကြိမ်အား ၁၉၁၀ ပြည့်နှစ်မှ ၁၉၅၈ ခုနှစ်အတွင်းတွင် လည်းကောင်း၊ Parliament of the Republic of South Africa လွှတ်တော်ရွေးကောက်ပွဲ ကိုးကြိမ်အား ၁၉၆၁ ခုနှစ်မှ ၁၉၈၉ ခုနှစ်အတွင်းတွင်လည်းကောင်း၊ Democratic Parliament of South Africa အဖြစ် လွှတ်တော်ရွေးကောက်ပွဲ ခြောက်ကြိမ်အား ၁၉၉၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်းတွင်လည်းကောင်း အသီးသီး ကျင်းပခဲ့သည်။ (၂၇) ကြိမ်မြောက် တောင်အာဖရိကလွှတ်တော် ရွေးကောက်ပွဲများကို ၂၀၁၉ ခုနှစ် မေလ ၈ ရက်နေ့တွင် ကျင်းပခဲ့ပြီး African National Congress ပါတီက မဲအများဆုံးရရှိခဲ့သည်။

### ၂၀၁၉ ခုနှစ် တောင်အာဖရိကလွှတ်တော် ရွေးကောက်ပွဲ

၂၀၁၉ ခုနှစ်မေလ ၈ ရက်နေ့တွင်တောင်အာဖရိက အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး သမ္မတ၊ အမျိုးသားလွှတ်တော်နှင့် စီရင်စုတစ်ခုစီအတွက် စီရင်စု လွှတ်တော်ကိုယ်စားလှယ်များအား ရွေးကောက်တင်မြှောက်ခဲ့သည်။

၂၀၁၉ ခုနှစ် ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများ ပြုစုနိုင်ရန် ၂၀၁၈ ခုနှစ် မတ်လ ၁၀ ရက်နေ့နှင့် ၁၁ ရက်နေ့တွင်လည်းကောင်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့နှင့် ၂၇ ရက်နေ့များတွင်လည်းကောင်း မဲရုံများကို ဖွင့်လှစ်ခဲ့ပြီး မဲဆန္ဒရှင်အသစ်များအား လက်ခံစာရင်းသွင်းခြင်း၊ မူလမဲဆန္ဒနယ်မှအခြားမဲဆန္ဒနယ်သို့ပြောင်းရွှေ့နေထိုင်သူများအား မဲစာရင်းတွင် ပြင်ဆင်ဖြည့်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် မဲဆန္ဒရှင်အသစ် ၁ ဒသမ ၁ သန်းကျော်ကို မဲဆန္ဒရှင်များအဖြစ် မှတ်ပုံတင်စာရင်းသွင်းနိုင်ခဲ့ပြီး စုစုပေါင်း မဲဆန္ဒရှင် ၂၆၇၂၇၉၂၁ ဦး ရှိလာခဲ့သည်။

နိုင်ငံပြင်ပရှိမဲဆန္ဒရှင်များ မှတ်ပုံတင်စာရင်းသွင်းခြင်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၄ ရက်နေ့အထိ အခြားနိုင်ငံများရှိ တောင်အာဖရိကသံရုံး ၁၂၀ တွင် ဆောင်ရွက်ခဲ့ရာ ၂၀၅၃၂ ဦး လာရောက်လျှောက်ထားခဲ့ပြီး ၂၉၃၃၄ ဦးအား မဲစာရင်းတွင် အတည်ပြုထည့်သွင်းနိုင်ခဲ့သည်။ နိုင်ငံပြင်ပတွင် ဆန္ဒမဲပေးခြင်းကို ယင်းသံရုံး ၁၂၀ ၌ပင် ၂၀၁၉ ခုနှစ် ဧပြီလ ၂၇ ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါဆန္ဒမဲများကို ၂၀၁၉ ခုနှစ် မေလ ၈ ရက်နေ့တွင် ပြည်တွင်းဆန္ဒမဲများနှင့်အတူ ရေတွက်ခဲ့သည်။

တောင်အာဖရိကနိုင်ငံတွင် အိုမင်းမစွမ်းသူများ၊ နာမကျန်းသူများ၊ မသန်စွမ်းမဲဆန္ဒရှင်များ၊ ကိုယ်ဝန်ဆောင်များ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံသို့လာရောက်မဲပေးနိုင်ခြင်းမရှိသည့် မဲဆန္ဒရှင်များအား အထူးမဲပေးချိန် ( Special Vote Phase ) သတ်မှတ်ထားရှိပြီး မဲပေးခွင့်ပြုရာ ၂၀၁၉ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် အဆိုပါပုဂ္ဂိုလ်များအား စာရင်းသွင်းမှတ်ပုံတင်ခြင်းကို ၂၀၁၉ ခုနှစ် ဧပြီလ ၄ ရက်နေ့မှ ၁၈ ရက်နေ့အထိ ဆောင်ရွက်ခဲ့သည်။ မဲဆန္ဒရှင်ပေါင်း ၇၇၀၀၀၀ ကျော် မှတ်ပုံတင်စာရင်းပေးသွင်းခဲ့ကြပြီး တောင်အာဖရိကနိုင်ငံ ခရစ်ယာန်ဂိုဏ်းချုပ် Desmond Tutu အပါအဝင် အထူးမဲကြိုတင်ပေးသူများသည် မေလ ၆ ရက်နေ့တွင် မဲပေးခဲ့ကြသည်။

ရွေးကောက်ပွဲကျင်းပသည့် ၂၀၁၉ ခုနှစ် မေလ ၈ ရက်နေ့တွင် တစ်နိုင်ငံလုံး၌ မဲရုံပေါင်း ၂၂၉၂၅ ရုံ၌ မဲဆန္ဒရှင်ပေါင်း ၁၇၅၄၃၁၁၉ ဦး လာရောက်မဲပေးခဲ့ရာ မဲပေးမှုရာခိုင်နှုန်းမှာ ၆၅ ဒသမ ၅၉ ဖြစ်သည်။ မဲပေးခြင်းကို နံနက် ၇ နာရီတွင် စတင်ခဲ့ပြီးနောက် ည ၉:၀၀ နာရီ မဲရုံများပိတ်ပြီးချိန်၌ ဆန္ဒမဲများကို မဲရုံများ၌ပင် ရေတွက်ခဲ့ပြီး African National Congress ( ANC) ပါတီက အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ၌ ဆန္ဒမဲ ၅၇ ဒသမ ၆၇ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ စီရင်စုလွှတ်တော်ကိုးခုအနက် ရှစ်ခု၌လည်းကောင်း အနိုင်ရရှိခဲ့သည်။ ၂၀၁၉ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပချိန်၌ KwaZulu-Natal ရှိ မြူနီစီပယ်သုံးခုတွင် လူတစ်ဦးတည်းက မဲနှစ်ကြိမ်လာပေးသူ ၁၉ ဦးရှိခဲ့သဖြင့် အရေးယူဆောင်ရွက်မှုများပြုလုပ်ခဲ့သည်။


### နိဂုံး

တောင်အာဖရိကနိုင်ငံ၌ လွှတ်တော်ကိုယ်စားလှယ်များ၏ ဒီမိုကရေစီနည်းကျတာဝန်ယူမှုနှင့် ကိုယ်စားပြုမှုအသက်ဝင်မှုအား မည်သို့မည်ပုံ မြှင့်တင်နိုင်မည်ဆိုသည်ကို ဆက်လက်အငြင်းပွားနေဆဲဖြစ်ပြီး လက်ရှိအချိန်ကာလအထိ နိုင်ငံအတွင်းရှိအဓိကနိုင်ငံရေးပါတီကြီးများအားလုံးသည် အချိုးကျကိုယ်စားပြုစနစ်ကို ထောက်ခံနေကြဆဲဖြစ်သည်။ List PR စနစ်သည် မြေမျက်နှာသွင်ပြင် ပထဝီဝင်ဒေသအလိုက် ကိုယ်စားပြုခွင့် လုံလောက်စွာရရှိမှု မရှိဟူသည့် ဝေဖန်မှုများကြောင့် ၂၀၀၂ ခုနှစ်တွင် နိုင်ငံတော်သမ္မတက ယခင်ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်ဟောင်းဖြစ်သူ ဖရက်ဒရစ်ဗွန်ဇိုင်း စလက်ဘာ့တ် ဦးဆောင်ပြီး ရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်များလည်းပါရှိသည့် ၁၂ ဦးပါ အဖွဲ့ တစ်ဖွဲ့ကို တာဝန်ပေးအပ်ဖွဲ့စည်းကာ ရွေးကောက်ပွဲစနစ်များကို သုံးသပ်စေခဲ့သည်။ တောင်အာဖရိကနိုင်ငံအနေဖြင့် List PR စနစ်ကိုပင် ဆက်လက် ကျင့်သုံးသင့်သော်လည်း နှစ်ဆင့်ခံစနစ်ကို ပြောင်းလဲကျင့်သုံးရန် ယင်းအဖွဲ့က အဆိုပြုခဲ့သည်။ နှစ်ဆင့်ခံစနစ်ဆိုသည်မှာ နိုင်ငံကို မဲဆန္ဒနယ် ၆၉ နယ်အဖြစ်ခွဲခြား၍ လွှတ်တော်ကိုယ်စားလှယ် သုံးဦးမှ ခုနစ်ဦးအထိ ရွေးချယ်စေပြီး အမတ်နေရာ ၁၀၀ ကိုအမျိုးသားလွှတ်တော် အစားထိုးအမတ်နေရာများအဖြစ် ထားရှိစေခြင်းဖြစ်သည်။ သို့ရာတွင် တောင်အာဖရိကနိုင်ငံ၌ ယနေ့အချိန်အထိ ပြောင်းလဲကျင့်သုံးမှု မရှိသေးဘဲ အချိုးကျကိုယ်စားပြုစနစ်အား ဆက်လက်ကျင့်သုံးလျက်ရှိသဖြင့် တိုင်းရင်းသားလူမျိုးများစွာနေထိုင်လျက်ရှိပြီး မတူညီသော ယဉ်ကျေးမှု၊ ကိုးကွယ်မှုဘာသာနှင့် ဘာသာစကားများမှာလည်း လွန်စွာကွဲပြားသော်လည်း ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများကို အချိုးကျကိုယ်စားပြုစနစ်ဖြင့် ကျင်းပဆောင်ရွက်ခဲ့မှုများအား သိရှိလေ့လာနိုင်ရန် ရေးသားတင်ပြအပ်ပါသည်။ ။

**ကျမ်းကိုး**

- https://www.elections.org.za/content/Elections/Election-types/
- https://www.eisa.org/wep/souiec.htm
- https://en.m.wikipedia.org/wiki/Elections_in_South_Africa
- https://en.m.wikipedia.org/ wiki/South_Africa
- https://nationalgovernment.co.za/units/view/55/electoral-commission-iec-of-south-africa
- https://www.etu.org.za/toolbox/docs/govern/elections.html
- https://en.m.wikipedia.org/wiki/2019_South_African_general_election
- https://pmg.org.za/committee-meeting/17384/

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖောက်ခွဲဖျက်ဆီးရေးနှင့် လုပ်ကြံသတ်ဖြတ်မှုများ ဆောင်ရွက်နေသော PDF အကြမ်းဖက်အဖွဲ့ဝင်များ ဖော်ထုတ်ဖမ်းဆီးရရှိမှု




❖ *ကျောဖုံးမှ*

မြို့နယ်၊ အမှတ်(၉) ရပ်ကွက်၌ တင်ဝင်းလှိုင်၊ အောင်လေး၊ လှိုင်မိုးဝင်း နှင့် ပိုင်းချစ်သူတို့ လေးဦးကို လည်းကောင်း၊ ထန်းတပင်မြို့နယ် ရေတလိကျေးရွာ၌ သားဇော်၊ ခင်မျိုးဦး နှင့် တင့်ဝေ တို့ သုံးဦးကို လည်းကောင်း၊ ကွမ်းခြံကုန်းမြို့နယ် အင်္ဂလုံးကျေးရွာ၌ ရဲသွေး၊ နိုင်ဝင်းနှင့် အေးကိုကိုအောင်တို့ သုံးဦးကို လက်လုပ်ဗုံး ၄၃ လုံးဖြင့်လည်းကောင်း၊ တင်ဝင်းလှိုင် ၏ ထွက်ဆိုချက်အရ ဩဂုတ် ၁၂ ရက်တွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၌ ဟိန်းသီဟ ကိုလည်းကောင်း၊ တရားခံများ၏ ထွက်ဆိုချက်အရ ကွမ်းခြံကုန်းမြို့နယ် ဒေးဒနော ကျေးရွာ အရှေ့ဘက်ရှိ ကုလားကြီး (ဖမ်းဆီးရန်ကျန်)၏ လယ်တဲ၌ ဖောက်ခွဲရေးပစ္စည်းများ သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် သွားရောက်ရှာဖွေခဲ့ရာ ပြုလုပ်ဆဲ လက်လုပ်သေနတ်များ၊ လက်လုပ်မိုင်း သုံးလုံးနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ အေးကိုကိုအောင် နှင့် ဇော်နိုင်ဦး၏ ထွက်ဆိုချက်အရ ဩဂုတ် ၁၄ ရက်တွင် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၌ သက်နိုင်ထွေး ကို လည်းကောင်း၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ရွှေလင်ပန်း တည်းခိုခန်း၌ ဇော်ဝင်းမြင့် နှင့် ဇော်ဇော်ထူး တို့နှစ်ဦးကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ထွက်ဆိုချက်များအရ အမှတ်(၆) ရပ်ကွက်ရှိ ရွှေလမင်းမိုတယ်၌ လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်ဗုံး တစ်လုံး၊ ၉ မမ ကျည် ၁ဝ တောင့်နှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ အေးကိုကိုအောင်၏ ထွက်ဆိုချက်အရ ဩဂုတ် ၁၄ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်၌ အောင်နန္ဒဦး နှင့် ရဲထူးဇင် တို့နှစ်ဦးကိုလည်းကောင်း၊ ဩဂုတ် ၁၇ ရက်တွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် (၆)ရပ်ကွက်၌ ရဲရင့်အောင် ကို လက်လုပ်မိုင်း နှစ်လုံး၊ လက်လုပ်မိုင်းပြုလုပ်သည့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ရဲရင့်အောင်၏ ထွက်ဆိုချက်အရ ဩဂုတ် ၁၈ ရက်တွင် ကမာရွတ်မြို့နယ်၌ မျိုးမင်း ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ စမ်းချောင်းမြို့နယ်၌ ဇော်ဇော်မိုး၊ ဟိန်းရှုပါအောင် နှင့် ပိုင်စိုးမိုးတို့ သုံးဦးကို ပွိုင့်-၂၂ သေနတ် တစ်လက်၊ ပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ကျည်မျိုးစုံ ၄၃ တောင့်နှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ စမ်းချောင်းမြို့နယ် မြေနီကုန်းရပ်ကွက်၌ ညီညီထွန်း ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်တရားခံ ဝင်းကို (ဖမ်းဆီးရန်ကျန်) နေထိုင်သည့် ကမာရွတ်မြို့နယ် (၅)ရပ်ကွက် နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ လက်လုပ်မိုင်း လေးလုံးကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဇော်ဇော်မိုး၏ ထွက်ဆိုချက်အရ ဩဂုတ် ၁၉ ရက်တွင် လှိုင်မြို့နယ်၌ ခိုင်ခိုင်လွင် ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက်ရှိ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ လက်လုပ်မိုင်း နှစ်လုံး၊ ပွိုင့်-၂၂ ကျည် နှစ်တောင့်နှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ကမာရွတ်မြို့နယ် (၅) ရပ်ကွက်ရှိ တိုက်ခန်းမှ လက်လုပ်မိုင်း ၁၁ လုံး၊ အသံဗုံး ၁၁ လုံး၊ ယမ်းတောင့် ရှစ်တောင့်၊ ယမ်းထုပ် လေးထုပ်၊ ဒီတိုနေတာ ခြောက်ချောင်းနှင့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဟိန်းရှုပါအောင်၏ ထွက်ဆိုချက်အရ ဩဂုတ် ၂ဝ ရက်တွင် သဃ်န်းကျွန်းမြို့နယ်၌ ဆက်စပ်တရားခံ ဇေယျာဖြိုး နှင့် ဇနီးဖြစ်သူ ခိုင်လင်းထက်ကျော်တို့ နှစ်ဦးကို ပစ္စတို တစ်လက်၊ ကျည်အိမ် တစ်ခု၊ ကျည် အတောင့် ၅ဝ၊ လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်မိုင်း ရှစ်လုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဩဂုတ် ၂၁ ရက်တွင် ဗဟန်းမြို့နယ်၌ အောင်စည်တိုး ကို Icon နှစ်လုံးဖြင့်လည်းကောင်း၊ မှော်ဘီမြို့နယ် ရေတွင်းကုန်းကျေးရွာ၌ စည်သူလွင် ကို လည်းကောင်း၊ လှိုင်သာယာမြို့နယ်၌ သူရစိုး ကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ ခိုင်ခိုင်လွင်၏ ထွက်ဆိုချက်အရ ဩဂုတ် ၂၃ ရက်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉ဝ) ရပ်ကွက်ရှိ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ ဇော်မင်းထွန်း၊ ဝင်းသော်တာ၊ သိန်းဇော်၊ မျိုးသီဟ၊ သက်ထွဋ်ဇော်၊ ဝေယံသိန်း (ခ)ဗစ်တာနှင့် သီဟဇော် တို့ ခုနစ်ဦးကို ပစ္စတို တစ်လက်၊ လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်ဗုံး တစ်လုံး၊ ကျည်မျိုးစုံ ၂၈၃ တောင့် တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဩဂုတ် ၂၅ ရက်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် အမှတ်(၁၇)ရပ်ကွက် ဗန္ဓုလအိမ်ရာရှိ တိုက်အမှတ်(၂၆)၌ ဟိန်းကျော်လွင် နှင့် နှင်းအိဝေဇော်တို့ နှစ်ဦးကို လည်းကောင်း၊ ဟိန်းကျော်လွင်၏ ထွက်ဆိုချက်အရ ဗန္ဓုလအိမ်ရာရှိ တိုက်အမှတ်(၄၉)၌ ထက်လွင်ဦး ကို ပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ကျည်အတောင့် ၂ဝ တို့နှင့် လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများအနက် ရဲရင့်အောင်နှင့် ညီညီထွန်း တို့သည် KNLA တပ်မဟာ (၁) နယ်မြေတွင် လည်းကောင်း၊ ဇော်ဇော်မိုး၊ ဇော်မင်းထွန်း၊ သီဟဇော်၊ ပိုင်စိုးမိုး နှင့် ခိုင်ခိုင်လွင် တို့သည် KNLA တပ်မဟာ(၂)နယ်မြေတွင် လည်းကောင်း၊ ရဲသွေး၊ အေးကိုကိုအောင်၊ အောင်နန္ဒာဦးနှင့် ရဲထူးဇင် တို့သည် KNLA တပ်မဟာ(၆) နယ်မြေတွင် လည်းကောင်း၊ ဇော်နိုင်ဦး၊ အောင်စည်တိုးနှင့် သူရစိုး တို့သည် KNLA တပ်မဟာ (၇)နယ်မြေတွင် လည်းကောင်း အကြမ်းဖက် ဖောက်ခွဲရေး သင်တန်းများ တက်ရောက်ခဲ့ကြောင်း။

ဝေယံသိန်း(ခ) ဗစ်တာ သည် KNLA တပ်မဟာ (၂)နယ်မြေ၌ ဖောက်ခွဲရေး သင်တန်းဖွင့်လှစ်စဉ် ပစ္စတို တစ်လက်နှင့် ကျည်ဆန်များကို တပ်မဟာ(၂)မှ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိချိန်တွင် ဖောက်ခွဲရေးသင်တန်းဆင်းအဖွဲ့များနှင့် ချိတ်ဆက်၍ စမ်းချောင်းမြို့နယ်၊ လှိုင်မြို့နယ်၊ တာမွေမြို့နယ်တို့တွင် တိုက်ခန်းများ ငှားရမ်းနေထိုင်ကာ လက်လုပ်မိုင်းများကို ပြုလုပ်ခဲ့ပြီး အကြမ်းဖက် ဖောက်ခွဲရေး လုပ်ငန်းများနှင့် ငွေကြေးရယူ၍ လုပ်ကြံသတ်ဖြတ်ခြင်းများအား ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ လှိုင်သာယာမြို့နယ်၊ ဗဟန်းမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်၊ လှိုင်မြို့နယ်၊ မရမ်းကုန်းမြို့နယ်နှင့် ကမာရွတ်မြို့နယ် တို့တွင် လက်လုပ်မိုင်း ဖောက်ခွဲမှု ၁၉ ကြိမ် ပြုလုပ်ခဲ့ကြောင်း။

အဆိုပါ ဖောက်ခွဲမှုများတွင် လှိုင်သာယာမြို့နယ် ဖောက်ခွဲရေး တာဝန်ခံ နေလင်းထွန်း (ခ) ထွန်းလင်း (ဖမ်းဆီးရန်ကျန်) ခေါင်းဆောင်သည့်အဖွဲ့မှ မေလ ၁၁ ရက်တွင် လှိုင်သာယာမြို့နယ် စည်ပင်သာယာရေးရုံးနှင့် မေ ၂၉ ရက်တွင် ကမ္ဘောဇဘဏ်အနီး ကားမှတ်တိုင်၌ လည်းကောင်း၊ ဇွန် ၁၆ ရက်တွင် (၁၀၃) ကားမှတ်တိုင်နှင့် (၁၀၃) မှတ်တိုင်အနီးရှိ City Mark အရှေ့တို့တွင် လည်းကောင်း၊ ဇူလိုင် ၂၃ ရက်တွင် လှိုင်သာယာမြို့နယ် (၁၉) ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေး

*စာမျက်နှာ ၂၇ သို့*


ဇေယျာဖြိုး၊ ခိုင်လင်းထက်ကျော်တို့ကို အကြမ်းဖက်ရာတွင်အသုံးပြုသည့် လက်နက်ခဲယမ်း၊ ဖောက်ခွဲရေး ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။


လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၁၀)ရပ်ကွက်ရှိ Mytel တာဝါတိုင်။

*စာမျက်နှာ ၂၆ မှ*

အဖွဲ့ရုံးကို လည်းကောင်း၊ ဩဂုတ် ၁ ရက်တွင် လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းကျေးရွာ အမှတ်(၁၀) ရပ်ကွက် ကုလားကြီးစုကျေးရွာ အတွင်းတို့ရှိ Mytel တာဝါတိုင် သုံးခုကိုလည်းကောင်း စုစုပေါင်း ၈ ကြိမ် ဖောက်ခွဲခဲ့ကြောင်း။

ဝေယံသိန်း (ခ) ဗစ်တာ ခေါင်းဆောင်သည့်အဖွဲ့မှ ဇွန် ၁၆ ရက်တွင် ဗဟန်းမြို့နယ် ကုက္ကိုင်းမီးပွိုင့် ယာဉ်ထိန်းရုံးကို လည်းကောင်း၊ ဇူလိုင် ၃ ရက်တွင် သဃ်န်းကျွန်းမြို့နယ် Music Zone KTV ကို လည်းကောင်း၊ ဇူလိုင် ၇ ရက်တွင် မရမ်းကုန်း မြို့နယ်နှင့် ကမာရွတ်မြို့နယ်၊ မီတာရုံးရှေ့ အဝင်ပေါက်ကို လည်းကောင်း၊ သဃ်န်းကျွန်း မြို့နယ် ဇဝနကားမှတ်တိုင်အနီး ကိုလည်းကောင်း၊ တာမွေမြို့နယ် နတ်မောက်ရပ်ကွက်ရှိ ဝင်းသူဇာ အရောင်းဆိုင်ရှေ့ကို လည်း ကောင်း၊ ဇူလိုင် ၈ ရက်တွင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင် တံတားအောက်တွင် လည်း ကောင်း၊ ဩဂုတ် ၆ ရက်တွင် ပုဇွန်တောင်မြို့နယ် ရဲစခန်း အနီး အမှိုက်ပုံး၌ လည်းကောင်း၊ ဩဂုတ် ၁၄ ရက်တွင် မြောက် ဥက္ကလာပမြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ရုံးနှင့် သဃ်န်းကျွန်းမြို့နယ် ရတနာလမ်းထောင့်ရှိ ယာဉ်ထိန်း ရုံးတို့အား လည်းကောင်း၊ ဩဂုတ် ၁၆ ရက်တွင် မြောက်ဥက္ကလာပ မြို့နယ် EPC ရုံးရှေ့တွင် လည်း ကောင်း စုစုပေါင်း ၁၁ ကြိမ် ဖောက်ခွဲခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏


ဖော်ဖော်မိုး ကို အကြမ်းဖက်ရာတွင်အသုံးပြုသည့် ဖောက်ခွဲရေး ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။


အောင်စည်တိုး ကို သက်သေခံပစ္စည်းများ နှင့်အတူ တွေ့ရစဉ်။


ဖမ်းဆီးရမိသည့် ဗုံးသီး၊ ပစ္စတိုနှင့် ၎င်းကျည်များကို တွေ့ရစဉ်။

ထွက်ဆိုချက်များအရ ဩဂုတ် ၁၇ ရက်တွင် ကမာရွတ်မြို့နယ် (၃)ရပ်ကွက်နေ ဦးတင်လှ(မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်) ကို လုပ်ကြံသတ်ဖြတ်ရာတွင် ဖမ်းဆီး ရမိတရားခံ ဖော်ဖော်မိုး၊ ညီညီထွန်း နှင့် ဖုန်းနိုင်၊ ဆံရှည်(ဖမ်းဆီးရန် ကျန်)တို့မှ ပူးပေါင်းလုပ်ကြံခဲ့ခြင်း ဖြစ်ကြောင်း။

၎င်းတို့အဖွဲ့အား အကြမ်းဖက် လုပ်ရပ်များ ဆောင်ရွက်ရန် စေခိုင်းသူများမှာ NLD ပါတီမှ မြတ်မင်းသူ (၂၀၁၅ ခုနှစ် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် မဲဆန္ဒနယ်၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်ဟောင်း) နှင့် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ မကေနှင့် NLD ပါတီမှ ဖြိုးဇေယျာသော် (၂၀၁၅ ခုနှစ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း) တို့ဖြစ် ကြောင်း သိရှိရသည်။

သို့ဖြစ်၍ တာဝန်သိပြည်သူ များ၏ ပူးပေါင်းဆောင်ရွက်မှု ကြောင့် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကို ထိခိုက်ပျက်ပြား အောင် အဖျက်အမှောင့်လုပ်ငန်း များ လုပ်ဆောင်ပြီး အပြစ်မဲ့ ပြည်သူများကို လုပ်ကြံသတ်ဖြတ် နေသော လှိုင်သာယာမြို့နယ် PDF အဖွဲ့ဝင် ၁၁ ဦး၊ ထန်းတပင် မြို့နယ် PDF အဖွဲ့ဝင် ငါးဦး၊ ကွမ်းခြံကုန်းမြို့နယ် PDF အဖွဲ့ဝင် ခြောက်ဦး၊ စမ်းချောင်း/ လှိုင် မြို့နယ် PDF အဖွဲ့ဝင် ခြောက်ဦး၊ သဃ်န်းကျွန်းမြို့နယ် PDF အဖွဲ့ဝင် သုံးဦးနှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် PDF အဖွဲ့ဝင် ခုနစ်ဦး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် PDF အဖွဲ့ဝင် သုံးဦး၊ စုစုပေါင်း ၄၁ ဦးတို့အား ပွိုင့်-၂၂ သေနတ် တစ်လက်၊ ပစ္စတို လေးလက်၊ ကျည်အိမ် ငါးခု၊ ကျည်မျိုးစုံ ၃၂၉ တောင့်၊ လက်လုပ်သေနတ် တစ်လက်၊ ပြုလုပ်ဆဲ လက်လုပ်သေနတ် ၂၅ လက်၊ လက်ပစ်ဗုံး သုံးလုံး၊ လက်လုပ်မိုင်းမျိုးစုံ ၈၁ လုံး၊ အသံဗုံး ၁၁ လုံး၊ ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများနှင့် အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

အထက်ပါ ဖမ်းဆီးရမိတရားခံ များအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူ များကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြ ရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှား သွားလာနေထိုင်မှု သတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက် စွာ သတင်းပေး တိုင်ကြားနိုင် ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန် စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့် ပေးမည်ဖြစ်ကြောင်းနှင့် မြို့ရွာ များ အမြန်ဆုံးအေးချမ်းတည်ငြိမ် ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက် နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**


ကွမ်းခြံကုန်းမြို့နယ် အင်္ဂလုံးကျေးရွာအနီး ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ ဖမ်းဆီးရမိသည်ကို တွေ့ရစဉ်။


ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၉၀)ရပ်ကွက်၌ အကြမ်းဖက်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ကို ဖမ်းဆီးရမိစဉ်။

## ပဲခူးမြို့နယ် ကလိချောင်း သဘာဝရေပြင်အတွင်း ငါးမျိုးများစိုက်ထည့်

**ပဲခူး ဩဂုတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သဘာဝရေပြင် မြစ်ချောင်း အင်းအိုင် ငါးသယံဇာတများ တိုးပွားလာစေရေး၊ ငါးရိက္ခာဖူလုံစေရေး၊ ငါးစားသုံးမှု မြင့်မားလာစေရေးအတွက် ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော ပဲခူးမြို့နယ်ရှိ ကလိချောင်းသဘာဝ ရေပြင်အတွင်းသို့ ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များနှင့်အညီ ကျင်းပခဲ့သည်။




အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးဌာနမှူး၊ မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကလိချောင်း သဘာဝရေပြင်အတွင်းသို့ ပဲခူး ငါးလုပ်ငန်းစခန်းမှ နှစ်လက်မ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၂၀၀၀၀၀၊ ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀၊ ငါးခုံးမ ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၃၅၀၀၀၀ တို့ကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




## ကွမ်းခြံကုန်းမြို့နယ် ကွမ်းခြံကုန်းချောင်း သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**ကွမ်းခြံကုန်း ဩဂုတ် ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကွမ်းခြံကုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ရေရှည်စဉ်ဆက်မပြတ် ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ငါးရိက္ခာ ဖူလုံစေရန်နှင့် ငါးသယံဇာတများ တိုးပွားလာစေရန် ရည်ရွယ်၍ ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာ ကွမ်းခြံကုန်းချောင်း သဘာဝရေပြင်အတွင်းသို့ ဩဂုတ် ၂၅ ရက် နံနက်က ငါးမျိုးစိုက်သည့် အခမ်းအနား ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်ရွှေနှင့် တာဝန်ရှိသူများတက်ရောက်ပြီးလှော်ကား ငါးလုပ်ငန်းစခန်းနှင့်လေးဒေါင့်ကန် ငါးလုပ်ငန်းစခန်းတို့မှ နှစ်လက်မအရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၇၀၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မောင်တောမြို့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုးအလွတ် အလုံး ၁၅၀ ရောက်ရှိ

**မောင်တော ဩဂုတ် ၂၈**

ရခိုင်ပြည်နယ် မောင်တောမြို့ ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်နှင့် အရေးပေါ် အောက်ဆီဂျင် လိုအပ်သည့် လူနာများအသုံးပြုနိုင်ရန်အတွက် မှာယူထားသည့် အောက်ဆီဂျင်အိုးအလွတ်များကို တင်ဆောင်လာသည့် မော်တော်ယာဉ်မှာ ဩဂုတ် ၂၇ ရက်က ဆေးရုံသို့ ရောက်ရှိလာသည်။

မောင်တောမြို့နယ်အတွင်းမှ လူနာများ အောက်ဆီဂျင်ပြတ်လပ်မှု မရှိစေရေးအတွက် မောင်တောမြို့နေ ပြည်သူများနှင့် စေတနာရှင် အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် အဆိုပါ အောက်ဆီဂျင်အိုးများကို ဝယ်ယူထားခြင်းဖြစ်ကာ အောက်ဆီဂျင်အိုးများမှာ လီတာ ၄၀ ဆံ့ အိုးအလွတ်များဖြစ်ပြီး အလုံးရေ ၁၅၀ ဖြစ်ကြောင်းနှင့် ဆက်စပ်ပစ္စည်းများလည်း ပါဝင်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ဝက်ထီးကန်မြို့နယ် မြောက်နဝင်းဆည် အတွင်းသို့ ငါးမျိုးများစိုက်ထည့်

**ဝက်ထီးကန် ဩဂုတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတ ပေါကြွယ်ဝစေရေး၊ ငါးရိက္ခာဖူလုံစေရေး၊ ဒေသတွင်းရေလုပ်သားများ အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ သဘာဝမြစ်ချောင်း အင်းအိုင်ဆည်တမံကန်များတွင် ငါးမျိုးများ စိုက်ထည့်လျက်ရှိရာ အုတ်ဖိုငါးလုပ်ငန်းစခန်းမှ ပြည်ခရိုင် ဝက်ထီးကန်မြို့နယ် မြောက်နဝင်းဆည်အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်း ၆၀၀၀၀ နှင့် ငါးခုံးမကြီး ၆၀၀၀၀ စုစုပေါင်းကောင်ရေ ၁၂၀၀၀၀ ကို ဩဂုတ် ၂၇ ရက်က ငါးမျိုးစိုက်ထည့်ပေးသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ ပြည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်နှင့် ဝန်ထမ်းများ၊ ခရိုင်ငါးမျိုးစိုက်ထည့်ရေး ကြီးကြပ်ကွပ်ကဲရေးအဖွဲ့ဝင်များ၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ပြီး ငါးမျိုးများ စိုက်ထည့်ပေးကြောင်း သိရသည်။ **သတင်းစဉ်**

## ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၇ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၄၅ စီး၊ သွင်းကုန် ၁၁ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၄၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၄၅၅ သန်း တန်ဖိုးရှိ တရားဝင် စာရွက်စာတမ်း တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Lipo (35 PKgs) ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

> **သစ်ပင်နည်းလာ၊ တို့ကမ္ဘာ**
> **လွန်စွာပူအေး၊ ဥတုဘေး**

## လွိုင်လင်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၈ ဘီလီယံကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၈ ဘီလီယံကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၆ ရက် မွန်းလွဲ ၁ နာရီခန့်က လွိုင်လင်မြို့နယ် လွိုင်လင်-တောင်ကြီး ကားလမ်း ဟိုတင့်ကျေးရွာအနီးတွင် လွိုင်လင်မှ တောင်ကြီးသို့ ယာဉ်မောင်း စိုင်းလောဝ်လိုင်း (ခ)အိုက်လောဝ် (၄၁ နှစ်)မောင်းနှင်ပြီး စိုင်းလိန်(ခ) အိုက်လိန်(၂၀ နှစ်) လိုက်ပါလာသည့် ၁၂ ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ် ၁ ဒသမ ၈ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၅၃ ဒသမ ၉၉ ကီလို၊ အိုက်စ် (မက်သ်အဖက်တမင်း) ၅၀ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်များအရ မွန်းလွဲ ၂ နာရီခွဲခန့်တွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းဆောင်ရွက်သူများ ဖြစ်ကြသည့် ကျင်းထန် (ခ) ရှီကျင်းထန် (၂၇ နှစ်)၊ ရန်ကျိုးဝေ(ခ)အားဝေ (၂၁ နှစ်)တို့ကို တိုယိုတာဟိုင်းလပ် မော်တော်ယာဉ်နှင့်အတူ တောင်ကြီးမြို့နယ် ၄ မိုင် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူ ထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့် ပြစ်မှုကျူးလွန်သူများကို တွေ့ရစဉ်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၀ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ကမ္ဘာအေးစွန်းလွန်းဂူကျောင်း ကမ္မဋ္ဌာန်းတိုက်
## ပဓာန နာယက ဆရာတော်ဦးဝရ
## သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၂)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်နေ ခမည်းတော်စည်သူဦးပိုင် ICS(retal.)–မယ်တော်ဒေါ်ဥယျာဉ်တို့၏သားတော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ဦးလွန်းမောင်လမ်း၊ ကမ္ဘာအေးစွန်းလွန်းဂူကျောင်း၊ ကမ္မဋ္ဌာန်းတိုက်နှင့် ကမ္ဘာအေးစွန်းလွန်ဂူကျောင်း ကမ္မဋ္ဌာန်းတိုက်၏ တိုက်ခွဲများဖြစ်သော ကျောက်ပန်းတောင်း၊ မိုးကုတ်၊ မေမြို့၊ စွန်းလွန်းဂူကျောင်း၊ ကမ္မဋ္ဌာန်းတိုက် တို့၏ဦးစီးပဓာန နာယက ဆရာတော် ဦးဝရသည် (၁၃၈၃ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၄)ရက်)၊ ၂၆–၈–၂၀၂၂ရက်၊ (ကြာသပတေးနေ့) ည၁၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပြီးဖြစ်ပါ၍ ကျန်ရှိသော ဥတုဇရုပ်ကလပ်တော်ကို (၁၃၈၃ခုနှစ် ဝါခေါင်လပြည့်ကျော်(၆)ရက်) ၂၈–၈–၂၀၂၂ရက် (စနေနေ့)တွင် ကမ္ဘာအေးစွန်းလွန်းဂူကျောင်း ကမ္မဋ္ဌာန်းတိုက်၏ အစဉ်အလာအတိုင်း သင်္ဂြိုဟ်ပြီးစီးပါကြောင်း ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအပ်ပါသည်။

**ပဋ္ဌိပတ္တိသာသနနုဂ္ဂဟအဖွဲ့**
**ကမ္ဘာအေးစွန်းလွန်းဂူကျောင်း ကမ္မဋ္ဌာန်းတိုက်**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါက်တာတင်တင်လှ
## (သရဖူဆေးခန်း)
## အင်းစိန်
## အသက်(၅၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အမှတ်(၂၄၆)၊ မာလာနွယ်(၁)လမ်း (လှိုင်မြစ်လမ်းမပေါ်)နေ ဦးမောင်မောင်ဦး (သရဖူဆေးခန်း)၏ ချစ်လှစွာသောဇနီး၊ (ဦးဘန်စွန်–ဒေါ်လှကြင်)တို့၏သမီးချွေးမ၊ (ဦးဟန်ရွှေ)–ဒေါ်သိန်းတင်တို့၏ ဒုတိယသမီး၊ (ဦးတင်မောင်လေး)–ဒေါ်လှလှသန်း၊ (ဦးသန်းအောင်)–ဒေါက်တာနီနီလှတို့၏ညီမ၊ ဦးထွန်းလွင်–ဒေါက်တာရင်ရင်လှ၊ ဦးတင်မောင်ထွန်း–ဒေါ်မြင့်မြင့်နိုင်၊ ဒေါက်တာမျိုးအောင်–ဒေါ်သီတာထွေး၊ ဦးစိုးမင်းထွန်း–ဒေါ်သူဇာထွေးတို့၏အစ်မ၊ မောင်သော်ထက်ဇင် (တတိယနှစ်–TU(မှော်ဘီ)၊ မသိမ့်သိမ့်သူ(T.T.C)တို့၏မွေးသမိခင်ကျေးဇူးရှင် ဒေါက်တာတင်တင်လှသည် ၂၆–၈–၂၀၂၂ ရက် (ကြာသပတေးနေ့) ည ၉:၂၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇–၈–၂၀၂၂ ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အများသိစေရန်ကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၈/K) ရပ်ကွက်၊ နတ်မောက်(၅)လမ်း၊ အမှတ်(၁၄၄၄/က)တွင် နေထိုင်သူများဖြစ်ကြသည့် (၁) ဦးကျော်ဇေယျာဦး ၁၂/ဒဂတ(နိုင်)၀၃၉၁၃၀၊ (၂)ဒေါ်ဇင်မာဖြူ ၁၂/ဒဂတ(နိုင်)၀၃၉၁၃၁ (၃) ဦးငြိမ်းချမ်းအောင် ၁၂/ဒဂတ(နိုင်)၀၃၉၂၄၄ တို့သည် ကွယ်လွန်သွားပြီးဖြစ်သော ဦးကျော်အောင်၏ သားသမီးများဖြစ်ကြပါသည်။ ကွယ်လွန်သွားသူ ဦးကျော်အောင်နှင့် ဒေါ်ဖြူဖြူဝင်းရွှေတို့ ပေါင်းသင်းနေထိုင်သွားစဉ်ကာလအတွင်း ဦးကျော်အောင်သည် ၎င်း၏ ပါရင်းပစ္စည်းများကိုအရင်းတည်၍ အကျိုးဖြစ်ထွန်းရရှိခဲ့သော အောက်ဖော်ပြပါ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အမွေပုံပစ္စည်းများအဖြစ် ကျန်ရစ်ခဲ့ပါသည်။

(က) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁၈/K) ရပ်ကွက်၊ နတ်မောက်(၇)လမ်း၊ အမှတ်(၁၂၄၇)ဟုခေါ်တွင်သော ပေ ၄၀ x ပေ ၆၀ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် အခြားအကျိုးခံစားခွင့်အရပ်ရပ်၊

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၅၄)ရပ်ကွက်၊ ပေ ၄၀ x ပေ ၆၀ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် အခြားအကျိုးခံစားခွင့်အရပ်ရပ်၊

အဆိုပါမြေကွက်များသည် ကွယ်လွန်သူဖခင်ဦးကျော်အောင်၏ သားသမီး(၃)ဦးတို့မှ အမွေဆိုင်များအဖြစ် အမွေဆက်ခံအကျိုးခံစားခွင့်ရရှိသူများဖြစ်ကြပါသည်။ အဆိုပါအမွေဆက်ခံခွင့်ရရှိသော ၎င်းမြေကွက် (၂)ကွက်ကို ရောင်းချ၊ ပေးကမ်း၊ စွန့်လွှတ်၊ အာမခံထားရှိခြင်း၊ လှူဒါန်းခြင်းတို့မှစ၍ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းမှုတို့ကို ကွယ်လွန်သူ ဖခင်ဦးကျော်အောင်၏သားသမီး (၃)ဦးတို့၏သဘော တူညီချက်၊ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ တစ်နည်းနည်း ဖြင့် လွှဲပြောင်းမှုပြုလုပ်ဆောင်ရွက်ခွင့်မရှိပါကြောင်း၊ ကန့်ကွက်တားမြစ်ပါကြောင်းနှင့် မည်သူမဆို ဖော်ပြပါမြေကွက်များကို တစ်နည်းနည်းလွှဲပြောင်းခြင်း၊ လွှဲပြောင်းမှုကို လက်ခံခြင်းများဆောင်ရွက်ပါလျှင် ပေါ်ပေါက်လာမည့်ပြဿနာကိစ္စရပ်များအတွက် သင်တို့၏အပေါ် တာဝန်ကျရောက်စေမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကွယ်လွန်သူ ဦးကျော်အောင်၏သားသမီး(၃)ဦးတို့၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသက်နိုင်ထွန်း**
**LL.B,D.B.L,DIPL,BDS အထက်တန်းရှေ့နေ(စဉ်–၄၃၆၆၉)**
**အမှတ်(၄၈/၅၀)၊ ပထမထပ်၊ ၃၆ လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း–၀၉–၅၀၀၅၉၆၇**
**Email:thetnainghtoon.law@gmail.com**

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၉)ရပ်ကွက်၊ မင်းရဲကောင်းပုံလမ်း၊ မြေကွက်အမှတ်(၉၅၀)၊ မြေအကျယ်အဝန်း(၄၀x၆၀)ပေရှိ ဦးလှထူးအမည်ပေါက် ပါမစ်မြေကွက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော အကျယ်အဝန်း (၂၀x၆၀)ပေရှိမြေကွက် (မြေကွက်ကိုမျက်နှာမူကြည့်လျှင် ဘယ်ဘက်ခြမ်း)ကို ရောင်းချပိုင်ခွင့်ရှိကြောင်းဖြင့် ပြောဆိုဝန်ခံသူ ဦးကျော်မျိုးနိုင်(ခ)ဦးမျိုးနိုင်ဦး ၇/လပတ(နိုင်) ၁၃၃၆၈၄ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနိုင်လင်းဦး ၁၂/လမန(နိုင်)၁၃၄၀၇၄ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**
**ဦးအောင်ဇေယျ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၂၄၅)**
**တိုက်အမှတ်–(B–6)၊အခန်း(၄၀၁)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၇၉၇၇၈၃၅၁၆**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ကမ္ဘာအေးစွန်းလွန်းဂူကျောင်း ကမ္မဋ္ဌာန်းတိုက်
## ပဓာန နာယက ဆရာတော်ဦးဝရ
## သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၂)ဝါ

ရေနံချောင်းမြို့၊ ကျောက်စာဂုံ ဒါယကာ ဦးသန့်ဇင်–ဒေါ်မမကြီး၊ ခြောက်ထပ်ကြီး ဘုရားဒါယကာ ဆာဖိုးသာ–လေဒီသာ(ခ) ဒေါ်ရီတို့၏မြေး၊ စည်သူဦးပိုင် ICS (retal.)– ဒေါ်ဥယျာဉ် တို့၏တတိယသားတော်၊ ဒေါက်တာမျိုးပိုင်–ဒေါ်ခင်မမ၊ ဦးစိုးပိုင်–ဒေါ်စောယုတင့်တို့၏ ညီတော်၊ ဦးကျော်ပိုင်–ဒေါ်အိအိမြတ်တို့၏အစ်ကိုတော် ကမ္ဘာအေးစွန်းလွန်းဂူကျောင်း ကမ္မဋ္ဌာန်းတိုက် ပဓာန နာယက ဆရာတော်ဦးဝရသည် (၁၃၈၃ခုနှစ်၊ ဝါခေါင်လဆုတ်(၄)ရက်)၊ ၂၆–၈–၂၀၂၂ရက်၊ ည၁၁နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအပ်ပါသည်။

**ကျန်ရစ်သူညီအစ်ကို မောင်နှမများ**

## ဦးခင်ငြိမ်း
## ဆ.သ.ရ(ငြိမ်း)
## စာရွေး၊ စာပို့၊ ချောသယ်စာရင်း
## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
## အသက်(၆၈)နှစ်

ရောဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ညောင်ချောင်းကျေးရွာနေ (ဦးလှမောင်–ဒေါ်ကုလားမ)တို့၏သား၊ (ဦးအိ–ဒေါ်တဆုပ်)တို့၏သားသမက်၊ (ဒေါ်အုန်းသန်း)၊ (ဦးစိုးတင့်–ဒေါ်စန်းမြင့်)၊ (ဦးကြင်သိန်း)–ဒေါ်တင်တင်နွဲ့၊ (ဦးကျော်မင်း–ဒေါ်အိစန်း)၊ (ဦးမြင့်စိုး–ဒေါ်မြင့်မြင့်သန်း)၊ (ဦးဇော်ဝင်းထိန်)–ဒေါ်နွယ်နွယ်၊ ဦးလှရွှေ–ဒေါ်ဝေဝေမြင့်၊ ဦးဘုန်းကြွယ်–ဒေါ်ခင်ချိုတို့၏ ညီအစ်ကိုမောင်၊ ဒေါ်မြင့်မြင့်သန်း၏ ချစ်လှစွာသော ခင်ပွန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၂၀၇)၊ အထက်ကြည့်မြင်တိုင်လမ်းနေ ဦးသန်းထိုက်(I.S.M)–ဒေါ်ယဉ်ယဉ်သွယ်၊ ဦးတေဇ–ဒေါ်သင်းသင်းနွဲ့၊ ဦးအောင်မြတ်စိုး–ဒေါ်အေးမိစံ၊ ဗိုလ်မှူးနေဇော်ဟိန်း–ဒေါ်ခိုင်ဝတ်ရည်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး (၇)ယောက်တို့၏ချစ်လှစွာသောဘိုးဘိုးကြီး ဦးခင်ငြိမ်းသည် ၂၇–၈–၂၀၂၂ ရက်(သောကြာနေ့)ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၈–၂၀၂၂ရက် (တနင်္လာနေ့)တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်မေလွင်(ပုလော)
## အထက်တန်းပြ(ငြိမ်း)၊ အထက (၄) ရွှေပြည်သာ
## အသက် (၆၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အမှတ်–၁၈၊ မင်းနန္ဒာအိမ်ရာနေ (ဦးဘသောင်း)–ဒေါ်မြတို့၏သမီး၊ (ဦးအောင်ကြွယ်–ဒေါ်ခင်ရီ)တို့၏သမီးချွေးမ၊ ဦးဇေယျ၏ဇနီး၊ မခင်ကြည်ဖြူ၊ ဗိုလ်ကြီးနေမျိုးဇေယျ–ဒေါက်တာ ခင်သီရိမိုးတို့၏မိခင်၊ မယုယျခင်(ကစ်ကစ်)၏ အဘွားဖြစ်သူ ဒေါ်ခင်မေလွင်သည် ၂၈–၈–၂၀၂၂ရက် (စနေနေ့) နံနက် ၉နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသောကြောင့် ယင်းနေ့ညနေပိုင်းတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးတင်စိုး(ခ)Willy
## IMT CD 12 (1980–81)
## CDC 9569
## အသက် (၆၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ၁၀ မိုင်ကုန်း၊ အောင်စေတီလမ်း၊ အမှတ် (၈၈၂)နေ (ဦးစိုးမြင့်–လေကြောင်းဦးစီး–နော်ဗွီးရာ)တို့၏သားကြီး၊ ဒေါ်မို့မို့စိုး–ဦးမင်းဦးတန်၊ ဒေါ်နွယ်နွယ်စိုး–ဦးလှမြင့်ဦး၊ ဒေါ်လွဲ့လွဲ့စိုး–ဦးတင် မောင်ကြည်၊ ဒေါ်ရီရီစိုး–ဦးတင်မောင်ထွေးတို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ မသိမ့်သဥ္ဇာ၊ မောင်စောကောင်းခန့်မင်း၊ မောင်ဖြိုးပြည့်စုံဟိန်း၊ မောင်မြတ်သုခ၊ မောင်ထူးဝေလင်း၊ မလင်းလက်လက်တို့၏ ချစ်လှစွာသောဘဘကြီးသည် ၃–၈–၂၀၂၂ ရက် (အင်္ဂါနေ့) ည ၈:၃၀ နာရီတွင် သင်္ဃန်းကျွန်းစံပြဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄–၈–၂၀၂၂ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ကြာအင်းကျေးရွာ၊ အမှတ်(418B)၊ ခရွှန်းဘုရားလမ်းတွင် ကျွန်တော် ဦးဇင်ဦးလွင်မှ အောက်ပါအမည်များဖြင့် ရေသန့်ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပါသည်–

(၁) Daily
(၂) သုခနဒီ
(၃) VENUS TOP

အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်တော် ဦးဇင်ဦးလွင်ထံသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဆက်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြော်ငြာနှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက်ဖြင့် ဆက်လက်လျှောက်ထားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**ဦးဇင်ဦးလွင်**
**၁၀/မလမ(နိုင်)၂၃၃၁၈၇**
**ဖုန်း–၀၉–၉၆၀၉၆၀၆၀၈၊ ၀၉–၉၅၀၀၀၀၈၆၈**

## ရွှေညဝါ–ဒိကမ္ဘိက
## ဆရာကြီးဦးမင်းလွင်(ခ)ရွှေညဝါဦးသုန်
## ရွှေရေလယ်ဓမ္မာစရိယ သင်တန်းနည်းပြ
## အသက်(၅၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မေဓာဝီလမ်း၊ ဈ/ ရပ်ကွက်၊ ဇမ္ဗူအေးကျောင်းတိုက်၊ အသောကာရာမ ရွှေဟသာ်ရေလယ် စာသင်တိုက်နေ (ဦးခင်ရွှေ–ဒေါ်ခင်လှ)တို့၏သား ဒေါ်အေးအေးတင့်၏ချစ်လှစွာသောခင်ပွန်း ရွှေညဝါ–ဒိကမ္ဘိကဆရာကြီးဦးမင်းလွင်(ခ)ရွှေညဝါဦးသုန်သည် ၂၇–၈–၂၀၂၂ရက် (သောကြာနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂:၀၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် တပည့် များအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ပဓာနနာယကဆရာတော်နှင့် တပည့်များ**
**အသောကာရာမရွှေဟသာ်ရေလယ်စာသင်တိုက်**

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်းဗိုလ်မှူး စည်သူအောင်၏မိခင် ဒေါ်မြသွင် အသက်(၇၈)နှစ်သည် ၁၃–၈–၂၀၂၂ရက်တွင်လည်းကောင်း၊ သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးနိုင်လင်းစိုး–ဒေါ်တင်မာထွေးတို့၏ဖခင် အုပ်ခွဲတပ်ကြပ်ကြီး စိုးမြင့်(ငြိမ်း) အသက် (၇၅)နှစ်သည် ၁၅–၈– ၂၀၂၂ ရက်တွင်လည်းကောင်း၊ သူငယ်ချင်း ဗိုလ်မှူးတင်မောင်အေး(ငြိမ်း)–ဒေါ်ချိုစုကျော်တို့၏မိခင် ဒေါ်တင်ရှု အသက် (၈၅)နှစ် နှင့် ဖခင်ဦးသန်းညွန့် အသက် (၈၁)နှစ်တို့သည် ၂၄–၈–၂၀၂၂ရက်နှင့် ၂၅–၈–၂၀၂၂ရက်တို့တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း**
**အပတ်စဉ် (၃၈) သူငယ်ချင်း မိသားစုဝင်များ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကိုကိုထွေး
## အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ၊
## လူမှုထူးချွန်ပထမဆင့်
## ဥက္ကဋ္ဌ၊ တော်ဝင်မိသားစုကုမ္ပဏီလီမိတက်
## အသက် (၆၇)နှစ်

သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးသန်း၏ ချစ်လှစွာသောခင်ပွန်း၊ မဝတ်ရည်ထွေး၊ မသီရိထွေးတို့၏ဖခင်ကြီး ဦးကိုကိုထွေး သည် ၂၃–၈–၂၀၂၂ရက် (တနင်္လာနေ့) ည ၉:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ**
**ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နုနုအေး(ခ)ဝတီမြင့် (ချိုမာ)
## ကွန်ပျူတာလုပ်ဆောင်ရေးမှူး(ငြိမ်း)၊
## သစ်တောဦးစီးဌာန
## အသက် (၆၁)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏနေ [ဦးရဲမြင့် (ညွှန်ကြားရေးမှူးချုပ်–ငြိမ်း)၊ သစ်တောဦးစီးဌာန–ဒေါ်ခင်လှမြင့်]တို့၏သမီးကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ စည်ပင်ကျေးရွာနေ (ဦးလန်း)–ဒေါ်ခင်တင့်တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇောတိကအိမ်ရာ၊ တိုက် (၃)၊ အခန်း (၃၀၁)နေ ဦးတင်ထွန်း [ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သစ်တော ဦးစီးဌာန]၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာခိုင်နုထွန်း၊ မောင်ရဲလဒ်ထွန်း၊ မချောနုထွန်းတို့၏ ချစ်လှစွာသောမိခင်၊ ဦးတိုးအောင်မြင့်–ဒေါ်မာလာဟန်တို့၏ညီမ၊ ဦးအောင်အောင်မြင့်၊ (ဒေါက်တာဝါဒူတူးဂျာ)–ဒေါ်ချယ်ရီမြင့် (သစ်တော၊ မဟာအောင်မြေ)၊ ဦးကျော်သာယာမြင့် (ခေတ္တ–ဒူဘိုင်း)– ဒေါက်တာ မိုးမိုးကြည်၊ ဦးရဲမင်းမင်းမြင့်–ဒေါ်ထူးထူးလတ် (Golden Group)၊ ဒေါ်နီနီမြင့်(ဝေ့ဌာနီဆေးရုံ၊ ဘန်ကောက်)၊ ဦးအေးစိုးပိုင်(လ/ထညွှန်မှူး၊ MITV)–ဒေါ်မိုးသီတာမြင့်၊ ဦးမျိုးမင်းမောင် (Telenor Myanmar Ltd.)–ဒေါ်သန္တာရဲမြင့် (Lotte Hotel)၊ ဒေါက်တာ လင်းမင်းမင်းမြင့် (KMITL, Thailand)–ဒေါ်ထွေးထွေးငြိမ်းတို့၏အစ်မကြီး၊ တူ/တူမ ၁၂ ယောက်တို့၏အဒေါ်သည် ၂၇–၈–၂၀၂၂ရက် (သောကြာနေ့) ညနေ ၃:၄၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၈–၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်၊ မီးရထားတိုက်တန်း ၆၂လမ်း၊ ၁၁၃ လမ်းနေ ဦးသန်းနိုင် ၉/သစန(နိုင်)၀၀၈၉၅၁–ဒေါ်စန္ဒာအောင် ၁/မကန(နိုင်)၀၁၈၆၄၅တို့၏သား မောင်အောင်မြတ်သူ ၉/ခမစ(နိုင်)၀၄၇၁၆၉သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက် သည့်ကိစ္စမှန်သမျှ ကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ **ဦးသန်းနိုင်–ဒေါ်စန္ဒာအောင်**

## ကန့်ကွက်နိုင်ပါကြောင်း

ပင်းတယမြို့၊ ဈေးတန်းရပ်ကွက်ရှိ အကွက်အမှတ် (၁၁)၊ မြေကွက်အမှတ် (၅၃၊ ဦးပိုင်အမှတ် ၅၇/၁)၊ ဧရိယာ ၀ဒသမ ၂၆၈ဧကရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံသည် ဦးအေးကျော်၊ ဒေါ်ခင်လေးဖြူ၊ ဒေါ်ချိုချိုအေး၊ ဒေါ်နီနီအေး၊ ဦးဝင်းထင်၊ ဒေါ်ရီရီမြင့်၊ ဒေါ်သန့်သန့်စင်အပါအဝင် ခုနစ်ဦးအမည်ဖြင့် နှစ် ၃၀ မြေငှားဂရန်အမှတ် (၆၂/၂၀၀၁)ဖြင့် ရရှိထားပြီးဖြစ်ပါသည်။ အဒေါ်ဖြစ်သူ ဒေါ်ခင်လေးဖြူသည် ၇–၈–၂၀၂၀ရက်တွင် ကွယ်လွန်ခဲ့ပြီး မူရင်းမြေငှားဂရန်နှင့် စာရွက်စာတမ်းမှာ ပျောက်ဆုံးနေကြောင်း သိရှိရပါသည်။ ၎င်းဒေါ်ခင်လေးဖြူ (ပါ) ခုနစ်ဦးအမည်ပေါက် မြေငှားဂရန်နှင့် စာရွက်စာတမ်းမှာ အမှန်တကယ်ပျောက်ဆုံးသွားပါ သဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ၁၅ ရက်အတွင်း အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချိုချိုအေး၊ ဒေါ်နီနီအေး၊ ဦးဝင်းထင်၊ ဒေါ်ရီရီမြင့်၊ ဒေါ်သန့်သန့်စင်**
**ဈေးတန်းရပ်–ပင်းတယမြို့၊ ဖုန်း–၀၉–၂၅၈၀၇၆၅၃၇**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ဩဂုတ် ၂၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉၃၂ ဦး တွေ့ရှိ

**ထပ်မံသေဆုံးသူ ၁၀၉ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၅၀၇၇ ဦးရှိ**

(၂၈-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊

*စာမျက်နှာ ၁၅ ကော်လံ ၁* ❐



ညီညီထွန်း၊ ပိုင်စိုးမိုး၊ ဟိန်းရူပါအောင်၊ ဇော်ဇော်မိုး၊ မျိုးမင်းတို့ကို အကြမ်းဖက်ရာတွင်အသုံးပြုသည့် လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့ဝင်များအား ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၈**

အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၉ ရက်တွင် လုံခြုံရေး ပူးပေါင်းအဖွဲ့သည် ဆူပူမှုဖြစ်ပွားစေရန် လှုံ့ဆော်သူ စာမျက်နှာပေါ်၌ ရေးသားလှုံ့ဆော်သူ ဇော်နိုင်ဦး ကို အတွင်းပဒံကျေးရွာ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဇော်နိုင်ဦး၏ ထွက်ဆိုချက်အရ ဩဂုတ် ၁၀ ရက်တွင် ထန်းတပင်မြို့နယ် အစုကြီးကျေးရွာ၌ ရဲထွန်းတောက်နှင့် ကြည်ပြာဝင်းတို့ နှစ်ဦးကို လည်းကောင်း၊ ဩဂုတ် ၁၁ ရက်တွင် လှိုင်သာယာ (အရှေ့ပိုင်း)

*စာမျက်နှာ ၂၆ ကော်လံ ၁* ❖

## ယနေ့ မာတိကာ

**မန်စီးတီးကို အာဆင်နယ် ဂိုးပြတ်ရှုံးနိမ့်**

စာ ၁၈



**လှိုင်လင်မြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၈ ဘီလီယံကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ**

စာ ၂၈



# ဂျူဗင်တပ်စ်မှ စီရော်နယ်ဒိုကို ပြန်လည်ခေါ်ယူရန် မန်ယူအသင်း သဘောတူညီမှုရရှိပြီ

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် စီးရီးအေကလပ် ဂျူဗင်တပ်စ်အသင်းမှ ခရစ္စတီယာနို ရော်နယ်ဒိုကို ပြန်လည်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ၎င်းသည် ၂၀၀၉ ခုနှစ်တွင် ရီးရဲမက်ဒရစ်အသင်းသို့ မပြောင်းရွှေ့မီ အိုးထရက်ဖို့ဒ်တွင် ပြိုင်ပွဲစုံ ၂၉၂ ပွဲ ပါဝင်ကစားထားပြီး ၁၁၈ ဂိုး သွင်းယူပေးထားသည်။

မန်ယူအသင်းအနေဖြင့် ထိုသို့ထုတ်ပြန်မကြေညာမီတွင် မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းက စီရော်နယ်ဒိုကို ခေါ်ယူရန် ချဉ်းကပ်လုပ်ဆောင်လျက်ရှိကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

*စာမျက်နှာ ၁၈ ကော်လံ ၃* ❍

စီရော်နယ်ဒို

